# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ကဆုန်လဆန်း (၁၁) ရက် ၊ စနေနေ့ ၊ (18-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပိုလ်တထောင်မြို့နယ်ရှိ ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တွင် ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်

စာမျက်နှာ - ၁၁


## ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ လေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲကျင်းပ

စာမျက်နှာ - ၁၇

## မန္တလေးစည်ပင်နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်အတွင်း စည်းကမ်းမဲ့ရပ်နားထားသော တွဲကားများကို ရှောင်တခင် စစ်ဆေးအရေးယူမည်

စာမျက်နှာ - ၂

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့်လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ သင်တန်းဆင်းပွဲများပြုလုပ်



၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် မေ ၁၇**

ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော် အနာဂတ် (လေ)က

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




# သာစည်မြို့နယ် မန်ကျည်းရိုးကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Shwe Bank နှင့် ပူးပေါင်း၍ မန်ကျည်းရိုးကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် Shwe Bank မှတာဝန်ရှိသူများက Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက Mobile Financial Payment စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်ရိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၇၇ လမ်း၊ ၃၁ လမ်းထောင့်နေ ဒေါ်တင်နှမိသားစုက ဦးသာအောင်အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၅၉၈၀ စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၅၉၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၅၅၇၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၅၉၈၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အင်းတော်မြို့နယ်အတွင်း စပါးဧက ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မိုးစပါးကို ဆည်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်ရေနဲ့ စိုက်ပျိုးသွားမှာပါ။ အများစုက မိုးကောင်းသောက်ရေနဲ့စိုက်ပျိုးကြတာပါ။ မိုးကောင်းသောက်ကတော့ မိုးအခြေအနေကြည့်ပြီး စိုက်ပျိုးကြတာပါ။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ စပါးစိုက်ပျိုးရာမှာ အထွက်ကောင်းမျိုးတွေ စိုက်ပျိုးဖို့၊ အချိန်မီစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့ ဆောင်ရွက်ပေးမယ်။ စပါးအရည်အသွေးကောင်းတွေ ထွက်ရှိဖို့အတွက် အဓိကထားဆောင်ရွက်သွားမယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ပြီး မိုးစပါးစိုက်ပျိုးရာတွင် ဆင်းကေရီ (၃)၊ ရောမင်း၊ လုံးသွယ်မွှေးနှင့် ဒေသမျိုးများကို စိုက်ပျိုးကြကာ ဆင်းကေရီ(၃)ကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

အင်းတော်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း ပညာပေးခြင်း၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ် ရွာလုကျေးရွာ၌ မြေသားရေကန်တူးဖော်ပြီးစီးမှု စစ်ဆေး

**ကျောက်ပန်းတောင်း မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့် ရွာလုကျေးရွာအုပ်စု ရွာလုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို မေ ၁၆ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ ရွာလုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက မြေသားရေကန်ရေရှည်တည်တံ့စေရေးနှင့် ကျွဲ၊ နွားများဝင်ရောက်ခြင်းမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ရွာလုကျေးရွာ၌ အလျား ပေ ၂၀၀၊ အနံ ပေ ၁၀၀၊ အမြင့် ရှစ်ပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် ဧပြီ ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ပြောပြ၍ သိရသည်။ **ငင်မာ**

# ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံစုံ ၂၈၀၅၂ ဧက ရိတ်သိမ်းပြီးစီး

**ကျုံပျော် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆီထွက်သီးနှံစုံ ၂၈၀၅၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံစုံ ၂၈၀၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သောဆီထွက်သီးနှံများကို ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ၁၃ ဒသမ ၈၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီက ကျုံပျော်ခရိုင်မှာ ဆီထွက်သီးနှံစုံ ၂၈၀၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ဆီထွက်သီးနှံစုံအားလုံး ရိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ရိတ်သိမ်းပြီးဖြစ်တဲ့ ဆီထွက်သီးနှံတွေ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် အခုလို ရာနှုန်းပြည့်စိုက်ပျိုးနိုင်တာဖြစ်ပါတယ်။ ဆောင်းဆီထွက်သီးနှံတွေထဲမှာ နေကြာကို အများဆုံးစိုက်ပျိုးခဲ့ပါတယ်။ ဒုတိယအများဆုံးက မြေပဲပါ"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်ခရိုင်၌ ဆီထွက်သီးနှံစုံ ၂၈၀၅၂ ဧကတွင် မြေပဲ ၅၄၀၉ ဧက၊ နှမ်း ၅၂၃ ဧက၊ နေကြာ ဧက ၂၂၁၂၀ ဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ရွေးချယ်မှု မှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးသင်တန်းပေးခြင်း၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များ မှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကိုကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**



# လက်တွေ့အသုံးချ ဆေးနည်းတို(ဆေးမြီးတို)များ (၂၀၁)

## ကြည်လွင်မြင့်(မုဒြာ)

**မေး။ ။ သမီးအမျိုးသားရဲ့ခြေဖဝါးက အမြဲတမ်းကွဲနေပါတယ်။ အေးတဲ့ရာသီဆိုရင် ပိုဆိုးပါတယ်။ သွေးတွေလဲထွက်နေပါတယ်။ အသက် ၂၉ နှစ်ပါ။ ရေနဲ့ခြေထောက်ထိတာများပါတယ်။ အသီးအရွက်သစ်သီးဝလံတွေလဲ မစားပါဘူး။ ပဲ၊ အားလူး၊ အသားတွေပဲ အစားများပါတယ်။ ဆေးနည်းနဲ့ နေထိုင်စားသောက်ပုံ ပြောပြပေးပါ ဆရာကြီးရှင့်။ အလုပ်အကိုင်ပျက်လောက်အောင် အမြဲနာနေပြီး လမ်းမလျှောက်နိုင်လို့ပါ။ ဆရာကြီး ကျန်းမာချမ်းသာပါစေရှင့်။**

ဖြေ။ ။ခြေဖနောင့်ကွဲနာ၊ ခြေဖဝါးကွဲနာဖြစ်ရင် ခြေဖနောင့်နှစ်ဖက်ကို တမာရွက်ပြုတ်ရည်စိမ်ပါ။ ထောပတ်နဲ့ ပျားရည်ရောစပ်လိမ်းပါ။ တစ်နည်း သင်္ဘောရိုးအညာကထွက်တဲ့အစေးကိုယူပြီး အုန်းဆီနဲ့ရောစပ်လိမ်းပါ။ မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီကို မီးနဲ့နွေးပြီး ခြေသလုံးနဲ့ ဖနောင့်မှာ ညအိပ်ရာဝင် လိမ်းအိပ်ပါ။ ငှက်ပျောခွံအတွင်းက အမြှေးနဲ့ ဖနောင့်ကိုပွတ်ပါ။

**မေး။ ။ဆရာကြီးဆီမှာ မိသားစုဝင်တွေလာရောက်ဆေးကုသဖူးပါတယ်။ လိုအပ်တာလေးတွေကိုလဲ အမြဲမေးနေကျပါရှင့်။ အမြဲတမ်းသေချာလေးဖြေကြားပေးလို့ ကျေးဇူးအထူးပါရှင့်။ အခုတစ်ခါ မေးမြန်းချင်တာက သည်းခြေကျောက်အတွက်ပါ။ သည်းခြေကျောက်အတွက် ဆောင်ရန်၊ ရှောင်ရန် အစားအစာနဲ့အနေအထိုင်တွေကို ပြောပြပေးစေလိုပါတယ်ရှင့်။ ခွဲစိတ်တာမရှိဘဲ ကျောက်ကြေအောင်မှီဝဲရမဲ့ ဓာတ်စာလေးတွေရှိရင် ပြောပြပေးစေချင်ပါတယ်ရှင့်။ သည်းခြေမှာကျောက်တည်တာနဲ့ ဝါးနာဝေဒနာစပ်ဆက်မှုရှိပါသလားရှင့်။ ကျေးဇူးပြုပြီး ဖြေကြားပေးပါ ဆရာကြီးရှင့်။**

ဖြေ။ ။သည်းခြေကျောက်တည်ရင် အုန်းစိမ်း(အုန်းသီးအနု)ထိပ်ကဖွင့်ပြီး ကျောက်ချဉ်အခဲသေးသေး(ရွှေးစေ့လောက်)ထည့်ပြီး ခေတ္တစောင့်ပါ။ ပြီးရင် မသွန်ဘဲပိုက်နဲ့စုပ်သောက်ပါ။ နေ့စဉ် ၁၄ ရက်ဆက်သောက်ရပါမယ်။ ကောက်ရိုးခြောက် အဝါရောင်ကို ပြုတ်သောက် ဒါမှမဟုတ် လက်ဖက်ခြောက်လိုရေနွေးအိုးမှာ ခတ်သောက်ရင် သည်းခြေကျောက်ကျပါတယ်။ ပေပင်က ပေရွက်ကိုပြုတ်ပြီး နေ့စဉ်မတ်ခွက်တစ်လုံးစာ သောက်ပေးပါက သည်းခြေကျောက်ကျပါတယ်။

**မေး။ ။ညာလက်တစ်ဖက်က ညညဆို ထုံနေပါတယ်ရှင့်။ တစ်နေကုန်ပင်ပန်းတစ်ရလောက်ကိုင်ရင်လဲ အစနှံမသင့်ရင် ကျဉ်ကျဉ်သွားလို့ပါရှင့်။ လေဖြတ်နိုင်လားသိပါရစေ။ သတိထားမိတာ သုံးလလောက်တော့ရှိပါပြီ။ ဘာဆေးစားရမလဲရှင့်။**

ဖြေ။ ။ထုံကျဉ်လေငန်းဖြစ်ချင်နေရင် ဆင်တုံးမနွယ်ပါတဲ့ မြန်မာဆေးတစ်မျိုးမျိုးကိုဝယ်စားပါ။ ဒါမှမဟုတ် ဆင်တုံးမနွယ်အမှုန့်ကြိတ်ပြီးသား (ပရဆေးဆိုင်က ဝယ်ယူပြီး)ပျားရည်နဲ့ရောမွှေ တေထားပါ။ ဖန်ပုလင်းမှာထည့်အပေါ်က နှမ်းဆီထည့်ပြီးအုပ်ထားပါ။ မနက်၊ ည ကော်ဖီဇွန်းသေးနဲ့ တစ်ဇွန်း စားပေးပါ။ ပုလင်းကို တစ်ပတ်တစ်ခါနေရောင်ပြပေးပါ။ ဆင်တုံးမနွယ်က အကြောလေလျှောက်ဆေးဖြစ်ပါတယ်။

**မေး။ ။ဆရာကြီးရှင့် သားက ဧင်္ကာပူမှာ Ocean Cargo Officer လုပ်နေပါတယ်။ သူ့အလုပ်က သင်္ဘောပေါ်မှာ သုံးရက်လုပ်ရပြီး အိမ်မှာ သုံးရက်ပြန်နားရပါတယ်။ သားက တစ်လတစ်ကြိမ်လောက် အပူလျှပ်များတတ်ပါတယ်။ ဧင်္ကာပူက ဆေးခန်းပြ ဆေးသောက်တော့ ပိုးသတ်ဆေးတွေပါလို့ ပြင်းပါတယ်။ အခုလဲ ဖျားပြီးနာစေးချောင်းဆိုးကျန်နေတယ်။ ကိုယ်တွင်းအဖျားကျန်ကျန်နေတော့ မကြာမကြာ ပြန်ဖျားတယ်လို့ထင်ပါတယ်။ တစ်ယောက်တည်းနေတော့ သူနေမကောင်းတာသိရရင် တအားစိတ်ပူစိတ်မကောင်းဖြစ်ရပါတယ်။ မြန်မာနိုင်ငံကထည့်ပေးလိုက်တဲ့ အရိုးထုတ်ဆေးသောက်တော့ အပူကြွပြီး လည်ချောင်းနာ သွားကိုက်ဖြစ်ပြန်တယ်။ ရှိန်းနီအလုံးလေးတွေလဲ ထည့်ပေးလိုက်ပါတယ်။ တည့်၊ မတည့်မသိလို့မသောက်ရဲသေးပါ။ ဘယ်လိုဆေးမျိုးသင့်တယ်ဆိုတာ ညွှန်ပြပေးပါရှင့်။**

ဖြေ။ ။အပူငုပ်နေပြီး ပြန်ပြန်ဖျားနေတာနေမှာပါ။ ကွမ်းရွက်အခြောက် ထည့်ပေးလိုက်ပါ။ ဓာတ်ဘူးထဲမှာ လက်ဖက်ခြောက်ထည့်သလို နှပ်ပြီး တစ်နေ့ တစ်ဘူးသောက်ပါ။ အပူကျအောင် လေပူကျဆေးဝယ်ထည့်ပေးလိုက်ပါ။ မရရင် ဒီကပို့ပေးမယ်ပြန်ပြောပါ။ ကိုယ်ခံအားမနည်းအောင် နနွင်းမှုန့်စစ်စစ်ပို့ထားပါ။ ညအိပ်ရာဝင် နွားနို့ပူပူတစ်ခွက်မှာ နနွင်းမှုန့်ကော်ဖီဇွန်းသေးတစ်ဇွန်းထည့်ဖျော်သောက်ပါလို့ပြောပါ။ နနွင်းစစ်စစ်က အဖျားလဲ ကာကွယ်ပါတယ်။ လည်ချောင်းနာသက်သာအောင် ညအိပ်ရာဝင် ဒူးအထက်ကနေအောက် ရေအေးလောင်း ခြေဆေးခိုင်းပါ။ ဆားတစ်ဇွန်းရေနွေးမတ်ခွက်တစ်လုံးမှာဖျော်ပြီး ခပ်နွေးနွေးအာလုတ်ကျင်းခိုင်းပါ။

**မေး။ ။ဆရာ ကျွန်တော်က ရန်ကုန်ကပါ။ အိမ်ကသမီးလေး ရေကျောက်ပေါက်နေလို့ပါ။ အသက်က သုံးနှစ်နဲ့လေးလပါ။ ရန်ကုန်ကနေ ဆရာ့ဆီထိလာဖို့ကအဆင်မပြေလို့ ဘာဆေးသုံးရင်အဆင်ပြေမလဲလို့ ဆရာ့ကိုလှမ်းမေးတာပါ။ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ ဆရာ။**

ဖြေ။ ။ရေကျောက်ပေါက်ရင် မိုးနံ့ရွက်ကိုအရည်ညှစ်လိမ်းပေးပါ။ အရည်ကို အနည်းငယ်တိုက်ပေးပါ။ မရရင် ကွမ်းရွက်အရည်ညှစ်လိမ်းပါ။ ကွမ်းရွက်နဲ့ထန်းလျက် ရောကျိုတိုက်ပါ။ သနပ်ခါးအမြစ်ကို သံပရာရည်နဲ့သွေးလိမ်းပါ။ လိမ်းပေးရင် အနာတွေသက်သာပါတယ်။ ဖရဲသီးမှည့်များများကျွေးပါ။ သုံးရက်ကျော်ရင် အုန်းသီးအနု အုန်းစိမ်းရည်တိုက်ပြီးရေချိုးပေးပါ။

**မေး။ ။ဆားနှင်းတာရဲ့အကျိုးကျေးဇူးတွေကို သိလိုပါတယ်။ ဆားက မီးဖိုချောင်သုံးဆားလား၊ ဆားကြမ်းလား သိလိုပါတယ်။**

ဖြေ။ ။ဆားနှင်းတာက အလွန်အကျိုးများပါတယ်။ ဆားကြမ်းကော၊ အိမ်သုံးဆား၊ မီးဖိုချောင်သုံးဆားပါ လွယ်ရာရရာ သုံးစွဲနိုင်ပါတယ်။မနက်ရေမချိုးခင်၊ ညအိပ်ရာမဝင်ခင် တစ်နေ့နှစ်ကြိမ်နှင်းလို့ရပါတယ်။ ဆားမနှင်းခင်ခြေထောက်ကို ဒူးအထက်ကနေအောက်ရေလောင်းခြေဆေးပြီးမှနှင်းပါ။ ဆားနှင်းပြီးရင်လဲ ခြေထောက်ကိုရေပြန်ဆေးရပါမယ်။ ဒါမှ အခိုးတွေကုန်အောင်ထွက်မှာပါ။

**ဆားနှင်းခြင်းအကျိုး**

(၁) မလိုအပ်တဲ့ အပူအောင်းနေတဲ့ အခိုးအငွေ့တွေ ခြေဖဝါးကနေတစ်ဆင့် ထွက်သွားနိုင်ပါတယ်။



ဆေးဖက်ဝင်ဆားကြမ်းကို တွေ့ရစဉ်။

(၂) ကျောက်ကပ်မှာ အပူခိုတာကနေ ကာကွယ်ပြီး ဆီးလမ်းကြောင်းကိုလဲ အကျိုးပြုပါတယ်။

(၃) ကြာကြာနင်းရင် ခါးကအပူတွေဆင်းပြီး ခါးနာသက်သာစေနိုင်ပါတယ်။

(၄) အထိုင်များသူ၊ ကားမောင်းများသူတွေအတွက် အညောင်းရောဂါ၊ အကြောပိတ်အကြောတင်းတာတွေကနေ ကာကွယ်နိုင်ပါတယ်။

(၅) မျက်စိအာရုံစိုက်ရသူတွေ၊ မျက်မှန်တပ်ရသူတွေအတွက် မျက်စိကြည်စေပြီး စွဲမြဲလုပ်ရင် မျက်စိဒီဂရီကျပြီး မျက်မှန်လွတ်စေနိုင်ပါတယ်။

(၆) ဆံပင်ကျွတ်တာတွေ၊ ဆံပင်ပါးတာတွေ၊ ဆံပင်နှစ်ခွဖြစ်တာတွေ သက်သာစေပါတယ်။

(၇) ခေါင်းကိုက်၊ မျက်ရိုးကိုက်၊ မျက်ရည်ကျသူတွေ၊ မျက်ရည်လမ်းကြောင်းပိတ်သူတွေအတွက်လဲ အကျိုးရှိစေနိုင်ပါတယ်။

(၈) သားအိမ်လမ်းကြောင်းပိတ်ပြီး သားသမီးမရသူတွေ သားသမီးရစေနိုင်ပါတယ်။

(၉) အမျိုးသား ဆီးကျိတ်ရောဂါရှိသူတွေ ဆီးကျိတ်ကြီးတာကနေ ကာကွယ်နိုင်ပါတယ်။

ဆားနှင်းတာကို မနက်အိပ်ရာထ၊ ညအိပ်ရာဝင် နှစ်ကြိမ်ပြုလုပ်နိုင်ပါတယ်။ ဇလုံထဲမှာ ဆားနှစ်ပိဿာ အနည်းဆုံးထည့်ရပါမယ်။ ပြီးရင်ရေမစိုအောင်အုပ်ထားပါ။ တစ်လလောက်ကြာမှ ဆားအသစ်လဲပေးရင်ရပါတယ်။ (ဆားကြမ်း၊ ဆားချော နှစ်မျိုးလုံးရရာသုံးနိုင်ပါတယ်)။ မိနစ် ၂၀ လောက်နင်းရင်ရပါတယ်။ ကုမရသောခေါင်းကိုက်ရောဂါ၊ ခါးနာရောဂါတွေ ဆားနင်းပြီး ပျောက်ကင်းဖူးပါတယ်။

**မေး။ ။ဆရာရှင့် အပူရှိန်တအားများနေတဲ့အချိန်မှာ ကလေးတချို့ ကိုယ်ပူပြီးတက်သွားတာတွေ တွေ့နေရပါတယ်။ ကိုယ်တအားမပူ၊ မတက်ရအောင် ဘာတွေလုပ်ပေးသင့်ပါသလဲရှင့်။ ဆရာအားတဲ့အချိန်လေးမှာ ပို့စ်လေးနည်းနည်းလေးတင်ပေးပါလားရှင့်။**

ဖြေ။ ။ဆောင်းပါးတင်ပေးပါမယ်။ လောလောဆယ် ကံ့ကော်ဝတ်ဆံတွေရှာထားပါ။ သနပ်ခါးနဲ့ရောသွေးလိမ်းပါ။ ရေသန့်နဲ့သွေးတဲ့သနပ်ခါးကို အနည်းငယ်ကလေးခွံ့ပေးပါ။ ကံ့ကော်ဝတ်ဆံက အပူငြိမ်းစေပါတယ်။

**မေး။ ။ဆရာစင်ဗျား ကျွန်တော့်သားငယ်လေးက အသက် ခုနစ်နှစ်ပါ။ ညအိပ်ရင် သွားကြိတ်ကြိတ်နေလို့ ဘယ်လိုကုသရပါမလဲခင်ဗျား။ သူငယ်နာမကုန်လို့ ဖြစ်တာလို့ ပြောကြတယ်။ ဟုတ်ပါသလား။**

ဖြေ။ ။သွားကြိတ်တာ လေလက္ခဏာလို့ အာယုဗ္ဗေဒကျမ်းတွေက ဆိုပါတယ်။ လေစာတွေ၊ လေပွစာတွေ မကျွေးပါနဲ့။ အဓိကကတော့ အကြော်အလှော်တွေမကျွေးပါနဲ့။ အာလူးကြော်၊ မုန့်ကြွပ်တွေ မကျွေးပါနဲ့။ ပီကေစတဲ့ကြာကြာဝါးရတဲ့အစာတွေ မကျွေးပါနဲ့။ ဖီးကြမ်းငှက်ပျောသီးကို မီးကင်ကျွေးပေးပါ။ အိပ်ရာဝင်ခါနီး ဒူးအထက်ကနေအောက် ရေလောင်းခြေဆေးပေးပါ။

**မေး။ ။ဆရာကြီးရှင့် နေပူထဲကပြန်လာပြီး သံပရာရည်သောက်လို့ရပါသလားရှင့်။ ခေါင်းမူးရင် အမေက သံပရာရည်သောက်လေ့ရှိပါတယ်။ တစ်နေ့က ပင်ခင်သွားထုတ်ပြီးအပြန်မှာ သံပရာရည်သောက်လိုက်ပြီး သတိလစ်သလိုဖြစ်သွားလို့ပါရှင့်။**

ဖြေ။ ။နေပူထဲကပြန်လာပြီး သံပရာရည်မသောက်သင့်ပါ။ အဓိကကတော့ ရေခဲပါရင် ပိုဆိုးပါတယ်။ အချဉ်မှာ အပူချဉ်နဲ့ အအေးချဉ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ သံပရာက အပူချဉ်ပါ။ ရှောက်သီးကတော့ အအေးချဉ်ပါ။ ဒါကြောင့် ဆေးဆရာကြီးတွေ အတော်များများက ရှောက်သီးအရည်ကို ဆေးဖက်ဝင်အဖြစ်ပေးပါတယ်။ ခေါင်းမူးတယ်ဆိုပြီး သံပရာရည်သောက်ရာက ဦးနှောက်သွေးကြောပြတ်သေဆုံးသွားသူတွေ့ရဖူးတယ်လို့ ရှေးကတိုင်းရင်းဆေးဆရာကြီး သွေးတိုး ဦးသန်းမောင်က သူရေးတဲ့သွေးတိုးရောဂါအကြောင်းစာအုပ်မှာ ရေးသားထားတာကို ဖတ်ရှုရဖူးပါတယ်။ သတိပြုဖို့ပါ။

**မေး။ ။လိပ်ခေါင်းသွေးကျရင် အမြန်ရပ်အောင် ဘာဆေးသုံးရမလဲ ဆရာ။**

ဖြေ။ ။ဆားခါးကိုဖျော်ပြီး ပလတ်စတစ်ဇလုံကြီးမှာထည့်ပါ။ ဖန်ထိုင်ပေးပါ။ ပန်းလဲပွင့်ခြောက်ပြုတ်ရည် တစ်နေ့မတ်ခွက်တစ်လုံးသောက်ပါ။

**မေး။ ။ချောင်းတအားဆိုးနေလို့ ညမအိပ်ရပါ။ ဘယ်လိုဆေးနည်းနဲ့ကုသရမလဲ ပြောပေးပါ ဆရာ။**

ဖြေ။ ။ကွမ်းရွက်နဲ့ဆားကို ကတော့ထိုးထုပ်ပါ။ မပြေအောင် သွားကြားထိုးတံနဲ့ထိုးပြီး သံပြားပေါ်တင်မီးဖုတ်ပါ။ အဲဒီပြာဆားကို သံပရာရည်နဲ့ဖျော်လျက်ပါ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## ပညာတန်ဖိုး

- ကြီးမြတ်သော ပညာ၊
  နည်းမှန်ကို လမ်းညွှန်ပြ
  ကျနသေချာ၊
  အမှောင်လမ်း မရောက်ရာ
  ဖြောင့်ဖြူးကာ တည့်မတ်ပေး၊
  ပညာအရောင် ထွန်းတောက်လင်းမှ
  ထုံသင်းဂုဏ်မွှေး။

- မွန်မြတ်သော ပညာ၊
  အသိဉာဏ် ဖွံ့ကာဖြိုး
  မညှိုးဂုဏ်လွှာ၊
  ပညာကြောင့် စိတ်ချမ်းသာ
  အရိပ်လွှမ်းဖြာ ခညောင်း၊
  ပညာကို တန်ဖိုးထား
  ကြိုးစားစေကြောင်း။

- ဆန်းကြယ်သော ပညာ၊
  လောကအလယ် မကြောက်တမ်း
  လျှောက်လမ်းသာယာ၊
  ပညာရဲရင့် ပွဲတင့်ပမာ
  မျက်နှာမငယ် ဂုဏ်ပန်းလှ၊
  ပညာသည် မြတ်ရွှေအိုး
  တန်ဖိုးနှင့်ညီ။

- ရတနာစစ်သော ပညာ၊
  ရည်မှန်းမျှော် ပန်းတိုင်အရောက်
  လှမ်းလျှောက်ချိန်ခါ၊
  အနာဂတ် ခရီးလမ်းမှာ
  ကြီးပွားဖို့ရာ လမ်းခင်း၊
  ပညာအခြေ မနုံအ
  ဘဝထိန်လင်း။ ။

**ချာန်လေး(ပညာရေး)**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲပုပ် ၂၀၄၅ ဧက ရိတ်သိမ်းပြီးစီး

**မင်းကင်း မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲပုပ် ၂၀၄၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။



မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများကို ယခုနှစ်ဖေဖော်ဝါရီလမှ စတင်၍ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၀၄၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၄၁ တင်းထွက်ရှိကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲပုပ် ၂၀၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် အသိပညာပေးတာတွေလဲ ဆောင်ရွက်ပေးခဲ့တယ်"ဟု မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲပုပ် ၁၉၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၀၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှစ်စဉ် ပဲမျိုးစုံစိုက်ဧက ၂၆ သိန်းကျော်၊ ဆီထွက်သီးနှံစိုက်ဧက ၂၃ သိန်းကျော်၊ စပါးသီးနှံ စိုက်ဧက ၂၂ သိန်းကျော် စိုက်ပျိုးလျက်ရှိရာ ပဲမျိုးစုံသီးနှံသည် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ဆီထွက်သီးနှံသည် ဒုတိယအများဆုံးဖြစ်ကာ စပါးသည် တတိယအများဆုံးဖြစ်ကြောင်း သိရသည်။

(၂၀၆)

# တာချီလိတ်မြို့နယ် ဟွေဝုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တာချီလိတ် မေ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟွေဝုန်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက ဟွေဝုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရန်ပုံငွေများထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟွေဝုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# ဝမ်းတွင်းမြို့နယ် ရုံးပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်လအလိုက် ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရုံးပင်ကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၄ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

## နိုင်ငံတကာ သတင်းများ

# ပါလက်စတိုင်းနယ်မြေများ၌ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များဖြန့်ကြက်ပေးရန် အာရပ်အဖွဲ့ချုပ်တိုက်တွန်း



**ပနားမား မေ ၁၇**

အစ္စရေးနိုင်ငံက သိမ်းယူထားသည့် ပါလက်စတိုင်းနယ်မြေများ၌ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များဖြန့်ကြက်ပေးရန် အာရပ်နိုင်ငံများမှ ခေါင်းဆောင်များက မေ ၁၆ ရက်တွင် ကုလသမဂ္ဂထံ တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ဘာရိန်းနိုင်ငံ ပနားမားမြို့၌ မေ ၁၆ ရက်က ကျင်းပခဲ့သည့် အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေးတွင် အာရပ်နိုင်ငံများမှခေါင်းဆောင်များက ထိုသို့တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

အစ္စရေးနှင့် ပါလက်စတိုင်း နှစ်နိုင်ငံ ယှဉ်တွဲရပ်တည်ရေး အစီအစဉ် အကောင်အထည်ဖော်နိုင်ချိန်ထိတိုင် အစ္စရေးသိမ်းပိုက်မှုအောက်ရှိ ပါလက်စတိုင်းနယ်မြေများကို ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များဖြင့် အကာအကွယ်ပေးသင့်ကြောင်း အာရပ်အဖွဲ့က မေ ၁၆ ရက်၌ထုတ်ပြန်သည့် ပနားမားကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ပါလက်စတိုင်းအင်အားစုအားလုံးအနေဖြင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ချုပ်(ပီအယ်လ်အို)၏အောက်၌ လက်တွဲပူးပေါင်းကြရန်လည်း ပနားမားကြေညာချက်တွင် တိုက်တွန်းထားသည်။

ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ချုပ်သည် ဟားမတ်စ်အုပ်စု၏ အဓိကပြိုင်ဘက်ဖြစ်သည့် ဖာတားအုပ်စုလွှမ်းမိုးထားသော ပါလက်စတိုင်း နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသ၌ တိုက်ခိုက်မှုများ ချက်ချင်းရပ်ပေးရန် အာရပ်အဖွဲ့ချုပ်၏ ပနားမားကြေညာချက်တွင် အစ္စရေးနိုင်ငံကိုတိုက်တွန်းထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ယူကရိန်းနိုင်ငံ ခါကစ်ဗ်ဒေသရှိ ရုရှားတပ်များ ကြားခံဇုန်ဖန်တီးနေကြောင်း သမ္မတပူတင်ပြောကြား

**မော်စကို မေ ၁၇**

ယူကရိန်းနိုင်ငံ ခါကစ်ဗ်ဒေသ၌ တိုက်ပွဲဝင်နေသော ရုရှားတပ်ဖွဲ့ဝင်များအနေဖြင့် ရုရှားနယ်စပ်ဒေသများကို ကာကွယ်ရေးအတွက် ကြားခံဇုန်တစ်ခု ဖန်တီးနေကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်များအတွင်း ရုရှားတပ်များက ခါကစ်ဗ်ဒေသ၌ ပြုလုပ်ခဲ့သော ထိုးစစ်များသည် ရုရှားနယ်စပ်မြို့များ တိုက်ခိုက်ခံရမှုကို ကာကွယ်ရေးအတွက် ရည်ရွယ်ပြုလုပ်ခဲ့သည့် ထိုးစစ်များဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ယနေ့ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ရုရှားသမ္မတပူတင်က ခါကစ်ဗ်ဒေသထိုးစစ်များနှင့်ပတ်သက်၍ ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်းအနေဖြင့် ရုရှားနယ်စပ်ဒေသများအား ဆက်လက်တိုက်ခိုက်မည်ဆိုပါက ကြားခံဇုန်တစ်ခု ဖန်တီးမည့်အစီအစဉ်ကို မိမိအနေဖြင့် အတိအလင်းကြေညာထားပြီးဖြစ်ကြောင်း၊လက်ရှိတွင်လည်း ရုရှားတပ်များအနေဖြင့် ခါကစ်ဗ်ဒေသ၌ ကြားခံဇုန်တစ်ခုဖန်တီးနေကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သို့ရာတွင် ရုရှား၏ လက်ရှိစစ်ရေးအစီအမံများ၌ ခါကစ်ဗ်မြို့ကို သိမ်းပိုက်ရေး ပါဝင်မှုမရှိကြောင်း သမ္မတပူတင်က သတင်းစာရှင်းလင်းပွဲ၌ အတည်ပြုထားသည်။

ခါကစ်ဗ်မြို့သည် ယူကရိန်းနိုင်ငံ၏ ဒုတိယအကြီးမားဆုံးမြို့ဖြစ်ပြီး လက်ရှိအချိန်တွင် ရုရှားတပ်များက အဆိုပါမြို့၏ မြောက်ဘက်တွင် ထိုးစစ်များ ဆင်နွှဲနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ထိုင်ဝမ်လွှတ်တော်ပြုပြင်ပြောင်းလဲရေးဆွေးနွေးစဉ် အမတ်များခိုက်ရန်ဖြစ်ပွား

**တိုင်ပေ မေ ၁၇**



လွှတ်တော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ထိုင်ဝမ်အမတ်များက ယနေ့တွင် အကြိတ်အနယ် ဆွေးနွေးငြင်းခုံနေစဉ် အမတ်များအကြား ရန်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုင်ဝမ်လွှတ်တော် အမတ်များ၏လွှတ်တော်တွင်းရန်ပွဲသည် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရထားသည့် ရွေးကောက်ပွဲအနိုင်ရ သမ္မတလောင်း လိုင်ချင်တီ သမ္မတအဖြစ် ကျမ်းသစ္စာမကျိန်ဆိုမီ ရက်ပိုင်းအလိုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အတိုက်အခံပါတီဖြစ်သည့် ကူမင်တန်ပါတီမှ လွှတ်တော်အမတ်များက လွှတ်တော်အနေဖြင့် အစိုးရအဖွဲ့ကိုပိုမိုစောင့်ကြည့်ထိန်းကျောင်းခွင့်ရရန် လိုလားလျက်ရှိသည်။

သို့ရာတွင် ကူမင်တန်ပါတီ၏ လွှတ်တော်အမတ်များ အနေဖြင့် လွှတ်တော် ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့်လမ်းစဉ်မျိုးဖြင့် တင်သွင်းနေကြောင်း လက်ရှိအာဏာရ ဒီမိုကရက်တစ်တိုးတက်ရေးပါတီ(ဒီပီပီ) လွှတ်တော်အမတ်များက ဝေဖန်စွပ်စွဲထားသည်။

အတိုက်အခံ ကူမင်တန်ပါတီသည် လက်ရှိအချိန်တွင် ဒီပီပီပါတီထက် လွှတ်တော်အမတ်နေရာ ပိုမိုရရှိထားသည်။

ရွေးကောက်ပွဲအနိုင်ရ ထိုင်ဝမ်သမ္မတလောင်း လိုင်ချင်တီသည် မေ ၂၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း မေ ၁၇**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အရှေ့ဘက်ကမ်းရိုးတန်းဒေသ ကမ်းလွန်ရေပြင်အတွင်းသို့ တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့က ရေဒါကိုယ်ယောင်ဖျောက်တိုက်လေယာဉ်များဖြင့် လေကြောင်းတိုက်ပွဲပုံစံတူ လေ့ကျင့်မှုများပြုလုပ်ပြီး နောက်တစ်ရက်အကြာတွင် မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါတာတိုပစ် ဒုံးကျည်များကို အရှေ့ဘက်ကမ်းရိုးတန်းဒေသ ဝန်ဆန်မြို့မှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်ခဲ့သည့် အဆိုပါတာတိုပစ်ဒုံးကျည်များသည် ပင်လယ်ရေပြင်အတွင်းမကျရောက်မီ ၁၈၆ မိုင်အကွာအဝေးထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်ကသတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံက ပြုလုပ်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုကို ရန်စမှုအဖြစ် တောင်ကိုရီးယားစစ်ဘက်က ဝေဖန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်လများအတွင်း မဟာဗျူဟာမြောက် ဒုံးကျည်၊ ဘလစ်စတစ်ဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များစမ်းသပ်မှုကို ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ရုရှားနိုင်ငံဆိုင်ရာ ဗြိတိန်စစ်သံမှူးကို နှင်ထုတ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ကြေညာ

**မော်စကို မေ ၁၇**

ရုရှားနိုင်ငံဆိုင်ရာ ဗြိတိန်စစ်သံမှူးကို နှင်ထုတ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး နှင်ထုတ်ခံရမှုကို တုံ့ပြန်သည့်အနေဖြင့် ဗြိတိန်စစ်သံမှူးကို ရုရှားနိုင်ငံမှ နှင်ထုတ်ရန် ရုရှားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ရုရှားနိုင်ငံဆိုင်ရာ ဗြိတိန်စစ်သံမှူးအား ရုရှားနိုင်ငံမှ နှင်ထုတ်မည့် အစီအစဉ်ကို ဗြိတိန်သံရုံးမှ တာဝန်ရှိသူများကို ဆင့်ခေါ်၍ အသိပေးထားပြီးဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်ထောက်လှမ်းရေးတာဝန်ကို ကြေညာခြင်းမရှိဘဲ ရယူထားမှုကြောင့် ရုရှားစစ်သံမှူးကို ဗြိတိန်မှ နှင်ထုတ်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၈ ရက်တွင် ကြေညာခဲ့သည်။


ဗြိတိန်၏လုပ်ရပ်ကို နိုင်ငံရေးပယောဂမကင်းသည့်လုပ်ရပ်၊ ရုရှားအကြောက်တရားလွှမ်းမိုးနေသည့် လုပ်ရပ်အဖြစ် ရုရှားအစိုးရက ဝေဖန်ထားသည်။

ရုရှားနှင့် ဗြိတိန်နိုင်ငံတို့ကြား ဆက်ဆံရေးသည် ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးအဆင့်သို့ ကျရောက်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဥရောပနှင့် ဂျပန်အာကာသအေဂျင်စီ၏ Bepi Colombo အာကာသယာဉ်က ဒုံးကန်အားစနစ်ပြဿနာတစ်ရပ်ဖြင့် ရင်ဆိုင်နေရ



**ပါရီ မေ ၁၇**

ဥရောပအာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီ၏ Bepi Colombo အာကာသယာဉ်သည် ဒုံးကန်အားစနစ်ပြဿနာတစ်ရပ်ဖြင့် ရင်ဆိုင်နေရကြောင်း မေ ၁၆ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Bepi Colombo အာကာသယာဉ်၏ ဒုံးကန်အားစနစ်များမှာ အပြည့်အဝလည်ပတ်နိုင်မှုမရှိတော့ကြောင်း ဥရောပအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဥရောပ အာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီသည် ဗုဒ္ဓဟူးဂြိုဟ် လေ့လာရေးတာဝန်အတွင်း Bepi Colombo အာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဥရောပအာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီမှ သိပ္ပံပညာရှင်များသည် ဒုံးကန်အားစနစ်ပြဿနာကြောင့် မည်သို့အကျိုးသက်ရောက်မှုမျိုး ရှိလာနိုင်မည်ကို စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

Bepi Colombo အာကာသယာဉ်သည် ယခုနှစ် စက်တင်ဘာလအတွင်း ဗုဒ္ဓဟူးဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းရန် စီစဉ်ထားကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီသည် Bepi Colombo အာကာသယာဉ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာ၏ ဂျူနိုအာကာသယာဉ်က ယူရိုပါဂြိုဟ်ရံလ၏ အသေးစိတ်အကျဆုံးဓာတ်ပုံများကို ရိုက်ကူးပေးထားနိုင်

**ဝါရှင်တန် မေ ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနို အာကာသယာဉ်သည် ကြာသပတေးဂြိုဟ် ယူရိုပါဂြိုဟ်ရံလ၏ အသေးစိတ်အကျဆုံးဓာတ်ပုံများကို ရိုက်ကူးပေးထားနိုင်ကြောင်း မေ ၁၆ ရက် သတင်းများအရ သိရသည်။

ဂျူနိုအာကာသယာဉ်က ရိုက်ကူးခဲ့သော ယူရိုပါဂြိုဟ်ရံလဓာတ်ပုံများထဲတွင် ၎င်းဂြိုဟ်ရံလက မှုတ်ထုတ်နေသည့် ရေငွေ့တန်းများကြောင့် ပေါ်ထွက်လာသည့် မြေမျက်နှာသွင်ပြင်လက္ခဏာများကိုပါ တွေ့မြင်နိုင်ကြောင်း သိရသည်။

အဆိုပါဓာတ်ပုံများကို ယူရိုပါဂြိုဟ်ရံလမျက်နှာပြင်နှင့် မိုင်ပေါင်း ၂၂၀ အကွာမှတစ်ဆင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



ဂျူနိုအာကာသယာဉ်သည် အဆိုပါဓာတ်ပုံများကို Junocom အမည်ရှိ ကင်မရာစနစ်ဖြင့်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ယူရိုပါဂြိုဟ်ရံလက မှုတ်ထုတ်နေသည့် ရေငွေ့တန်းများကို နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ၂၀၁၂ ခုနှစ်တွင် ပထမဆုံးအကြိမ် တွေ့ရှိခဲ့သည်။

နာဆာအဖွဲ့သည် ဂျူနိုအာကာသယာဉ်ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၅ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ရေပူစမ်းပေါက်များထဲတွင် လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၅ ဘီလီယံကပင် စတင်ပေါ်ထွက်လာသော အရွယ်အစားကြီးမားသည့်ဗိုင်းရပ်များကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် မေ ၁၇**

အမေရိကန်နိုင်ငံ ရဲယိုးစတုန်းမီးတောင်နယ်မြေအတွင်းရှိ ရေပူစမ်းပေါက်များထဲတွင် လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၅ ဘီလီယံကပင် စတင်ပေါ်ထွက်လာသော အရွယ်အစားကြီးမားသည့် ဗိုင်းရပ်များကို ရှာဖွေတွေ့ရှိထားကြောင်း မေ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဗိုင်းရပ်များကို အမေရိကန်နိုင်ငံ ရပ်ဂျားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းဗိုင်းရပ်များသည် ပုံမှန်အားဖြင့် အရွယ်အစားကြီးမားသော်လည်း လူသားများအတွက် အန္တရာယ်မရှိကြောင်း သိရသည်။

သို့ရာတွင် ၎င်းဗိုင်းရပ်များကို လေ့လာခြင်းဖြင့် ကမ္ဘာမြေပေါ်၌ သက်ရှိများ မည်သို့ပေါ်ထွက်လာသည်ကို ဖော်ထုတ်ရာတွင် အထောက်အကူ ပြုနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ရဲယိုးစတုန်း မီးတောင်နယ်မြေရှိ ရေပူစမ်းပေါက်များသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀၀ ခန့်တွင် ပေါ်ထွက်လာခြင်းဖြစ်သော်လည်း ၎င်းရေပူစမ်းများအတွင်းရှိ ဗိုင်းရပ်များနှင့် ဇက်တီးရီးယားများကမူ လွန်ခဲ့သောနှစ်ပေါင်း တစ်ဘီလီယံကျော်ကပင် စပေါ်လာခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ရှေးယခင်ကမူ အထက်ပါ ရေပူစမ်းပေါက်များအတွင်းရှိ ဗိုင်းရပ်များနှင့် ဇက်တီးရီးယားများ၏ သက်တမ်းမှာ အလွန်ရှေးကျမှုမရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ကယ်လိုရီပါဝင်မှုနည်းပါးသည့် ကီတိုဓာတ်စာက ဝက်ခြံကိုရှင်းလင်းရာတွင် အထောက်အကူပြုနိုင်

**ရောမ မေ ၁၇**

ကယ်လိုရီပါဝင်မှုအဆင့် နည်းပါးသည့် ကီတိုဓာတ်စာသည် ဝက်ခြံကိုရှင်းလင်းရာတွင်အထောက်အကူပြုနိုင်ကြောင်း မေ ၁၆ ရက် သတင်းများအရ သိရသည်။

ကယ်လိုရီပါဝင်မှုနည်းပါးသည့် ကီတိုဓာတ်စာပုံစံများသည် ဝက်ခြံများကို ကုသရှင်းလင်းရာတွင် အထောက်အကူ ပေးနိုင်ကြောင်း အီတလီသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဝက်ခြံပြဿနာသည် နာတာရှည်ရောင်ရမ်းမှုပြဿနာတစ်ရပ်ဖြစ်ပြီး အမွေးအမှင်ဂလင်းအိတ်များအပေါ် အကျိုးသက်ရောက်မှုရှိသည့် ပြဿနာဖြစ်သည်။

ထို့ပြင် ဝက်ခြံပြဿနာသည် ရောင်ရမ်းမှု၊ သီးခြားအောက်ဆီဂျင်အက်တမ်များနှင့် အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းများကြား ဟန်ချက်မညီမှုတို့နှင့်ပတ်သက်နေသော အဝလွန်မှုနှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။

သို့ရာတွင် ကီတိုဓာတ်စာပုံစံများသည် ရောင်ရမ်းမှုတိုက်ဖျက်ရေးဂုဏ်သတ္တိနှင့် Oxidative Strss တားဆီးရေးဂုဏ်သတ္တိများရှိနေမှုကြောင့် ဝက်ခြံပြဿနာကိုလျှော့ချနိုင်ကြောင်း အီတလီသုတေသနပညာရှင်များက ပြောကြားသည်။

အီတလီသုတေသနပညာရှင်များသည် အဝလွန်မှုပြဿနာနှင့် ဝက်ခြံပြဿနာများရှိနေသူ အသက် ၁၈ နှစ်နှင့် ၃၀ ကြား အမျိုးသမီး ၃၁ ဦးကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ရိုးစင်းသည့်သွေးစစ်နည်းက ကင်ဆာ ၁၉ မျိုးကို ရောဂါလက္ခဏာများမပေါ်မီ ဖော်ထုတ်ပေးနိုင်

**လန်ဒန် မေ ၁၇**

ရိုးစင်းသည့် သွေးစစ်နည်းပုံစံတစ်မျိုးသည် ကင်ဆာရောဂါ ၁၉ မျိုးကို ရောဂါလက္ခဏာများ မပေါ်မီ ခုနစ်နှစ် အလိုလောက်မှာပင် ဖော်ထုတ် ပေးနိုင်ဖွယ်ရှိကြောင်း မေ ၁၆ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာနှင့် ဆီးကျိတ်ကင်ဆာအပါအဝင် ကင်ဆာရောဂါ အမျိုးမျိုးတို့နှင့်ဆက်စပ်နေသည့် ပရိုတင်းအမျိုးအစား ၆၀၀ ကျော်ကို ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

အဆိုပါပရိုတင်း ၆၀၀ ကျော်အနက် ၁၀၇ မျိုးသည် သွေးနမူနာရယူထားသူ လူနာများ၌ ကင်ဆာလက္ခဏာများမပေါ်မီ ခုနစ်နှစ်အလိုမှာပင် ပေါ်ထွက်လာသည့် ပရိုတင်းများ ဖြစ်ကြကြောင်း သိရသည်။

သို့ဖြစ်ရာ သွေးစစ်နည်းဖြင့် ၎င်းပရိုတင်းများကို ရှာဖွေခဲ့ပါက ကင်ဆာရောဂါ ၁၉ မျိုးကို ရောဂါလက္ခဏာများမပေါ်မီ ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူပေါင်း ၄၄၀၀၀ မှ ရယူထားသည့် သွေးနမူနာများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ကင်ဆာရောဂါများကို ရောဂါလက္ခဏာမပေါ်မီ စစ်ဆေးတွေ့ရှိပါက ထိထိရောက်ရောက် ကုသနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**






# PFA Premier League Fan's Player of the Year ဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်




**လန်ဒန် မေ ၁၇**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က ယခုနှစ်ဘောလုံးရာသီ၏ PFA Premier League Fan's Player of the Year ဆုအတွက် ဆန်ခါတင် ကစားသမားစာရင်းကို ယနေ့တွင်ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

PFA Premier League Fan's Player of the Year ဆုအတွက် ဆန်ခါတင်ကစားသမားစာရင်း၌ ကစားသမား ရှစ်ဦးပါဝင်ခဲ့ပြီး ချန်ပီယံဆုအတွက် အပြိုင်ရေပန်းစားနေသည့်မန်စီးတီးအသင်းနှင့်အာဆင်နယ်အသင်းတို့မှကစားသမား သုံးဦးထီပါဝင်လာခဲ့သည်။

PFA Premier League Fan's Player of the Year ဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ တိုက်စစ်မှူး ဟာလန်း၊ ဖိုဒန်နှင့် ကွင်းလယ်ကစားသမား ရိုဒရီ၊ အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား အိုဒီဂတ်၊ဒီကလန်ရိုက်၊ ခံစစ်ကစားသမား ဆာလီဘာ၊ချဲလ်ဆီးအသင်းမှ တိုက်စစ်မှူး ပယ်မာနှင့် အေဗီလာအသင်းတိုက်စစ်မှူး ဝက်စ်ကင်တို့ ပါဝင်လာခဲ့သည်။

PFA Premier League Fan's Player of the Year ဆုအတွက် ဆန်ခါတင်ကစားသမားစာရင်း၌ ပါဝင်လာခဲ့သူများအနက် မန်စီးတီးအသင်းမှ ဟာလန်းနှင့် ဖိုဒန်တို့က ယင်းဆုဆွတ်ခူးနိုင်ရန် ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ယူရို ၂၀၂၄ ယှဉ်ပြိုင်မည့် ပြင်သစ်အသင်း ကစားသမားစာရင်းထုတ်ပြန်

**ပဲရစ် မေ ၁၇**

နည်းပြဒက်ချမ့်က ယူရို ၂၀၂၄ ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်မည့် ပြင်သစ်အသင်း၏ ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာတွင် ဆော်ဒီပရိုလိဂ် အယ်အီတီဟတ်အသင်းတွင်ကစားနေသည့် ကွင်းလယ်ကစားသမား ကန့်တီကို ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ ကန့်တီသည် ၂၀၁၆ ခုနှစ်ကတည်းက ပြင်သစ်အသင်းတွင်ပါဝင်ခွင့်ရခဲ့ပြီး ပြိုင်ပွဲစုံ ၅၃ ပွဲထိ ကစားခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့်ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးကတည်းက ပြင်သစ်အသင်း ကစားသမားစာရင်းတွင်ပါဝင်ခဲ့ခြင်းမရှိဘဲ ယခုအခါမှသာ နည်းပြဒက်ချမ့်က ကစားသမား၏ ကြံ့ခိုင်မှုပေါ်မူတည်၍ ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နည်းပြဒက်ချမ့်ထုတ်ပြန်ခဲ့သည့် ကစားသမားစာရင်းတွင် ဂိုးသမားများအဖြစ် အာရီအိုလာ၊ မိုင်ဂနန်၊ ဆမ်ဘာ၊ ခံစစ်ပိုင်းတွင် ဂျိုနသန်၊ သီယိုဟာနန်ဒက်၊ ကွန်နာတီ၊ ခွန်ဒီ၊ ဖာလန်းမန်ဒီ၊ ပါဗက်၊ ဆာလီဘာ၊ အူပါမီကာနို၊ ကွင်းလယ်ပိုင်းတွင် ကာမာဗင်ဂါ၊ ဖိုဖန်နာ၊ ဂရစ်ဇ်မန်း၊ ကန့်တီ၊ ရာဘီယို့စ်၊ ချူအာမန်နီ၊ ဇိုင်ရီအမ်မရီ၊ တိုက်စစ်ပိုင်းတွင် ဘာကိုလာ၊ ကိုးမန်း၊ ဒမ်ဘီလီ၊ ဂီရောဒ်၊ ကိုလိုမူအာနီ၊ အမ်ဘက်ပီ၊ မားကပ်သူရမ်တို့ ပါဝင်ခဲ့သည်။

ပြင်သစ်အသင်းသည် ယူရို ၂၀၂၄ပြိုင်ပွဲ အုပ်စု(D)တွင် ဩစတြီးယားအသင်း၊ နယ်သာလန်အသင်း၊ ပိုလန်အသင်းတို့နှင့်ပွဲကျပ်ကစားရမည်ဖြစ်ပြီး ဇွန် ၁၈ ရက်တွင် ဩစတြီးယားအသင်း၊ ဇွန် ၂၂ ရက်တွင် နယ်သာလန်အသင်း၊ ဇွန် ၂၅ ရက်တွင် ပိုလန်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ပရီးမီးယားလိဂ် ပွဲစဉ် (၃၈) ပွဲကြိုသုံးသပ်ချက်

M L

**ချဲလ်ဆီး Vs ဘုန်းမောက်**

**ကစားမည့်ရက်/အချိန် ၁၉-၅-၂၀၂၅ (ည ၀၉:၃၀ နာရီ)**

**ပထမအကြော့တွေ့ဆုံမှုရလဒ်**

**ဘုန်းမောက် ၀ - ၀ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ချဲလ်ဆီး** | - | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **ဘုန်းမောက်** | - | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

ချဲလ်ဆီးအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ထက်မြက်လာခဲ့တာကြောင့် ပြီးခဲ့တဲ့ငါးပွဲမှာ တိုက်စစ်က ၁၄ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ဥရောပဝင်ခွင့်ရှင်သန်လာတာဖြစ်ပါတယ်။ ဘုန်းမောက်ကတော့ အဝေးကွင်းခြေစွမ်းပိုင်းကျဆင်းနေသလို ရမှတ်လိုအပ်ချက်လဲမရှိတော့တာကြောင့် အခုပွဲစဉ်မှာ ချဲလ်ဆီးအသင်းကို ထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းသာလွန်နေတဲ့ ချဲလ်ဆီးပဲနိုင်ပွဲဆက်သွားမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၂ - ၁ ဘုန်းမောက်**

## အားကစားသတင်းအတိုအထွာများ

- ❑ ဘောလုံးအားကစားတွင် လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်တိုက်ထုတ်ရန်အတွက် ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့နိုင်ငံပေါင်း ၂၁၁ နိုင်ငံမှ ဘောလုံးအဖွဲ့ချုပ်များကို တိုက်တွန်းပြောကြားခဲ့သည်။
- ❑ နည်းပြအယ်လီဂရီ၏နေရာတွင် အစားထိုးရန်အတွက် ဘိုလော့နာနည်းပြ မော်တာကိုခေါ်ယူရန် ဂျူဗင်တပ်အသင်းတာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိသည်။
- ❑ နာပိုလီအသင်းက တိုက်စစ်မှူး အိုစီမန်၏နေရာတွင် အစားထိုးရန်အတွက် အေဗီကိုအသင်းတိုက်စစ်မှူး အိုမိုရိုဒီယွန်ကို ခေါ်ယူရန် ပစ်မှတ်ထားစောင့်ကြည့်နေကြောင်း သိရသည်။

**ML**

# ချန်ပီယံရှစ် Play-Off ဖိုင်နယ်ပွဲသို့ လိဒ်ယူနိုက်တက်အသင်းတက်ရောက်

**လန်ဒန် မေ ၁၇**

ပရီးမီးယားလိဂ် တန်းတက်ခွင့်အတွက် ယှဉ်ပြိုင်ရသည့် ချန်ပီယံရှစ် Play-Off ဆီမီးဖိုင်နယ်တွင် လိဒ်ယူနိုက်တက်အသင်းက နော့ဝှစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။




လိဒ်ယူနိုက်တက် အသင်းသည် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်၌ နော့ဝှစ်အသင်းကို ဂိုးမရှိသရေကစားနိုင်ခဲ့သဖြင့် ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်တွင် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့်ကစားနိုင်ခဲ့ရာ ပွဲချိန် ၄ မိနစ်၊ ပွဲချိန် မိနစ် ၂၀၊ မိနစ် ၄၀ နှင့် ပွဲချိန် ၆၈ မိနစ်တို့တွင် ဂရှယက်ဇ်၊ ပီရိုး၊ ရက်တာ၊ ဆမ်မာဗီလီတို့က ဂိုးများသွင်းယူကာ ဦးဆောင်နိုင်ခဲ့ပြီး နော့ဝှစ်အသင်းအနေဖြင့် ချေပဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း ဂိုးပေါက်တည့်မှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် လက်စတာအသင်းနှင့် အစ်ဗ့်စ်အသင်းတို့က တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ကာ လိဒ်ယူနိုက်တက်အသင်းသည် တိုက်ရိုက်တန်းတက်ခွင့်ရရှိရန် အခွင့်အရေးရှိခဲ့သော်လည်း ပြိုင်ပွဲပြီးဆုံးခါနီးတွင် ကျူပီအာအသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့သဖြင့် အဆင့်(၃)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး တိုက်ရိုက်တန်းတက်ခွင့်နှင့်လွဲချော်ခဲ့သောကြောင့် တန်းတက်ခွင့် တစ်နေရာအတွက် Play-Off ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။

Play-Off ဖိုင်နယ်ပွဲစဉ်ကို လာမည့် မေ ၂၆ ရက်တွင်ကျင်းပသွားမည်ဖြစ်ပြီး လိဒ်အသင်းအနေဖြင့် အခြားဆီမီးဖိုင်နယ်ပွဲစဉ်မှ ဝက်စ်ဘရွန်းအသင်းနှင့် ဆောက်သမ်တန်အသင်းတို့မှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ပထမအကျော့ဝက်စ်ဘရွန်းအိမ်ကွင်းသရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ယခုပွဲစဉ်တွင် အိမ်ကွင်းအားသာချက်ရှိသည့် ဆောက်သမ်တန်အသင်းက ဖိုင်နယ်ပွဲတက်ရောက်ရန် သေချာနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# မာတစ်နှင့် အယ်ကန်တာရာတို့ အသင်းမှထွက်ခွာမည်ဟု လီဗာပူးအသင်းအတည်ပြု

**လန်ဒန် မေ ၁၇**

လီဗာပူးအသင်းက အသင်းမှ ကွင်းလယ်ကစားသမား အယ်ကန်တာရာနှင့်ခံစစ်ကစားသမား မာတစ်တို့အနေဖြင့် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ မာတစ်သည် ၂၀၁၆ ခုနှစ်က ရှော့လ်ကေးအသင်းမှ လီဗာပူးအသင်းသို့ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုနီးပါး ပါဝင်ကစားခဲ့ကာ အစောပိုင်းနှစ်များက အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် အသက်အရွယ်အပိုင်း အခြားကြောင့် ပါဝင်ခွင့်နည်းပါးခဲ့ပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကာ လီဗာပူးအသင်းက နောက်ထပ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်သွားမည်ဖြစ်သည်။

မာတစ်သည် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၀၁ ပွဲကစားခဲ့ကာ ပရီးမီးယားလိဂ်ဖလားချန်ပီယံလိဂ်ဖလား၊ ဥရောပစူပါဖလား၊ အက်ဖ်အေဖလားနှင့် ကွာရာဘောင်းဖလားအစရှိသည့် ဆုဖလားများကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အလားတူ အယ်ကန်တာရာသည်လည်း ၂၀၂၀ ပြည့်နှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ လီဗာပူးအသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အရည်အသွေးမြင့်ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရပြီး အသင်းနှင့်ပြိုင်ပွဲစုံ ၉၈ ပွဲပါဝင်ကစားထားသူဖြစ်သည်။

အယ်ကန်တာရာသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူနေခဲ့ရသူဖြစ်ပြီး တစ်ပွဲသာပါဝင်ကစားနိုင်ခဲ့ကာ လီဗာပူးအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုတော့မည်မဟုတ်သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ဂိုးသမား အီဒါဆန် ပရီးမီးယားလိဂ်ရာသီပိတ်ပွဲစဉ်နှင့် အက်ဖ်အေဖလားဖိုင်နယ်ပွဲစဉ်ကို လွဲချော်မည်ဟု မန်စီးတီးအသင်းထုတ်ပြန်

**မန်ချက်စတာ မေ ၁၇**

ပရီးမီးယားလိဂ် ပွဲကျန်အဖြစ် ကစားခဲ့သည့် စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းဂိုးသမား အီဒါဆန် မျက်ခုံးဒဏ်ရာရရှိခဲ့သောကြောင့် ပရီးမီးယားလိဂ်ရာသီပိတ်ပွဲစဉ်ဖြစ်သည့် ဝက်စ်ဟမ်းအသင်းပွဲစဉ်နှင့် မန်ယူအသင်းနှင့် ကစားရမည့် အက်ဖ်အေဖလား ဖိုင်နယ်ပွဲစဉ်ကို လွဲချော်မည်ဟု မန်စီးတီးအသင်းက ထုတ်ပြန်ခဲ့သည်။

ဂိုးသမား အီဒါဆန်သည် မေ ၁၅ ရက်က ကစားခဲ့သည့် စပါးအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၆၀ ကျော်တွင် စပါးအသင်း ခံစစ်ကစားသမား ရှိမီယိုနှင့်ထိခိုက်ခဲ့မှုကြောင့် မျက်ခုံးဒဏ်ရာရရှိခဲ့ပြီး ပွဲချိန် ၆၉ မိနစ်တွင် အသင်းဖော်ဂိုးသမား အော်တီဂါနှင့် လူစားလဲခဲ့ရသည်။

လက်ရှိတွင် ၎င်း၏ဒဏ်ရာအခြေအနေကိုလိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ မျက်ခုံးအရိုးဒဏ်ရာရရှိခဲ့သောကြောင့် မေ ၁၉ ရက်တွင်ကစားမည့် ပရီးမီးယားလိဂ် ချန်ပီယံဆုအဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် ဝက်စ်ဟမ်းအသင်းပွဲစဉ်နှင့် မေ ၂၅ ရက်တွင်ကစားရမည့် အက်ဖ်အေဖလားဖိုင်နယ်ပွဲစဉ်တို့ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။



စပါးအသင်းနှင့် ပွဲစဉ်တွင် လူစားဝင်ကစားသမား အော်တီဂါက စပါးအသင်းမှ ကူလူဆက်စကီးနှင့် ဆွန်ဟောင်မင်တို့၏အပိုင်ကန်သွင်းမှုများကို ကာကွယ်မှုပြုလုပ်နိုင်ခဲ့သဖြင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် စပါးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် မန်စီးတီးအသင်းအနေဖြင့် ချန်ပီယံဆုကို ကာကွယ်နိုင်ရန် သေချာခဲ့သည်။

အီဒါဆန်သည် ဒဏ်ရာကြောင့် မန်စီးတီးအသင်းနှင့် ပွဲစဉ်များကို လွဲချော်မည်ဖြစ်သော်လည်း ဘရာဇီးအသင်းက ကိုပါအမေရိကဖလားယှဉ်ပြိုင်မည့် အသင်းလူစာရင်းတွင် ရွေးချယ်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# အာဆင်နယ်နှင့်မန်ယူအသင်းကစားသမားဟောင်း ဗန်ပါစီ ဟီရန်ဗင်းအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံရ

**အမ်စတာဒမ် မေ ၁၇**

အာဆင်နယ်အသင်းနှင့် မန်ယူအသင်းကစားသမားဟောင်း ဗန်ပါစီသည် နယ်သာလန်ကလပ် ဟီရန်ဗင်းအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်း သိရသည်။

အသက် ၄၀ နှစ်ရှိ ဗန်ပါစီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို နယ်သာကလပ် ဖီယင်နူအသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး ၂၀၀၄ ခုနှစ်က ဖီယင်နူအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ထိပ်တန်းကစားသမားတစ်ဦးအဖြစ် စတင်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဗန်ပါစီသည် အာဆင်နယ်အသင်းတွင် ကာလရှည်ကစားခဲ့ပြီး ၂၀၁၂ ခုနှစ်က အာဆင်နယ်အသင်းမှ ပြိုင်ဘက်အသင်းဖြစ်သည့် မန်ယူအသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဗန်ပါစီသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီမှာပင် ပရီးမီးယားလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည့်အပြင် သွင်းဂိုးအများဆုံး ကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။



ဗန်ပါစီသည် မန်ယူအသင်းတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရပြီးနောက် ၂၀၁၅ ခုနှစ်က ဂါလာတာစာရေးအသင်းသို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်က အသင်းဟောင်း ဖီယင်နူအသင်းသို့ လည်းကောင်း အဆင့်ဆင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်တွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလက ဖီယင်နူယူ-၁၉ အသင်းနည်းပြအဖြစ် နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ယခုအခါဟီရန်ဗင်းအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

# PGA Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ရှောင်ဖီလီဦးဆောင်

**လူးဝစ်ဗီး မေ ၁၇**

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ် လူးဝစ်ဗီးမြို့တွင်ကျင်းပနေသည့် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့အပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီက သတ်မှတ်ရိုက်ချက်ထက် ကိုးချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း သိရသည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် တိဂါလာ၊ တိုနီဖီနော့နှင့် ဟက်ဘတ်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ဗိုလ်စွဲရန်ရေပန်းစားနေသည့် စာရင်းတွင်ပါဝင်နေသည့် မက်အီလ်ရွိုင်းသည် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ထားကာ စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းမှာ ပထမနေ့တွင် ပုံစံကောင်းပျောက်ဆုံးကာ သတ်မှတ်ရိုက်ချက်ထက် တစ်ချက်သာလျော့ရိုက်နိုင်ခဲ့သည်။

ထို့ပြင် ကမ္ဘာ့အဆင့်(၁)နေရာတွင်ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည်လည်း ပထမနေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရပြီး သတ်မှတ်ရိုက်ချက်ထက် လေးချက်သာ လျော့ရိုက်နိုင်ခဲ့သည်။

နာမည်ကြီးကစားသမားအများစု ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသကဲ့သို့ တိုက်ဂါးဝုဒ်မှာလည်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ထားသည်။

ဂျွန်ရမ်းက "ပထမနေ့မှာရခဲ့တဲ့ ရလဒ်နဲ့ပတ်သက်ပြီးစိတ်ပျက်မိပေမဲ့ ပြိုင်ပွဲကတစ်ရက်ပဲရှိပါသေးတယ်။ ပြိုင်ပွဲတော်တော်များများမှာချန်ပီယံဆုကိုဆွတ်ခူးရရှိခဲ့တဲ့ ကစားသမားတွေဟာ ပထမနေ့ ဒါမှမဟုတ်ပြိုင်ပွဲရဲ့တစ်ရက်ရက်မှာတော့ ရလဒ်ကောင်းဖို့ ရုန်းကန်ရတာဖြစ်ဖြစ်လို့ ကျွန်တော့်အနေနဲ့ ပထမနေ့မှာ ရလဒ်မကောင်းခဲ့တာနဲ့ပတ်သက်ပြီး စိတ်ပျက်မိပေမဲ့ ကြိုးစားဖို့အခွင့်အရေးရှိပါသေးတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



# စပိန်လာလီဂါ ပွဲစဉ် (၃၇) ပွဲကြိုသုံးသပ်ချက်များ

STA

**ဘက်တစ် Vs ဆိုစီဒက်**

**ကစားမည့်ရက်/အချိန် ၁၉-၅-၂၀၂၄ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆိုစီဒက် ၀ - ၀ ဘက်တစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ဆိုစီဒက် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ဘက်တစ်အသင်းအတွက်မဖြစ်မနေအနိုင်ရရှိမှသာ ယူရိုပါလိဂ်ဝင်ခွင့်အတွက်မျှော်လင့်ချက်ရှိမှာဖြစ်လို့ အမှားခံမှာမဟုတ်ပါဘူး။ ဆိုစီဒက်အသင်းအတွက်လည်း ယူရိုပါလိဂ်ဝင်ခွင့်အတွက် အနည်းဆုံးသရေရလဒ်လိုအပ်နေပါတယ်။ဒါပေမယ့် ဆိုစီဒက်အသင်းရဲ့အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရလို့ ဘက်တစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘက်တစ် ၂ - ၁ ဆိုစီဒက်**

**ဘီလ်ဘာအို Vs ဆီဗီလာ**

**ကစားမည့်ရက်/အချိန် ၁၉-၅-၂၀၂၄ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆီဗီလာ ၀ - ၂ ဘီလ်ဘာအို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဆီဗီလာ | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နှစ်သင်းလုံးအတွက် လက်ကျန်ပွဲစဉ်တွေမှာ ရမှတ်လိုအပ်ချက်မရှိတော့လို့ ဖိအားမရှိရင်ဆိုင်ရမှာပါ။ဘီလ်ဘာအိုအသင်းကတော့အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိပြီး တိုက်စစ်ပိုင်းကလဲ ထက်မြက်မှုရှိပါတယ်။ ဆီဗီလာအသင်းကတော့ နှစ်ပွဲဆက်ရှုံးနိမ့်ထားပြီး ခြေစွမ်းပိုင်းကအကျဘက်ရောက်နေလို့ ဘီလ်ဘာအိုအသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘီလ်ဘာအို ၂ - ၀ ဆီဗီလာ**

# ပြင်သစ်လီဂူး ပွဲစဉ် (၃၄) ပွဲကြိုသုံးသပ်ချက်

STA

**လိုင်လီ Vs နိုက်**

**ကစားမည့်ရက်/အချိန် ၂၀-၅-၂၀၂၄ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နိုက် ၁ - ၁ လိုင်လီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| နိုက် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(ရှုံး) |

ချန်ပီယံလိဂ်ပြိုင်ပွဲတိုက်ရိုက်ဝင်ခွင့်အတွက် မဖြစ်မနေအနိုင်ရရှိဖို့လိုအပ်နေတဲ့ လိုင်လီအသင်းဟာ အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ နိုက်အသင်းအတွက်ကတော့ ယူရိုပါလိဂ်သာဝင်ခွင့်ရရှိထားပြီး ရမှတ်လိုအပ်ချက်မရှိတော့လို့ ဖိအားမရှိတော့ပါဘူး။လက်ရှိလိုင်လီအသင်းရဲ့ခြေစွမ်းပိုင်းကတည်ငြိမ်မှုရှိနေလို့ လိုင်လီအသင်းနဲ့ပဲလက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုင်လီ ၂ - ၀ နိုက်**

# Italian Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ နီကိုလက်စ်ဂျာရီ တက်ရောက်

**ရောမ မေ ၁၇**

Italian Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ချီလီတင်းနစ်ကစားသမား နီကိုလက်စ်ဂျာရီနှင့် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်တို့ ယနေ့ယှဉ်ပြိုင်ကစားခဲ့ရာ နီကိုလက်စ်ဂျာရီက(၃-၆၊၇-၅၊၆-၄)ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

စတီဖာနို့စ်သည် ပထမပွဲငယ်၌ ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင် နီကိုလက်စ်ဂျာရီကTie-Breakအဆင့်တွင် စတီဖာနို့စ်ကိုအနိုင်ကစားနိုင်ခဲ့ရာ အဆုံးအဖြတ်အဖြစ် တတိယပွဲငယ်တွင် နီကိုလက်စ်ဂျာရီက ပြတ်သားသည့်ရလဒ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

နီကိုလက်စ်ဂျာရီသည် ဗိုလ်လုပွဲတွင် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ကဗျာအလှ၊ စာအလှ (၁၁)

မန်းတင့်မော်

ကဆုန်လလယ်ရောက်ခဲ့ပြီ။ အပူရှိန်က မလျော့သေး။ ပူ၍ကောင်းဆဲ။ ပြီးခဲ့သောရက်များအတွင်းက မကွေးတိုင်းဒေသကြီး ချောက်မြို့၏အပူချိန်မှာ စံချိန်တင်အမြင့်ဆုံးရောက်ခဲ့ကြောင်း သိရသည်။ ထိုဒေသတွင် အပူချိန်လျော့ရန် သစ်ပင်စိုက်ကြမည့်သတင်းများကိုလည်း ကြားသိရသည်။ "သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဟူသော အချိုးကဗျာအလှကို သတိရဖွယ်ဖြစ်သည်။ သစ်ပင်သစ်တောဆိုင်ရာ ကဗျာအလှ၊ စာအလှများစွာ ရှိပါသေးသည်။ သီးခြားသုတေသနပြုရန် လိုအပ်မည် ထင်ပါသည်။

ကဆုန်လနှင့်စပ်လျဉ်း၍ ပုဂံခေတ်ကျောက်စာများတွင် အစောဆုံးတွေ့ရကြောင်း မှတ်သားမိသည်။ ကဆုန်၊ ကုဆုန်ဟူ၍ နှစ်မျိုးရေးထိုးသည်။ "က"နှင့် "ကု"ဟူသည်မှာ ရေဟုအနက်ဖွင့်၍ "ဆုန်"ဆိုသည်မှာ သွန်းလောင်းသည်ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကဆုန်လဟူသည် ရေသွန်းလဟု သိမှတ်နိုင်သည်။ ပုဂံခေတ်ကျောက်စာများမှစတင်၍ မြန်မာစာပေဖွံ့ဖြိုးလာခဲ့ရာ ပုဂံကျောက်စာများ၏ စာပေကျေးဇူးကြီးမားသည်ဟု ခံယူသင့်သည်။ ပုဂံကျောက်စာလာ ကဗျာအလှ၊ စာအလှများသာမကဘဲ ထိုခေတ်က လူများ၏ စိတ်စေတနာအလှများကိုလည်း ခံစားသိရှိနိုင်ပါသေးသည်။ အများသိ မြစေတီကျောက်စာတစ်ချပ်တည်းမှာပင် အဆိုပါအလှများက ပေါ်လွင်ထင်ရှားလျက်ရှိနေသည်။

ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်ကိုခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ရှိသော မြန်မာနိုင်ငံတစ်ဝန်းရှိ ဗောဓိညောင်ပင်များကို ရေစင်သွန်းလောင်းကြတော့မည့်အခါကာလလည်းဖြစ်သည်။ ဗောဓိညောင်ပင်ရင်းတွင် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသည်ကို အကြောင်းပြုလျက် ညောင်ပင်ကိုရေသွန်းပူဇော်ခြင်းဟု မှတ်သားမိသည်။ ညောင်ပင်ကလည်း အပူပိုင်းဒေသတွင် ပေါက်ရောက်သော အပင်မျိုးဖြစ်သည်။ ညောင်ပင်မျိုးစိတ်များစွာရှိသည်။ ညောင်ပင်၊ ညောင်ခြေထောက်ပင်၊ ညောင်ချဉ်ပင်၊ ဗောဓိညောင်ပင်၊ ညောင်မှုတ်ဆိတ်ပင်၊ ညောင်ကားယားပင် စသည်ဖြင့် ညောင်မျိုးများက စုံလင်လှသည်။ ချောက်မြို့နှင့် ရေနံချောင်းမြို့ ဆက်သွယ်ထားသော ကားလမ်းဘေးဝဲယာတွင် ညောင်မှုတ်ဆိတ်ပင်ကြီးများမှာ ကြီးမား၍ အရိပ်ကောင်းလှသည်။ ညောင်ချဉ်ရွက်၊ ညောင်ချဉ်ဖူးတို့ကလည်း တို့မြှုပ်စားနိုင်သလို လက်သုပ်သုပ်စားလျှင်လည်း အရသာရှိသော အညာဟင်းတစ်ခွက်ဖြစ်တော့သည်။

ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတိုင်း အလေးအမြတ်ပြုရသော ဗောဓိညောင်ပင်(တစ်နည်း ညောင်ဗုဒ္ဓဟောပင်ဟုလည်း သတ်မှတ်)ရှိသကဲ့သို့ တိုက်တာအဆောက်အအုံများနှင့် စေတီဘုရားများကို ဖျက်ဆီးတတ်သော ညောင်ပင်မျိုးလည်း ရှိသေးသည်။ မြန်မာတို့၏ဆိုရိုးစကားအဖြစ် မုံရွေးဆရာတော်၏ ဖျက်စုများထဲတွင် ညောင်ပင်၏ အဖျက်သဘောကို ဖော်ပြခဲ့သည်။ "စေတီဘုရား တည်ထားကောင်းလျက်၊ ညောင်ပင်ဖျက်"ဟု စာအလှတစ်ရပ် ပေါ်ပေါက်ခဲ့ပါသည်။ မြန်မာစကားပုံများတွင်လည်း ညောင်ပင်ဆိုင်ရာများ ပါရှိနေပါသေးသည်။ "အကျိုးလိုလို့ ညောင်ရေလောင်း ပတ်ထမ်းတွေ့"၊ "ညောင်သီးလည်းစား၊ လေးသံလည်းနားထောင်"ဟူသော စကားပုံများကို သာဓကပြနိုင်သည်။ အခြားအခြားသော ညောင်ပင်ဆိုင်ရာ စကားပုံနှင့် ဆိုရိုးစကားများစွာလည်း ရှိပါသေးသည်။ ညောင်ပင်က အခြားအပင်တစ်ပင်ကို ကပ်လျက် ပေါက်တတ်ပြီး ပင်စည်၊ အမြစ်များဖြင့် ဝါးမျိုသွားတတ်သော ညောင်ပင်မျိုးလည်း ရှိသည်။ အများအားဖြင့် ထန်းပင်ကိုမျိုလေ့ရှိသည်။ အချို့အရပ်တွင် ညောင်မျိုပင်ဟု ခေါ်ဆိုကြောင်းလည်း မှတ်သားမိသည်။

မြန်မာစာပေတွင် ဆယ့်နှစ်လရာသီဘွဲ့များကို ကဗျာနှင့်တစ်နည်း၊ စကားပြေဖြင့် တစ်ဖုံ၊ ကဗျာအလှ၊ စာအလှများအဖြစ် ခေတ်အဆက်ဆက် ရေးသားဖော်ပြခဲ့ကြသည်။ ပုဂံခေတ်မှသည် ယနေ့တိုင်ဟု ဆိုနိုင်ပါလိမ့်မည်။ ကဗျာဖွဲ့နည်းအမျိုးမျိုးဖြင့် ဖွဲ့နွဲ့ခဲ့ကြသည်။ ကဆုန်လရောက်လျှင် "ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့် မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်"ဟူသော ကဗျာအလှစာတစ်စကို ရွတ်ဆိုမိသည်။ ငယ်စဉ်က စာရေးသူ၏အဒေါ်ဖြစ်သူက နှုတ်တိုက်ချပေး၍ အလွတ်ရပြီး ဆိုနိုင်ခဲ့သည်။

> ❖ ရာသီပန်းက စံကားဝါ။ ရာသီ၏ကြယ်တာရာက ဝိသာခါနက္ခတ်ကြယ်တို့ဖြစ်ကြောင်း သိရသည်။ ကဆုန်လ၏ တောတောင်ထဲတွင် ကျေးငှက်တို့ မြူးပျော်ပုံကိုလည်း ပြဆိုသည်။ ရွှေကျေးဟုဆိုထားရာ ကြက်တူရွေးငှက်ကို ဆိုလိုဟန်ရှိသည်။ "တမာလည်းနု ကျေးလည်းဥ၊ တမာလည်းသီး၊ ကျေးလည်းကြီး"ဆိုသော စကားအရ တမာနုချိန် တပေါင်းလဆန်းတွင် ကျေး(ကြက်တူရွေး)အမများ ဥများဥချ၍ တမာသီးချိန် ကဆုန်လခန့်တွင် ကျေးငှက်များ အရွယ်ရောက်သည်ဟု မှတ်ယူနိုင်ပါလိမ့်မည်။ ထို့ကြောင့် အထက်ပါ ကဆုန်လဘွဲ့တွင် "ရွှေကျေးပျံသင်လို့"ဟူသော စာသားအလှ ပါဝင်သည်ဟုယူချင်ပါသည်။ ❖

အရွယ်ရလာချိန် စာအစုံဖတ်ရာမှ "ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့"လာ စာသားဟု သိရသည်။ နေမိမင်းကြီး နတ်ပြည်တက်ချိန်က ကဆုန်လဖြစ်ကြောင်းလည်း မှတ်သားမိသည်။ ဘုံခန်းနှင့် ငရဲခန်းပျို့ဆိုင်ရာ စာသင်သားများ မှတ်ချက်ပြုခဲ့သော ဘုံခန်းက မြှောက်လွန်းသည်။ ငရဲခန်းက ခြောက်လွန်းသည် ဟူသော စကားက လူထုကြားထိ ပျံ့နှံ့လျက် အရပ်သုံးစကားဥပမာဖြစ်သွားသည်ကိုလည်း သတိရမိသည်။ တစ်ခေတ်တစ်ခါက တက္ကသိုလ်ကောလိပ်များရှိ စာသင်ခန်းများရှိ စာသင်ခုံများတွင် ကျောင်းသား၊ ကျောင်းသူများ၏ ရင်ဖွင့်စာများကို "ခုံစာ"ဟု အမည်ပြောင်ပေးခဲ့ကြဖူးသည်။ ထိုခုံစာများထဲမှ "သံဝရပျို့ အိမ်ပြန်စို့"ဟူသော စာနှင့် "မွေ့နန်းရကန် ငိုက်ချိန်တန်"ဟူသော စာလေးများကို စိတ်ထဲတွင်စွဲထင်လျက်ရှိသည်။ ကာရန်မိသော ကဗျာတိုအလှများဖြစ်၍ တိုတိုနှင့်ထိထိမိမိရှိသည်ဟု ထင်မိသည်။ ခုံစာအလှများစွာလည်း ရှိနေပါသေးသည်။ ယခုအခါ လူမှုကွန်ရက်စာမျက်နှာထက်တွင်သာ စာကဗျာ များစွာ တွေ့ရနိုင်တော့သည်။ အထင်ကရ ဘုရားစေတီများနှင့် ယဉ်ကျေးမှုအဆောက်အအုံများ၊ နေရာများတွင် တွေ့ကရာ စာသားများနှင့် ရေးသားခြင်းများကိုလည်း တွေ့နေရသေးရာ ရှောင်ရှားသင့်ကြပါသည်။

လကဆုန်ရောက်သော်လည်း မိုးသံလေသံက မကြားရသေး။ ရှေးကတော့ ကဆုန်လတွင် မိုးရွာကြောင်းကို "ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့" ဟု စာသားရှိသည်။ ဆယ့်နှစ်လလုံး မိုးရွာကြောင်းကိုလည်း အမှတ်အသားရှိသည်။ မန္တလေးမြို့ ဗောဓိကုန်းဘုရား ညောင်ရေသွန်းပွဲတော်နေ့ဖြစ်သော ကဆုန်လပြည့်နေ့တွင်လည်း မိုးရွာလေ့ရှိသည်ဟု ဒေသခံများက ယုံကြည်လေ့ရှိကြသည်။ မြန်မာတို့က မိုးကိုမျှော်လင့်ကြသည်။ မိုးရွာရန် တောင့်တကြသည်။ မိုးရွာရန် လွန်ဆွဲသောဓလေ့လည်းရှိသည်။ မန္တလေးမြို့ ရန်ကင်းတောင်ရှိ ငါးရံ့မင်းရုပ်တုများကို ရေစင်သွန်းလောင်း ဆုတောင်းလေ့လည်းရှိသည်။ စိုက်ပျိုးရေးကို အားထားရသော နိုင်ငံဖြစ်သည်နှင့်အညီ မိုးရွာမှ ပျိုးသာမည် မဟုတ်ပါလော။

ကဆုန်လ၏ရာသီပန်းမှာ စံကားဝါပန်းဖြစ်သည်။ အပူပိုင်းဒေသ ပေါက်ရောက်ပင်တစ်မျိုးဖြစ်ပြီး အပွင့်မှာရွှေရောင်(အဝါ)ဖြစ်၍ ရနံ့မွှေးသည်။ စာဆိုတော် ဖိုးသူတော်ဦးမင်း၏ ဆယ့်နှစ်လရာသီဘွဲ့ (လေးဆစ်ကဗျာအမျိုးအစား)တွင် ကဆုန်လကို-

စံကားဝါငုံသင်းလို့၊ ကြယ်မင်းတဲ့ဝိသာခါ၊
တိမ်ငွေမှာ ရောင်ခြည်ရွှန်း၊ ထွန်းတဲ့ချိန်ခါ၊
စုံကန္တာ၊ ဟေမာမြိုင်ထဲ၊
ရွှေကျေးပျံသင်လို့၊ စံပျော်ရွှင်သည်ဟိုကူးလို့ ငယ်၊ မြူးကြစမြဲ။

ဟူ၍ ဖွဲ့နွဲ့ခဲ့ပါသည်။ ရာသီပန်းက စံကားဝါ။ ရာသီ၏ကြယ်တာရာက ဝိသာခါနက္ခတ်ကြယ်တို့ဖြစ်ကြောင်း သိရသည်။ ကဆုန်လ၏ တောတောင်ထဲတွင် ကျေးငှက်တို့ မြူးပျော်ပုံကိုလည်း ပြဆိုသည်။ ရွှေကျေးဟုဆိုထားရာ ကြက်တူရွေးငှက်ကို ဆိုလိုဟန်ရှိသည်။ "တမာလည်းနု ကျေးလည်းဥ၊ တမာလည်းသီး၊ ကျေးလည်းကြီး"ဆိုသော စကားအရ တမာနုချိန် တပေါင်းလဆန်းတွင် ကျေး(ကြက်တူရွေး) အမများ ဥများဥချ၍ တမာသီးချိန် ကဆုန်လခန့်တွင် ကျေးငှက်များ အရွယ်ရောက်သည်ဟု မှတ်ယူနိုင်ပါလိမ့်မည်။ ထို့ကြောင့် အထက်ပါ ကဆုန်လဘွဲ့တွင် "ရွှေကျေးပျံသင်လို့"ဟူသော စာသားအလှ ပါဝင်သည်ဟု ယူချင်ပါသည်။

မြန်မာစာကြီးပေကြီး အဖွဲ့အနွဲ့များက ဟိတ်ဟန်ကြီးသည်။ တော်ရုံစာပေအခြေခံဖြင့် လေ့လာ၍မရ။ ဂုဏ်၊ အလင်္ကာ၊ ရသဟူသော အခြေခံအချက်များကိုပင် ပိုင်ပိုင်နိုင်နိုင်ရှိရန် အချိန်ပေး အားထုတ်ရပါလိမ့်မည်။ လမ်းညွှန်ပြသနိုင်သော ဆရာကောင်းများလည်း လိုအပ်ပါသေးသည်။ မြန်မာကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကို ထင်ဟပ်စေသော ကျေးလက်ရိုးရာ တေးကဗျာများကလည်း မြန်မာစာပေတွင် အခိုင်အမာရပ်တည်လျက်ရှိနေသည်။ ကျေးလက်တေးများမှာ လက်တန်းနှုတ်မှရွတ်ဆိုရပြီး ဆင့်ကမ်းသီဆိုခဲ့ကြသော တေးကဗျာအလှများဖြစ်သည်။ ကောက်စိုက်ရင်း၊ ပျိုးနုတ်ရင်းလည်း သီဆိုကြသည်။ မောင်းထောင်းရင်းလည်း ဆိုညည်းကြသည်။ ဗိုင်းငင်ချည်ချရက်ကန်းရက်ရင်းလည်း ဆိုကြသည်။ သားငယ်၊ သမီးငယ်တို့ကို ချော့သိပ်ရာတွင်လည်း တေးကဗျာက ပါစမြဲ။ ထိုတေးကဗျာများက ဆိုရ၊ ကြားရသူအတွက် နှစ်သက်ဖွယ်လည်းဖြစ်သည်။ ရွတ်လွယ်၊ ဆိုလွယ်၊ နားလည်လွယ်သည်ဟုလည်း ထင်မြင်မိသည်။ လကဆုန်၏ ရာသီပန်း စံကားဝါနှင့်သက်ဆိုင်သော ကျေးလက်တေးတစ်ပုဒ်မှာ-

- စံကားဝါငုံတန်သေး
မြင်းပေါ်ကပေး၊
မောင်ပေးလို့ မပန်ထိုက်တယ်
မြင်းမိုက်ကပြေး။

ဟူ၍ ဖြစ်ပါသည်။ စကားတန်ဆာဆင်ခြင်း မပါ။ ရိုးရှင်းသောအဖွဲ့အနွဲ့ဖြစ်သည်။ ဖတ်ရှုသူအတွက် နားလည်လွယ်သော ကဗျာလေးဖြစ်သည်။ ကျေးလက်တေးကဗျာများစွာကလည်း လေ့လာဖတ်ရှုသင့်သော ကဗျာများဖြစ်သည်။ ဆရာမြသန်းတင့်၊ ဆရာမောင်သာနိုးနှင့် တက္ကသိုလ်အသီးသီးမှ စာပေ ပညာရှင်များကလည်း ကျေးလက်တေးကဗျာများကို လက်ဆင့်ကမ်းခဲ့ကြပြီးဖြစ်သည်။

စံကားဝါပန်းဟုဆိုလိုက်လျှင် ပုပ္ပားတောင်ကို လှမ်း၍ မြင်စမြဲဖြစ်သည်။ ပုပ္ပား၊ ကျောက်ပန်းတောင်းနယ်ကို ဒေသခံများက "စံကားဝါမြေ"ဟုပင် ဂုဏ်ယူဝင့်ကြွား တင်စားခေါ်ဝေါ်လေ့ရှိသည်။ ပန်းဆက်သမား ကိုဗျတ္တနှင့်ချစ်သူမယ်ဝဏ္ဏာတို့၏ လွမ်းမောဖွယ်ရာ ဇာတ်လမ်းမှာ ပုပ္ပားတောင်ကို အခြေပြုသည်။ စံကားဝါပန်းနှင့်စပ်လျဉ်း၍ ဆရာမောင်ခင်မင်(ဓနုဖြူ)က ဆယ့်နှစ်လရာသီအမည်ရှိ စာအုပ်တွင် "ညောင်ရေသွန်းသည့် တော်ကဆုန်"ခေါင်းစဉ်ပါ ရသစာတမ်းတွင် အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။ စာရေးလိုသူများနှင့် စာသင်သားများအတွက် လမ်းညွှန်စကားပြေဟု မှတ်ယူမိပါသည်။

"စံကားဝါပန်းနှင့် ဆက်စပ်သတိရစရာများရှိသည်။ "ပုပ္ပားတောင်နှင့် ပန်းပဲမောင်တင့်တယ်"တို့ဖြစ်သည်။ ရှေးက ပုပ္ပားတောင်တွင် စံကားဝါပန်းများ ဖုံးနေသည့်အတွက် ရွှေတောင်ကြီးဟု ထင်ရသည်။ "ပုပ္ပားတောင်သည် ရွှေတောင်တည့်လေ၊ ရွှေတောင်ပတ်ကုံး စံကားပင်နှင့်ဖုံး၊ တောင်လုံးရနံ့ လှိုင်စွလေ"ဟု ပုဂံခေတ်က ရေးဖွဲ့သည့်ကဗျာတွင် ပုပ္ပားတောင်၏ အလှကို စာပန်းချီ ခြယ်ဖူးသည်။ မောင်တင့်တယ်ကို ဖိုကျင်ထိုး၍ အဆုံးစီရင်သည်မှာလည်း စံကားပင်မှာဖြစ်သည်။ မောင်တင့်တယ်နှင့် နှမတို့ စံကားပင်တွင် နတ်ဖြစ်နေရာ လူတို့ကြောက်၍ စံကားပင်ကိုနုတ်ပြီး ဧရာဝတီမြစ်ကြော မျှောလိုက်သည်။ ပုံမင်းက ဆယ်ယူ၍ နတ်မောင်နှမရုပ်ထုပြီး ပုပ္ပားမှာထားသည်။ မဟာဂီရိ နတ်မောင်နှမဟူ၍ ထင်ရှားသည်။

ကဆုန်လ၏ ရာသီပန်းဖြစ်သော စံကားဝါပန်းနှင့် ဆက်စပ်၍ တစ်နွယ်ငင် တစ်စင်ပါ ပေါ်လာသည့် အတွေးများဖြစ်သည်။ ဆရာ မောင်ခင်မင်(ဓနုဖြူ) ၏ အရေးအသားပြေပြစ်ပုံ၊ ဝါကျတည်ဆောက်ပုံ၊ အကိုးအကားများကို ဆီလျော်အောင် ထည့်သွင်းပုံတို့မှာ အတုယူဖွယ်စာအလှဖြစ်သည်။ ကဆုန်လနှင့်စပ်ဆိုင်သော ကဗျာအလှနှင့် စာအလှ အနည်းငယ်ကိုသာ စာလက်ဆောင်ပါး တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

- **သီချင်းပဒေသာ**
- **ဆယ့်နှစ်လရာသီ မောင်ခင်မင်(ဓနုဖြူ)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်


ယခင်နှစ်က ညောင်ရေသွန်းပွဲတော်ကို တွေ့ရစဉ်။

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တွင် ၅၃ ကြိမ်မြောက် ညောင်ရေသွန်းပွဲတော်ကို မေ ၂၂ ရက် (ကဆုန်လပြည့်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးအောင်ဆုထံမှ သိရသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ၅၃ ကြိမ်မြောက် ညောင်ရေသွန်းပွဲတော်ကို စေတီတော်ရင်ပြင်ရှိ မဟာဗောဓိညောင်ပင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အစီအစဉ်ကတော့ မနက်ပိုင်းမှာ စေတီတော်နဲ့ စေတီတော်ရင်ပြင်မှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို အရုဏ်ဆွမ်းဆက်ကပ်မှာဖြစ်ပါတယ်။ အဲဒီနောက်မှာ စေတီတော်ရဲ့ဩဝါဒစရိယဆရာတော်ကြီးတွေနဲ့ ဗိုလ်တထောင်မြို့နယ်အတွင်း ကျောင်းတိုက်အသီးသီးက ဩဝါဒစရိယ၊ ပဓာနနာယကဆရာတော်ကြီး စုစုပေါင်းသံဃာ ၂၂ ပါးကို အရုဏ်ဆွမ်းဆက်ကပ်ပါမယ်။ အရုဏ်ဆွမ်း ဆက်ကပ်ပြီးတာနဲ့ ကဆုန်ညောင်ရေသွန်းပွဲတော်ဖွင့်ပွဲကို ဆရာတော်ကြီးတွေက ချီးမြှင့်ပေးမှာဖြစ်ပါတယ်။ အဲဒီနောက်မှာ ဘုရားဖူးပြည်သူတွေက ညောင်ရေ စတင်သွန်းလောင်းပူဇော်နိုင်ကြပြီဖြစ်ပါတယ်။ စေတနာရှင်၊ အလှူရှင်တွေရဲ့စတုဒိသာကျွေးမွေးလှူဒါန်းမှုတွေလဲရှိမှာဖြစ်ပါတယ်" ဟု ဦးအောင်ဆုက ပြောပြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ၅၃ ကြိမ်မြောက် ညောင်ရေသွန်းပွဲတော်တွင် ဘုရားဖူးလာ ပြည်သူများအနေဖြင့် နံနက် ၈ နာရီမှ ည ၈ နာရီထိ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန်အတွက် ဗိုလ်တထောင်စေတီတော်ရှိ ဗုဒ္ဓဝေယျာဝစ္စအသင်းသား၊ အသင်းသူများနှင့် စေတီတော်ဂေါပကအဖွဲ့၊ ရုံးဝန်ထမ်းများက ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Empire State အက်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျရတ်ဘတ္တလာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၁၇**

Empire State အမည်ရှိ လှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကားသစ်၌ ကမ္ဘာကျော်အက်ရှင်မင်းသား ဂျရတ်ဘတ္တလာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် နယူးယောက်မြို့ရှိ အင်ပိုင်ယာစတိတ် အဆောက်အအုံ တိုက်ခိုက်ဖျက်ဆီးခံရမည့်အရေးကို ကာကွယ်ရန် အမေရိကန်ရေတပ်အထူးတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက ကြိုးစားခဲ့ပုံကို ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Empire State ဇာတ်ကားတွင် မင်းသား ဂျရတ်ဘတ္တလာသည် အင်ပိုင်ယာစတိတ် အဆောက်အအုံကို ကာကွယ်ပေးရမည့် အထူးတပ်ဖွဲ့ဝင်ဟောင်း ရက်အဖြစ်သရုပ်ဆောင်ရမည်ဖြစ်သည်။

Empire State ဇာတ်ကားကို Den of Thieves ဇာတ်ကား ဒါရိုက်တာ ခရစ္စတီယန်ဂူဒီဂတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

မင်းသား ဂျရတ်ဘတ္တလာနှင့် ဒါရိုက်တာ ဂူဒီဂတ်တို့သည် London Has Fallen (2016)ဇာတ်ကား၌ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ဆေးစက်ကျရာ ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသပေးမည်

**ရန်ကုန် မေ ၁၇**

ဆေးစက်ကျရာ ရုပ်သံဇာတ်လမ်းတွဲကို မေ ၁၈ ရက်တွင် Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ဇော်ထွန်းထံမှ သိရသည်။

ဆေးစက်ကျရာ ရုပ်သံဇာတ်လမ်းတွဲသည် ကိုကြီးကျော်၏ ဝတ္ထုဇာတ်လမ်းကို ဖိုးကျော်(သန်လျင်)က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ဇော်ထွန်းက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ အဆိုပါရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ၂၀၂၃ ခုနှစ်အောက်တိုဘာလအတွင်းက ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ကာ ယခုနှစ်တွင် ပရိသတ်များ အွန်လိုင်းမှ အချိန်မရွေး လွယ်လင့်တကူ ထပ်မံကြည့်ရှုနိုင်ရန်အတွက် Channel K Myanmar YouTube Channel မှ မေ ၁၈ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




"ဒီရုပ်သံဇာတ်လမ်းတွဲက အိမ်ထောင်ရေးပညာပေး ဒရာမာဇာတ်လမ်းတွဲဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတုန်းက Channel K ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးပြီးပါပြီ။ အခုတစ်ခါကတော့ အွန်လိုင်းကနေ အလွယ်တကူ အချိန်မရွေး၊ နေရာမရွေး ဟန်းဆက်၊ တက်ပလက်၊ စမတ်တီဗီတွေနဲ့ ကြည့်ရှုနိုင်ဖို့ Channel K Myanmar You Tube Channel က ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာဇော်ထွန်းက ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ အံ့မင်းညို၊ လင်းအောင်၊ ချစ်စုတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဂျေဆင်စတာသမ် သရုပ်ဆောင်မည်

**နယူးယောက် မေ ၁၇**

ကမ္ဘာကျော်မင်းသား ဂျေဆင်စတာသမ်သည် တရားဝင်ဇာတ်ကားနာမည်မပေးရသေးသည့်လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင်မင်းသား ဂျေဆင်စတာသမ်သည် အထီးကျန်ကျွန်းလေးတစ်ကျွန်းပေါ်တွင် နေထိုင်နေစဉ် မုန်တိုင်းမိနေသည့် အမျိုးသမီးတစ်ဦးကို ကယ်တင်ခဲ့ပြီးနောက် ရန်သူဟောင်းများနှင့် ပြန်လည်ရင်ဆိုင်ခဲ့ရသော အမျိုးသားတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသစ်ကို ဒါရိုက်တာ ဘယ်တာဆာကော်မာကာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားသစ်ရိုက်ကူးမှုကို ယခုနှစ် နိုဝင်ဘာလအတွင်း ဗြိတိန်နှင့် အိုက်စလန်နိုင်ငံ၌ ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသစ်ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း၊ မင်းသား ဂျေဆင်စတာသမ်သည် Lionsgate ရုပ်ရှင်ကုမ္ပဏီအတွက် ဒါရိုက်တာ ယန်းဖရန်ဆွာရီချက် တာဝန်ယူရိုက်ကူးမည့် Mutiny ဇာတ်ကားတွင်လည်း ပါဝင် သရုပ်ဆောင်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ကော့မှူးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြေသားရေကန်အနက် တိုးချဲ့တူးဖော်ပြီးစီးမှု စစ်ဆေး

**ကော့မှူး မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိစေရေးအတွက် ကျေးရွာနှစ်ရွာ၌ မြေသားရေကန်အနက် တိုးချဲ့တူးဖော်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၅၄ သန်းဖြင့် အလယ်ရွာကျေးရွာ၌ မြေသားရေကန်အနက် တိုးချဲ့တူးဖော်ပြီးစီးမှုနှင့် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၄ ဒသမ ၅၂ သန်းဖြင့် ကိုးတောင်(ထိန်ကုန်း)ကျေးရွာ၌ မြေသားရေကန်အနက် တိုးချဲ့တူးဖော်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကော့မှူးမြို့နယ် အလယ်ရွာကျေးရွာ၌ အလျား ၁၇၅ ပေ၊ အနံ ၁၆၅ ပေ၊ အနက်သုံးပေရှိ မြေသားရေကန်အနက် တိုးချဲ့တူးဖော်ခြင်းနှင့် ကိုးတောင်(ထိန်ကုန်း)ကျေးရွာ၌ အလျား ပေ ၁၁၀၊ အနံ ပေ ၉၀၊ အနက် သုံးပေရှိ မြေသားရေကန်အနက် တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဖေဖော်ဝါရီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကာ မိုးရာသီတွင် ရေကန်များအတွင်း ရေများသိုလှောင်နိုင်မည်ဖြစ်ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# Number of pilgrims surges at Maha Arnthtoo Kantha Pagoda from second week of May



Maha Arnthtoo Kantha Pagoda attracting lots of visitors.

**PyinOoLwin May 17**

Pilgrims to Maha Arnthtoo Kantha Pagoda is on the rise starting from the second week of May, said U Kyaw Htay, secretary of the pagoda board of trustees.

Such a pagoda is one of the attractive destinations of local and foreign travellers in PyinOoLwin Township. So, number of pilgrims to the pagoda increases in summer.

"Pilgrims are allowed to pay homage to the pagoda from 6 am to 6 pm daily. At present, flocks of pilgrims come from Mandalay, Yangon, Lashio and Taunggyi to the pagoda in addition to those from PyinOoLwin in summer holidays," he explained.

More than 200 pilgrims per day visited the pagoda in the first week of May, compared to more than 500 per day starting from the second week of May.

The pagoda and its precinct have been installed with more than 40 CCTVs for taking security measures for pilgrims. 184

# UN court holds hearing on South Africa's plea against Israel's operations in Gaza

**The Hague May 17**

The International Court of Justice (ICJ) opened its two-day hearings on Thursday regarding South Africa's request to halt Israel's military offensive in Gaza.

South Africa's Ambassador to the Netherlands Vusimuzi Madonsela told the judges that his country has returned to the court "due to the continuing annihilation of the Palestinian people, with over 35,000 now killed, and most of Gaza reduced to rubble."

"Israel continues to show utter contempt for Palestinian life, operating with impunity," he said, explaining the reason behind South Africa's continued call for the protection of "the fundamental rights of the Palestinian people."

Since its initial application to the ICJ on Dec. 29, 2023, South Africa has made subsequent requests in February and March 2024 for additional "provisional measures" to halt Israel's "persistent acts of genocide against the Palestinian people in Gaza."

In the renewed request, Ambassador Madonsela emphasized the escalating "gravity of the situation in Gaza" and "the destruction of Gaza on a scale not witnessed since World War Two." Xinhua

# Bamauk Township completes harvesting of onion and garlic

**Bamauk May 17**

Local farmers have harvested 1,404 acres of onion and garlic grown as cold season in Bamauk Township of Sagaing Region, according to Katha District Agriculture Department.

They started harvesting in Februry at 817 acres of onion and 587 acres of garlic. After harvesting, onion yielded 5,370 viss per acre and garlic 2,011 viss per acre.

"Bamauk Township planted 1,404 acres of onion and garlic and they all have been harvested. These crops yielded high. Our department contacts merchants to purchase onion and garlic at good prices," said U Myint Soe, Head of Katha District Agriculture Department.



Onions and garlic kept on shelves after being harvested.

In 2023-24 financial year, Bamauk Township earmarked cultivation of 551 acres of onion and 482 acres of onion. Starting from October 2023, local farmers planted 817 acres of onion and 587 acres of garlic, totalling 1,404.

The Township Agriculture Department helped local farmers keep crops for long existence, grow GAP system and have quality garlic and onion.

Local farmers cost K18 million per acre for onion and K15 million for garlic in cultivation. 206

# Kenya, Uganda sign agreements to enhance bilateral cooperation

**Nairobi May 17**

Kenya and Uganda on Thursday signed a number of agreements to enhance bilateral cooperation.

One of the agreements allows Uganda to import and transit refined petroleum products through Kenya from producer jurisdictions, resolving challenges faced by Uganda's petroleum sector, Kenyan President William Ruto said.

"We are confident that these instruments will consolidate our strong relationship and anchor it on a transformative trajectory," Ruto said during a joint press briefing with visiting Ugandan President Yoweri Museveni.

Ruto also highlighted the importance of expanding Kenya's standard gauge railway (SGR) from Naivasha to Kampala, Uganda, and the Democratic Republic of the Congo (DRC) as a sustainable and effective infrastructure route for goods transportation. Both countries have instructed their ministers to mobilize resources for this project and report progress by the end of 2024.

Additionally, Kenya pledged to collaborate closely with Uganda on addressing security challenges in the sub-region, including in Sudan, South Sudan, Somalia and the DRC. Xinhua



Kenyan President William Ruto (C) welcomes visiting Ugandan President Yoweri Museveni (L) at the State House in Nairobi, Kenya, on May 16, 2024.

# Farmers harvest more than 3,000 acres of butter bean in Kalay District

**Kalay May 17**

The statistics of Kalay District Agriculture Department stated that a total of 3,270 acres of butter bean has been harvested as cold season in Kalay District of Sagaing Region.

In 2023-24 financial year, Kalay District started harvesting of butter bean. So far, local farmers have harvested 3,211 acres of butter bean in Kalay Township and 959 acres in Mingin Township, totalling 3,270 acres, yielding 18.09 baskets per acre.

"Now, farmers are harvesting remaining butter bean plantations in the district. Local farmers grow butter bean due to fetching good prices," said U Aung, Head of Kalay District Agriculture Department.

Farmers cultivated 3,270 acres of butter beans till the end of December 2023 exceeding the target of 3,247 acres in Kalay District in 2023-24 financial year.

Some farmers planted butter bean only but some mixed some crops in butter bean plantation.

Relevant township agriculture departments assist local farmers in growing butter bean with agricultural techniques to boost per-acre yield, use of quality strains of crops and spraying pests in addition to post-harvest technology. 206

# MoTC to upgrade seven domestic airports in 2024-25 FY



Photo shows the Mawlamyine Airport building.

**Nay Pyi Taw May 17**

Plans are underway to upgrade seven domestic airports in 2024-25 financial year, according to the Ministry of Transport and Communications.

The airports under the control of Department of Civil Aviation namely Thandwe, Putao, Tachilek, Hanthawady, Mawlamyine, Myeik and Kawthoung airports will be upgraded this financial year.

In this regard, the runway with 8,000 feet in length and 150 feet in width will be upgraded to a 9,000 feet long and 150 feet wide runway. So, the runway will be added with a 1,000 feet long section with placing asphalt concrete layer.

The 8,500 feet long and 100 feet wide runway will be repaved with an asphalt layer at Putao Airport of Kachin State. Meanwhile, the damaged fence of Tachilek Airport in Shan State will be renovated with the brick walls. The walls will be fenced with the security facility.

Hanthawady International Airport in Bago Region is being implemented on 9,690.4 acres of land with security fencing. In 2024-25 financial year, the fencing will be 3,400 feet long and 10 feet high brick walls.

Likewise, Mawlamyine Airport will be facilitated with upgraded walls with 15,450 feet in length and six feet in height.

Myeik Airport will repave the asphalt concrete layer on 9,000 feet long and 200 feet wide runway.

Kawthoung Airport will repave the 6,000 feet long and 150 feet wide runway with AC layer. These upgrading tasks will be implemented this financial year, so open tender will be invited to private entrepreneurs in May this year. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Tomato from Inlay and Nawngkhio regions marketable in Mandalay market

**Mandalay May 17**

Tomato from Inlay and Nawngkhio regions flows into Thiri Marlar green grocery market in Aungmyethazan District of Mandalay, fetching good prices, according to the tomato brokerages.

Tomato is produced by Inlay and Nawngkhio regions of Shan State and PyinOoLwin from Mandalay Region at present. Some 25-26 truckloads of tomatoes flow to Thiri Marlar green grocery market in Mandalay on a daily basis.

Currently, tomato from Inlay region fetches K34,000 to K36,000 per 18-viss box and the fruits from Nawngkhio and PyinOoLwin K22,000 to K30,000 per box, said U Aung Moe Naing, owner of Aung brokerage in Mandalay.

"Tomato from Shan State firstly flows into the market getting good prices. Tomatoes from Nawngkhio and PyinOoLwin fetch high prices in the market. Six truckloads of tomato from Nawngkhio and PyinOoLwin and more than 20 truckloads from Inlay region flow into Mandalay market on a daily basis. These will be some 4,000 viss per day. Other regions cannot produce a large volume of tomato at present. Other remaining green groceries are being traded as usual," he added.



Tomatoes from Inlay and Nawngkhio for sale in a Mandalay market.

Moreover, tomato, cauliflower, cabbage, chickpea, mustard, eggplant, potato and onion are being traded normally. 185

# ChaungU Township finishes harvesting of winter sesame on more than 15,000 acres

**ChaungU May 17**

A total of 15,257 acres of winter sesame has been harvested in ChaungU Township of Sagaing Region, according to the township Agriculture Department.

In financial year 2023-24, winter sesame was harvested starting from February 2024 on 15,57 acres of croplands, yielding 12.75 baskets per acre."So far, we have harvested all sown acreage of winter sesame. Our township exceeded the sown acreage more than the target this year. Local farmers used GAP system for boosting per-acre yield," said Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department.

In 2023-24 FY, the township planned to grow 15,680 acres of sesame in winter but local farmers grew 15,257 acres of crops against the target.

Officials from Township Agriculture Department broadened horizon of local farmers to grow expanded sown acreage of sesame, use of GAP system and quality high yield strains of crops.

The crops planted in good agriculture practice can fetch good prices in the market. 206



Newly harvested winter sesame in a field.

# Myanmar's dry chili exports to China boost farmers' profits

**Mandalay May 17**

Daw Ohnmar Kyaw, chairperson of the Chili Market and Technology Development Association, announced that Myanmar's dried chilies are fetching good prices and experiencing strong sales in international markets.

Farmers have been selling Myanmar dried chilies since this month, driven by strong demand from China. Each day, 2 to 3 twelve-wheeled trucks, each carrying 10 tons of dried chilies, are dispatched to China. High-quality chilies are sold for 6,500 to 7,000 kyats per viss, and sales have been robust.

"China prefers our dried chilies. Farmers don't sell them wet; they dry and store them properly. If transportation conditions remain favorable, farmers will continue exporting almost daily. While prices aren't optimal yet, demand is high, and we are committed to exporting dried chilies. This potential for good prices is beneficial for farmers, allowing them to reap the rewards," she explained.

Currently, the varieties being exported include 777, 999, and two others. Farmers are well-prepared to continue their exports. The regions cultivating these chillies include Ayeyawady Region, Shan State, Magway Region and others. 185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားနိုင်ငံ၏ GPS Jamming စွမ်းဆောင်ရည်များ များစွာအရေးပါ



ရုရှားနိုင်ငံ၏ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ၏ တန်ပြန်လုပ်ဆောင်ချက်များသည် အနောက်နိုင်ငံပေါင်းစုံက ထုတ်လုပ်ထားသော တိကျပဲ့ထိန်းလက်နက်များ၏ တိုက်ပွဲဝင်ထိရောက်မှုစွမ်းရည်ကို Zero ထိ ကျဆင်းသွားစေခဲ့သောကြောင့် ရုရှားနိုင်ငံ၏ GPS Jamming စွမ်းဆောင်ရည်များ ယူကရိန်းအထူးစစ်ဆင်ရေးတွင် များစွာ အရေးပါခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားသည် ဒရုန်းရန် ကာကွယ်ရေးအတွက် မတူညီသော မော်ဒယ်လ်အမျိုးမျိုးဖြင့် Anti-Drone Guns ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များ၊ အထူးပြုလုပ်ထားသော သယ်ဆောင်ရလွယ်ကူသည့် Jamming စနစ်များအသုံးပြုကာ GPS အချက်ပြလှိုင်းထုတ်လွှင့်မှုများကို ဖိဖျက်နှောင့်ယှက်ထားနိုင်ပြီး ရန်သူအသေးစားဒရုန်းများ၏ လမ်းကြောင်းပြခြင်းနှင့် ပျံသန်းနိုင်မှုတို့ကို ပျက်ပြားစေသည်။ ဧရိယာတစ်ခုလုံးကို တစ်ပြိုင်နက် လွှမ်းခြုံနိုင်သော အလားတူ ဖိဖျက်နှောင့်ယှက်နိုင်သည့် Jamming စနစ်များဖြင့် အခြေစိုက်အသုံးပြုလာမှုများပါ ကျယ်ကျယ်ပြန့်ပြန့် တပ်ဖြန့်ဆောင်ရွက်ခဲ့ကြသည်။

၂၀၂၃ ခုနှစ်အတွင်း ပထမဆုံးထွက်ပေါ်လာခဲ့သော သတင်းစကားများတွင် ယေဘုယျဆန်သော ဖော်ပြုလာတွက်ချက်မှုများပင် ပါဝင်ခဲ့ကြသည်။ ရုရှားနိုင်ငံ၏ အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များသည် GMLRS၊ GLSDB၊ Excalibur တိကျပဲ့ထိန်းဒုံးကျည်၊ အမြောက်ကျည်၊ ခဲယမ်းများစသည်တို့ ထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းကို ပိတ်ပင်တားမြစ်ထားနိုင်ပြီး လေယာဉ်မှပစ်လွှတ်သည့် လက်နက်များနှင့် ဒရုန်းများတွင် ပြဿနာများဖြစ်ပေါ်လာတော့သည်။

ယူကရိန်းစစ်နယ်ဝန်းတွင် အသုံးပြုတိုက်ပွဲဝင်နေသော စစ်လက်နက်ပစ္စည်းခဲယမ်းများ၏ တိုက်ပွဲဝင်ထိရောက်မှုကျဆင်း၊ နိမ့်ပါးနေခြင်းဖြင့် ရင်ဆိုင်နေရသော အမေရိကန်နိုင်ငံသည် HOJ (Homing On GPS)ဟုခေါ်သော GPS လုပ်ဆောင်ချက်များအတွက် တန်ပြန်ဖြည့်စွက်စနစ်များ ဖြန့်ကြက်အသုံးပြုတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ HOJ (Homing On GPS) အာရုံခံကိရိယာအရေအတွက်ကို မကြေညာသေးဘဲ စုစုပေါင်းကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းကျော်ဖြစ်သည်။

SARA အဖွဲ့ ထုတ်လုပ်ထားသော HOJ အာရုံခံစနစ်များကို JDAM Kit တွင် ပေါင်းစပ်ထားပြီး JDAM ဗုံးကို နှောင့်ယှက်ဖိဖျက်သည့် ရေဒီယိုလှိုင်းများကို ခြေရာခံကာ ပစ်မှတ်ထားတိုက်ခိုက်နိုင်စေမည်ဖြစ်သည်။ ထိုသို့သော လုပ်ဆောင်ချက်များသည် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များကို ရှာဖွေခြင်းနှင့် တန်ပြန်လက်ဦးမှုရယူ တိုက်ခိုက်ဖျက်ဆီးခြင်းအတွက် အဓိကရည်ရွယ်၍ တီထွင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ရေဒါလှိုင်း ဖိဖျက်နှောင့်ယှက်ခြင်း Radar Jamming သည် အရပ်ဘက်လေကြောင်းလိုင်းများအတွက် ဆိုးရွားသော အကျိုးဆက်များရှိတတ်သည်။ လက်ရှိတွင် ပိုလန်နိုင်ငံသည် ၎င်း၏ပိုင်နက်နယ်မြေရှိ GPS စနစ်တွင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုများရှိနေသည်ဟု အခိုင်အမာပြောကြားထားပြီး ဥရောပသမဂ္ဂသည် မကြာသေးမီလများအတွင်း အရပ်ဘက်စီးပွားရေးဆိုင်ရာ လေကြောင်းလိုင်းခရီးစဉ် ၁၆၀၀ ကျော်တွင် GPS ပြဿနာများဖြင့် ကြုံတွေ့နေရကြောင်း အစီရင်ခံထားသည့်အချက်များကို ထောက်ရှုခြင်းအားဖြင့် ရုရှားနိုင်ငံ၏ အားကောင်းသော GPS Jamming အီလက်ထရွန်နစ်စစ်ဆင်ရေး စွမ်းဆောင်ရည်များသည် ယူကရိန်းတွင်သာမက ဥရောပ အိမ်နီးချင်းနိုင်ငံများထိပင် သက်ရောက်မှုများ ကြုံတွေ့နေရကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Analysis : GPS Jamming key of Russian operationnal capacities in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက RPG-7 တင့်ဖျက်ကျည်များတပ်ဆင်ထားသော Loitering Munition ဒရုန်းသစ်ကို တပ်ဖြန့်အသုံးပြု

ယူကရိန်း ကာကွယ်ရေးတပ်ဖွဲ့များသည် ၂၀၂၄ ခုနှစ် မေ ၈ ရက်တွင် RPG-7 တင့်ဖျက်ကျည်များ တပ်ဆင်ထားသော Loitering Munition ဒရုန်းသစ်ကို တပ်ဖြန့်အသုံးပြုနေမှုဓာတ်ပုံများ ထုတ်ပြန်ခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

UJ-32 LASTIVKA ဘက်စုံသုံး Loitering Munition ဒရုန်းသည် အီလက်ထရွန်နစ်စစ်ဆင်ရေး တန်ပြန်လုပ်ဆောင်မှုများကြားတွင်ပင် နေ့အချိန် သို့မဟုတ် မည်သည့်ရာသီဥတုအခြေအနေမျိုးတွင်မဆို ထိရောက်စွာတိုက်ပွဲဝင်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး အသေခံတိုက်ခိုက်ရေး ဒရုန်းအမျိုးအစား ဖြစ်သည်။ UJ-32 သည် မြေပြင်နှင့် ရေပြင် တည်ငြိမ်ပစ်မှတ်များကိုတိုက်ခိုက်ရန်အတွက် သင့်လျော်သည်။ ၎င်း၏အဓိက အင်္ဂါရပ်များထဲမှ တစ်ခုမှာ ပျံသန်းရေးတာဝန်ကို အချိန်နှင့်တစ်ပြေးညီပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို လုပ်ဆောင်နိုင်ပြီး ပစ်မှတ်တစ်ခုတည်းတွင် စုပြုပေါင်းစပ်တိုက်ခိုက်မှုလုပ်ဆောင်နိုင်သည့်နည်းလမ်း သို့မဟုတ် ပစ်မှတ်များစွာကို သီးခြားစီပေါင်းစည်းတိုက်ခိုက်လုပ်ဆောင်မှုနည်းလမ်း (Flock Mode)ပါရှိခြင်းဖြစ်သည်။

UJ-32 သည် ပစ်မှတ်ကိုတိုက်ခိုက်ဖျက်ဆီးရာတွင် တိကျမှုမြင့်မားကောင်းမွန်ပြီး ၎င်းသည် ပစ်လွှတ်ခြင်း၊ ပျံသန်းခြင်းနှစ်ခုစလုံးတွင် ဆူညံသံနည်းပါးသည့်အပြင် ကိုယ်ပျောက် စွမ်းဆောင်ရည်ပိုင်းတွင် အဆင့်မြင့်တင်ထားခြင်းဖြစ်သည်။ အသေခံတိုက်ခိုက်ရေးဒရုန်းတွင် လက်နက်ခဲယမ်းများကို လျင်မြန်စွာဖြုတ်ခြင်း၊ တပ်ခြင်းများဆောင်ရွက်နိုင်ရန် ပြုလုပ်ထားပြီး စောင့်ကြည့်ထောက်လှမ်းရေးစွမ်းဆောင်ရည်များအတွက် ဒုံးထိပ်ဖူးတပ်ဆင်မည့်နေရာတွင် Onboard Camera တစ်လုံး လဲလှယ်တပ်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အလျင်နှုန်း တစ်နာရီလျှင် ၆၀ ကီလိုမီတာမှ ၁၈၀ ကီလိုမီတာ၊ ပျံသန်းချိန် မိနစ် ၂၀ ကြာ အလိုအလျောက်ပျံသန်းနိုင်သော အများဆုံးအကွာအဝေး ကီလိုမီတာ ၄၀ တို့ဖြင့် ဒီဇိုင်းထုတ်ထားသော UJ-32 သည် ၎င်း၏စံပြုပုံစံဖွဲ့စည်းမှုတွင် RPG-7 တင့်ဖျက်ကျည်များအပြင် အခြားခဲယမ်းအမျိုးအစားများနှင့်လည်း တွဲဖက်အသုံးပြုနိုင်သည်။ ကျစ်လျစ်ပေါ့ပါးစွာ တည်ဆောက်ထားပုံသည် ပစ်မှတ်ထားတိုက်ခိုက်မှုများ တိကျစွာလုပ်ဆောင်နိုင်ရန်နှင့် ရန်သူရေဒါထောက်လှမ်းခံရနိုင်မှု နည်းပါးစေရန်အတွက် အကောင်းဆုံးထုတ်လုပ်ထားသည်ဟုသိရသည်။ ရှည်လျားသော ကိုယ်ထည်နှင့် ရိုးရှင်းသောဒီဇိုင်း၌ ရှေ့ဘက်တွင် ပန်ကာပါရှိကာ ၎င်းကိုသမားရိုးကျလောင်ကျွမ်းသည့် အင်ဂျင်များထက် ပိုမိုတိတ်ဆိတ်စွာ လုပ်ဆောင်နိုင်စေသည့် လျှပ်စစ်မော်တာဖြင့် အသုံးပြုနိုင်ဖွယ်ရှိသည်။ တည်ငြိမ်မှုနှင့် ပျံသန်းမှုစွမ်းဆောင်ရည်ကိုမြှင့်တင်ရန် တောင်ပံကိုကိုယ်ထည်အပေါ်ပိုင်း၌ တပ်ဆင်ထားသည်။




ယူကရိန်းနှင့် ရုရှားကြား ဖြစ်ပွားနေသော ပဋိပက္ခတွင် Loitering Munition များကဲ့သို့သော အသေခံတိုက်ခိုက်ရေးဒရုန်းများသည် အရေးပါလာခဲ့ပြီး ခေတ်မီစစ်မြေပြင်တွင် အခြေခံစစ်နည်းဗျူဟာများကို ပြောင်းလဲကျင့်သုံးခဲ့ကြရသည်။ ဤသို့ မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များ၊ တိုက်ခိုက်ရေးဒရုန်းများကို နှစ်နိုင်ငံစလုံးက အသုံးပြုနေကြသော်လည်း ရုရှားနိုင်ငံသည် လက်ရှိတွင် Orlan-10၊ ZALA Lancet နှင့် Shahed ဒရုန်းများကဲ့သို့ ခေတ်မီဆန်းပြားသောမော်ဒယ်များ၊ ထူးခြားကောင်းမွန်သော စွမ်းဆောင်ရည်များဖြင့် သာလွန်စွမ်းအားကိုပိုင်ဆိုင်ထားသည်။ အမှန်စင်စစ် လက်နက်ခဲယမ်းအရင်းအမြစ်များတွင် ရုရှားထက် အဘက်ဘက်က နိမ့်ကျလျက်ရှိသော ယူကရိန်းအနေဖြင့် တိုက်ခိုက်ရေးဒရုန်းများ၊ အသေခံတိုက်ခိုက်ရေးဒရုန်းများကို အသုံးပြု၍ ရုရှားစစ်ရေးစွမ်းအားစုများအပေါ် တုံ့ပြန်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြပြီး အမြောက်ကျည်၊ ခဲယမ်းပြတ်လပ်မှုကို ပြန်လည်ဖာထေးတိုက်ပွဲဝင်နိုင်ရန် အသည်းအသန်ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနိုင်ငံများကလည်း ကျောထောက်နောက်ခံပြုထောက်ပံ့နေသကဲ့သို့ ယူကရိန်းပြည်တွင်းကုမ္ပဏီများကလည်း အစုအပေါင်းရန်ပုံငွေများဖြင့် ပြည်တွင်း၌ ဒရုန်းများထုတ်လုပ်ရေးကို အရှိန်မြှင့် လုပ်ဆောင်လာခဲ့ကြကြောင်း သိရသည်။

**Ukraine Deploys New Loitering Munition Armed with RPG-7 Anti-tank Ammunition ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ၂၃၄၁ ဧက နုတ်သိမ်းပြီးစီး



**ရွှေဘို မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ၂၃၄၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စိုက်ခင်းများနုတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ နုတ်သိမ်းခဲ့ရာ ယနေ့ထိ ကြက်သွန်နီ ၂၃၁၃ ဧက တစ်ဧကလျှင် ၄၄၇၈ ဒသမ ၉၃ ပိဿာနှင့် ကြက်သွန်ဖြူ ၂၈ ဧက တစ်ဧကလျှင် ၂၈၆၉ ဒသမ ၇၅ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီနဲ့ ကြက်သွန်ဖြူ ၂၃၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ ကြက်သွန်တွေ ဈေးကွက်ထဲ ဈေးကောင်းရဖို့ကိုလဲ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ဧက ၂၂၁၀၊ ကြက်သွန်ဖြူ ၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကြက်သွန်နီ ၂၃၁၃ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း ၂၃၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကြက်သွန်စိုက်တောင်သူများ ကြက်သွန်ကို ကြာရှည်စွာ အထားခံနိုင်ရန်၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်ဖြစ်စေရန် နည်းပညာပေးလုပ်ငန်းများကို ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်စိုက် တောင်သူများအနေဖြင့် ကြက်သွန်နီ တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး ကြက်သွန်ဖြူစိုက် တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

(၂၀၆)

# မက်မန်းမြို့နယ် ရောင်အူဝကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မက်မန်း မေ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရောင်အူဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မင်းထွန်းနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မွေးမြူရေးလုပ်ငန်းများနှင့် ငွေစာရင်းပုံစံများ ဖြည့်သွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများရေရှည်တည်တံ့စေရန် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



မက်မန်းမြို့နယ် ရောင်အူဝကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သံသာ**

# ဘားအံမြို့နယ် မိန်းမလှကျွန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ မေ ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိန်းမလှကျွန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မိန်းမလှကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၇၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဘိုဘို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၇-၅-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဓားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၂၅ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)

**ထက်မြတ်**

နယ်နိမိတ်အနေဖြင့် ကီလိုမီတာပေါင်း ၂၂၀၀ ကျော်ထိစပ်နေသည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြားက ဆက်ဆံရေးမှာ ယခုမှပေါ်ထွန်းလာသည့် ဆက်ဆံရေးမျိုး မဟုတ်။ အေဒီ ၈၀၂ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်ဟုမှတ်သားရသည်။

ထိုအချိန်များကတည်းက ထိုင်ဝမ်ကျွန်းသည် တရုတ်ပြည်မကြီး၏လက်အောက်တွင် ရှိနေသည့် ဒေသတစ်ခုဖြစ်သည်။ ထိုအချိန်က ယခုကဲ့သို့ နိုင်ငံရေးပဋိပက္ခများမရှုပ်ထွေးသေးပေ။

အိမ်နီးချင်းနိုင်ငံပီပီ တရုတ်တစ်နိုင်ငံတည်းမူဝါဒ(One China Policy)ကို ခိုင်ခိုင်မာမာရပ်တည်ထောက်ခံပြီး တရုတ်အစိုးရနှင့်သာ အစဉ်အဆက် သံတမန်ဆက်ဆံရေးထူထောင်ခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုင်ဝမ်ကျွန်းသည် တရုတ်ပြည်မကြီး၏နယ်မြေတစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံက အစဉ်အမြဲသတ်မှတ်ထားသောကြောင့်ဖြစ်သည်။

သမိုင်းအစဉ်အလာအားဖြင့်သော်လည်းကောင်း၊ မှတ်တမ်းမှတ်ရာအထောက်အထားများအရသော်လည်းကောင်း၊ ကုလသမဂ္ဂကပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း ထိုင်ဝမ်ကျွန်းသည် တရုတ်နိုင်ငံ၏ပိုင်နက်နယ်မြေတစ်ခုဖြစ်သည်မှာ ထင်ရှားနေသည်။

ထို့ကြောင့် အမှန်ကိုသိမြင်နေသော မြန်မာနိုင်ငံအစိုးရအဆက်ဆက်အနေဖြင့် လက်ခံထားသည့် ဘယ်တော့မှမပြောင်းလဲမယ့်အမှန်တရားတစ်ခုကတော့ "တရုတ်နိုင်ငံဆိုတာ တစ်နိုင်ငံတည်းပါ"ဆိုသည့် အချက်ပဲဖြစ်. . .

တရုတ်ပြည်မကြီးက ထိုင်ဝမ်ကျွန်းကို ၎င်းတို့၏ပြည်နယ်တစ်ခုအဖြစ် ယနေ့အချိန်အထိ သတ်မှတ်ထားဆဲဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏နယ်မြေပိုင်နက်ထဲတွင် ထိုင်ဝမ်ကျွန်းလည်းအပါအဝင်ဖြစ်သည်။ ထိုင်ဝမ်ကျွန်းက တရုတ်နိုင်ငံ၏ခွဲထုတ်လို့မရသည့်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းကိုလည်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်းများစွာက တရားဝင်အသိအမှတ်ပြုထားသည်။

သို့သော် နယ်ချဲ့ကျူးကျော်သူများ၏ နယ်မြေသိမ်းစစ်ပွဲများကြောင့် တရုတ်ပြည်မကြီးသည်လည်းကောင်း၊ ထိုင်ဝမ်ကျွန်းသည်လည်းကောင်း နယ်ချဲ့များ၏လက်တွင်းသို့ သက်ဆင်းခဲ့ရသည်။

အတိအကျဆိုရလျှင် ၁၈၉၅ ခုနှစ်တွင် ချင်မင်းဆက်က ဂျပန်အင်ပါယာကိုစစ်ရှုံးခြင်းကြောင့် ထိုင်ဝမ်ကျွန်းကိုလက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ ထိုအချက်ကိုကြည့်ခြင်းအားဖြင့် ထိုင်ဝမ်ကျွန်းသည် ရေလက်ကြားတစ်ခုခြားနေသော်လည်း တရုတ်ပြည်မကြီးနှင့်တစ်ဆက်တည်းဖြစ်တည်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့နောက် ဒုတိယကမ္ဘာစစ်ကာလသို့ ရောက်လာသည်။ ထိုအချိန်တွင် တရုတ်ပြည်မကြီးကလည်း နိုင်ငံကိုကျူးကျော်သူဂျပန်တို့၏ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ခွင့်ရရန် ကြိုးပမ်းနေချိန်ဖြစ်သည်။ နောက်ဆုံးတွင် ဂျပန်တို့စစ်ရှုံးပြီး တရုတ်နိုင်ငံကိုသာမက ထိုင်ဝမ်ကျွန်းကိုပါ လက်လွှတ်လိုက်ရသည်။

၁၉၄၃ ခုနှစ် ကိုင်ရိုကြေညာချက်နှင့် ၁၉၄၅ ခုနှစ် ပို့(စ်)ဒမ်ကြေညာချက်တို့ကို ကြည့်မည်ဆိုလျှင်လည်း ဂျပန်တို့အနေဖြင့် သိမ်းယူထားသော ထိုင်ဝမ်ကျွန်းကို တရုတ်ပြည်မကြီးသို့ပြန်လည်ပေးအပ်ရမည်ဟု အတိအလင်းဖော်ပြထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် ထိုင်ဝမ်ကျွန်းသည် တရုတ်ပြည်မကြီး၏နယ်မြေဖြစ်သည်ဟူသော သက်သေကအခိုင်အမာရှိပြီးဖြစ်သည်။

တစ်ဖန် ထိုအချိန်က တရုတ်နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေကိုကြည့်မည်ဆိုလျှင် ၁၉၁၁ ခုနှစ်တွင် ချင်မင်းဆက်ဖြုတ်ချခံရပြီးနောက် ၁၉၁၂ ခုနှစ်တွင် တရုတ်သမ္မတနိုင်ငံဟူ၍ ထွက်ပေါ်လာသည်။

၁၉၂၇ ခုနှစ်တွင်မူ တရုတ်ကွန်မြူနစ်ပါတီနှင့်ကူမင်တန်ပါတီတို့ကြား အပြန်အလှန် တိုက်ခိုက်မှုများကြောင့် ပြည်တွင်းစစ်စတင်ဖြစ်ပွားသည်။ တရုတ်ပြည်မကြီးကို ဂျပန်တို့ကျူးကျော်တိုက်ခိုက်လာသောအခါ ပြည်တွင်းစစ်ဖြစ်နေသောအဖွဲ့များက ပူးပေါင်းပြီး ဂျပန်ကိုတွန်းလှန်တိုက်ခိုက်သည်။

ဂျပန်တို့လက်နက်ချကာ ထိုင်ဝမ်ကျွန်းကို တရုတ်ပြည်မကြီးသို့ပြန်လည်လွှဲပြောင်းပေးပြီးနောက် ၁၉၄၅ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ တရုတ်ပြည်တွင်းစစ်ဆက်လက်ဖြစ်ပွားသည်။ ထိုပြည်တွင်းစစ်တွင် ကူမင်တန်တို့ ရှုံးနိမ့်ပြီး ထိုင်ဝမ်ကျွန်းသို့ထွက်ပြေးသွားသည်။

ထိုအချိန်တွင် ထိုင်ဝမ်ကျွန်းရောက် ကူမင်တန်များက အမေရိကန်၏အကူအညီကိုရယူကာ တရုတ်သမ္မတနိုင်ငံကိုထူထောင်ရန်ကြိုးစားသည်။ ကုလသမဂ္ဂတွင်လည်း ထိုင်ဝမ်ကျွန်းတွင်အစိုးရဖွဲ့သူများက တရုတ်နိုင်ငံကိုယ်စားပြုဟုဆိုကာ နေရာရလာသည်။ သူတစ်ယောက်တည်းကြိုးစားမှုကြောင့်တော့မဟုတ်။ အမေရိကန်ဦးဆောင်သောအနောက်အုပ်စု၏ သွေးခွဲအုပ်ချုပ်မှုပုံစံကြောင့်သာဖြစ်သည်။

၁၉၇၁ ခုနှစ်အရောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကသာ တရုတ်နိုင်ငံဖြစ်သည်ဟု ကုလသမဂ္ဂအထွေထွေညီလာခံက အတိအလင်းအတည်ပြုပြီး ထိုင်ဝမ်ကျွန်းတွင်ဖွဲ့ထားသည့်အစိုးရအဖွဲ့ကို တရုတ်နိုင်ငံအစိုးရအဖြစ် အသိအမှတ်ပြုမှုမှ ဖယ်ရှားခဲ့သည်။

တရုတ်ပြည်မကြီးက ထိုင်ဝမ်ကျွန်းကို ၎င်းတို့၏ပြည်နယ်တစ်ခုအဖြစ် ယနေ့အချိန်အထိသတ်မှတ်ထားဆဲဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏နယ်မြေပိုင်နက်ထဲတွင် ထိုင်ဝမ်ကျွန်းလည်းအပါအဝင်ဖြစ်သည်။ ထိုင်ဝမ်ကျွန်းက တရုတ်နိုင်ငံ၏ခွဲထုတ်လို့မရသည့်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းကိုလည်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်းများစွာက တရားဝင်အသိအမှတ်ပြုထားသည်။

ထိုသို့အသိအမှတ်ပြုထားသောနိုင်ငံများထဲတွင် အမေရိကန်နိုင်ငံလည်းအပါအဝင်ဖြစ်သည်။ သို့သော် အမေရိကန်သည် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ဆက်ဆံရေးကို ဖန်တီးလေ့ရှိသောနိုင်ငံဖြစ်သောကြောင့် ရှေ့တွင်ထိုင်ဝမ်ကျွန်းကို တရုတ်နိုင်ငံ၏ အစိတ်အပိုင်းဖြစ်သည်ဟုပြောလေ့ရှိသော်လည်း နောက်ကွယ်တွင်မူ တရုတ်နိုင်ငံမှ ထိုင်ဝမ်ကျွန်းခွဲထွက်စေရန် မြှောက်ထိုးပင့်ကော်လုပ်ပေးနေသည်။

ထိုင်ဝမ်ကျွန်းကို လက်နက်တွေတင်ပို့ရောင်းချပေးသည်၊ တရားဝင်သံတမန်ဆက်ဆံရေးမထူထောင်ထားသော်လည်း တရုတ်အစိုးရကိုအသိမပေးဘဲ ထိုင်ဝမ်ကျွန်းသို့ သံတမန်အဖွဲ့များကိုစေလွှတ်သည်။ ဒီလိုလုပ်ဆောင်နေခြင်းက ထိုင်ဝမ်ကျွန်းကို သီးခြားလွတ်လပ်သောနယ်မြေတစ်ခုအဖြစ် သတ်မှတ်နေသကဲ့သို့ဖြစ်သည်။

ထိုင်ဝမ်ကျွန်းက ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ရေးကို ဖော်ဆောင်ထားသည်။ အရင်က ထိုင်ဝမ်ကျွန်းကိုထွက်ပြေးလာခဲ့ရသည့် ကွန်မြူနစ်ပါတီကအစိုးရအဖွဲ့အဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် တရုတ်နှင့်ပေါင်းစည်းရေး လုပ်ဆောင်လိုစိတ်ရှိလာသောကြောင့် Democratic Progressive Party-DPP က နောက်ပိုင်းရွေးကောက်ပွဲများ၌ အနိုင်ရလာသည်ကို တွေ့ရသည်။

တရုတ်နှင့်ပေါင်းစည်းခြင်းသည် ထိုင်ဝမ်ကျွန်းအတွက် အကျိုးယုတ်သည့်လုပ်ရပ်မဟုတ်ဘဲ လွန်စွာမှအကျိုးရှိစေသော ရလဒ်များကိုထွက်ပေါ်စေမည်မှာ အမှန်ပင်ဖြစ်သည်။ တကယ်တမ်းတွင် ထိုင်ဝမ်ကျွန်း၌နေထိုင်သူများက တရုတ်နှင့်ပူးပေါင်းလိုသည်။ အမေရိကန်နှင့်အနောက်နိုင်ငံများက ထိုသို့ဖြစ်သွားမှာကိုမလိုလား။ ထို့အတွက်ကြောင့်ပင် ထိုင်ဝမ်ကျွန်းကို တရုတ်ပြည်မကြီးမှခွဲထုတ်ဖို့ ကြိုးစားနေခြင်းဖြစ်သည်။

ထိုင်ဝမ်ကျွန်းသည် တရုတ်နိုင်ငံနှင့် ပေါင်းစည်းသွားပါက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အစရှိသည့်ကိစ္စအရပ်ရပ်တွင် ယခုထက်ပို၍တိုးတက်မှုများရှိလာနိုင်သည်။ သို့သော် အာရှ-ပစိဖိတ်ဒေသကိုလွှမ်းမိုးနိုင်ရေး ကြိုးပမ်းနေသည့် အမေရိကန်နှင့် အနောက်အုပ်စုအတွက်အရှိုက်ထိစေမည့် ထိုးနှက်ချက်ဖြစ်လာနိုင်သည်။ ထို့ကြောင့် အမေရိကန်တို့က ထိုင်ဝမ်ကျွန်းကို တရုတ်ပြည်မကြီးမှခွဲထွက်စေရန် ပေါ်ပေါ်တင်တင် ထောက်ပံ့ပေးနေခြင်းဖြစ်သည်။

သိပ်မကြာမီအချိန်တွင် ထိုင်ဝမ်ကျွန်း၌ ခေါင်းဆောင်အသစ်က ကျမ်းသစ္စာကျိန်ဆိုတော့မည်။ သူ့နာမည်က လိုင်ချင်းတယ် ဖြစ်သည်။ ထိုင်ဝမ်ကျွန်းနှင့်ပတ်သက်၍ တရုတ်အစိုးရအပေါ်ထားရှိသည့် သူ၏ သဘောထားကတင်းမာမှုရှိသည်။ ဒါဟာ ကောင်းမွန်သည့်အခြေအနေတော့မဟုတ်ပေ။

လိုင်ချင်းတယ်ဆိုသူမှာ ဆိုင်ယင်းဝမ် လက်ထက်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး DPP ပါတီမှပင် ဝင်ရောက်ယှဉ်ပြိုင်သူဖြစ်သည်။ ဇန်နဝါရီလ ၁၃ ရက်ရွေးကောက်ပွဲတွင် ထောက်ခံမဲအရေအတွက် ၄၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး လာမည့် မေလ ၂၀ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

ထိုင်ဝမ်ကျွန်းက တရုတ်နိုင်ငံ၏ပြည်နယ်တစ်ခုအဖြစ် တရားဝင်တည်ရှိနေသော်လည်း ခွဲထွက်ရေးကြိုးပမ်းသူများက သူတို့ဒေသကို နိုင်ငံတစ်ခုအဖြစ်သတ်မှတ်ကာ သမ္မတရွေးကောက်ပွဲများကျင်းပနေခြင်းဖြစ်သည်။ တရုတ်ကတော့ ထိုရွေးကောက်ပွဲများကို ဒေသခေါင်းဆောင်ရွေးကောက်ပွဲဟုသာ သတ်မှတ်ထားသည်။

လိုင်ချင်းတယ်က ရွေးကောက်ပွဲအနိုင်ရချိန်တွင် ပြောထားသည့်စကားတစ်ခုရှိသည်။ သူ့အနေဖြင့် ထိုင်ဝမ်ကျွန်း၏လွတ်လပ်ရေးကို တရုတ်တို့လက်မှကာကွယ်ကာ တခြားသောဒီမိုကရေစီနိုင်ငံများနှင့် ဆက်ဆံရေးကို ပိုမိုတိုးမြှင့်တည်ဆောက်သွားမည်ဟု ဆိုထားခြင်းဖြစ်သည်။

ရွေးကောက်ပွဲမလုပ်ခင်ကတည်းက လိုင်ချင်းတယ်၏သဘောထားတချို့ကို သူ၏ပြောစကားများတွင်လည်းတွေ့ရသည်။ သူ၏သဘောထားမှတ်ချက်ကို ပြန်ဖော်ပြရသော် "ထိုင်ဝမ်ဆိုတာ အချုပ်အခြာအာဏာပိုင်လွတ်လပ်တဲ့နိုင်ငံဖြစ်ပြီး တရုတ်သမ္မတနိုင်ငံလို့ခေါ်ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးကို သီးသန့်ကြေညာဖို့မလိုတော့ပါဘူး"ဆိုပြီးဖြစ်သည်။

မကြာခင်ကျင်းပမည့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ အမေရိကန်ဘက်က အရာရှိဟောင်းများကိုစေလွှတ်သွားရန်စီစဉ်ထားသည်။ ထိုင်ဝမ်ကျွန်းနှင့် သံတမန်ဆက်ဆံရေးရှိသော နိုင်ငံ ၁၂ နိုင်ငံမှ တာဝန်ရှိသူတချို့တက်ရောက်မည်။ ဩစတြေးလျမှ လွှတ်တော်အမတ်များလည်းတက်ရောက်မည်ဖြစ်သည်။

ထိုင်ဝမ်ကျွန်းနှင့် ဆက်ဆံရေးရှိပြီး တရုတ်ပြည်မကြီးနှင့်ဆက်ဆံရေးမရှိသည့် နိုင်ငံများမှကိုယ်စားလှယ်များက ထိုပွဲသို့ တက်ရောက်မည်မှာ အကြောင်းမဟုတ်။ တရုတ်အစိုးရနှင့် သံတမန်ဆက်ဆံရေးထူထောင်ထားသည့် အမေရိကန်အပါအဝင် အနောက်အုပ်စုမှ တာဝန်ရှိသူတချို့အနေဖြင့် ထိုပွဲသို့တက်ရောက်မည်ဆိုခြင်းက တင်းမာမှုများကိုပိုမိုဖြစ်ပေါ်စေမည်ဖြစ်သည်။

အမေရိကန်က တရုတ်နိုင်ငံကိုထိန်းချုပ်ဖို့ရာအတွက် ဖြစ်နိုင်သမျှသောနည်းလမ်းများအားလုံးကို ပုံအောအသုံးပြုနေသည့်အချိန်ဖြစ်သည်။ ထိုအချိန်တွင်ထိုင်ဝမ်ကျွန်းကိုခွဲထုတ်ဖို့ ပြင်းပြင်းထန်ထန်ကြိုးစားပါက ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေအထိပါ ကမောက်ကမဖြစ်သွားနိုင်သည်။

သို့သော် ဒီအခြေအနေတွေကို အမေရိကန်ကဂရုမစိုက်ပေ။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် စိတ်ဓာတ်ရှိနေသူက အမေရိကန်ဖြစ်သည်။ ထိုင်ဝမ်ကျွန်းကတော့ ကျားချင်းကိုက်ရာ သမင်လမ်းကူးများဆိုသည့် စကားပုံအတိုင်း ဒုတိယယူကရိန်းဖြစ်လာနိုင်သည်။

မိမိတို့မြန်မာနိုင်ငံကမူ ဟိုးယခင်ကတည်းက ထိုင်ဝမ်ကျွန်းဆိုတာကို တရုတ်နိုင်ငံ၏ ပိုင်နက်တစ်ခုအဖြစ်သာသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုင်ဝမ်ကျွန်းနှင့်လည်း မည်သည့်အခါကမျှ သံတမန်ဆက်ဆံရေး မထူထောင်ခဲ့ပေ။

အိမ်နီးချင်းနိုင်ငံပီပီ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို ခိုင်ခိုင်မာမာရပ်တည်ထောက်ခံပြီး တရုတ်အစိုးရနှင့်သာ အစဉ်အဆက်သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုင်ဝမ်ကျွန်းသည် တရုတ်ပြည်မကြီး၏ နယ်မြေတစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံက အစဉ်အမြဲသတ်မှတ်ထားသောကြောင့်ဖြစ်သည်။

သမိုင်းအစဉ်အလာအားဖြင့်သော်လည်းကောင်း၊ မှတ်တမ်းမှတ်ရာအထောက်အထားများအရသော်လည်းကောင်း၊ ကုလသမဂ္ဂက ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း ထိုင်ဝမ်ကျွန်းသည် တရုတ်နိုင်ငံ၏ ပိုင်နက်နယ်မြေတစ်ခုဖြစ်သည်မှာ ထင်ရှားနေသည်။

ထို့ကြောင့် အမှန်ကိုသိမြင်နေသော မြန်မာနိုင်ငံအစိုးရအဆက်ဆက်အနေဖြင့် လက်ခံထားသည့် ဘယ်တော့မှမပြောင်းလဲမယ့် အမှန်တရားတစ်ခုကတော့ "တရုတ်နိုင်ငံဆိုတာ တစ်နိုင်ငံတည်းပါ"ဆိုသည့် အချက်ပဲဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဘေဂျင်းလုပ်ငန်းစီမံချက်၏ လုပ်ငန်းနယ်ပယ် ၁၂ ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် နိုင်ငံအဆင့်လေ့လာသုံးသပ်မှုအစီရင်ခံစာ BPFA + 30 တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၇**

ဘေဂျင်းလုပ်ငန်းစီမံချက်၏ လုပ်ငန်းနယ်ပယ် ၁၂ ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် နိုင်ငံအဆင့်လေ့လာသုံးသပ်မှုအစီရင်ခံစာ BPFA + 30 တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women - NSPAW) လုပ်ငန်းကော်မတီ ၁၂ ရပ်တွင်ပါဝင်သော ဌာနများမှ တာဝန်ရှိသူများ၊ အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်သည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် ကျားမရေးရာ တန်းတူညီမျှရေးကို မြှင့်တင်အားပေးသည့် ဦးစားပေးလုပ်ငန်းနယ်ပယ် ၁၂ ရပ်ပါရှိသော ပြည့်စုံမှုရှိသည့် ကမ္ဘာလုံးဆိုင်ရာ မူဝါဒရေးရာ လမ်းညွှန်မှုဘောင်တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက်အရ လုပ်ငန်းစဉ် နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (Myanmar National Committee on Women- MNCW)ကို မူဝါဒပိုင်းဆိုင်ရာကတိကဝတ်များ ပိုမိုအားကောင်းလာစေရန်အတွက် ဒုတိယဝန်ကြီးအဆင့်ရှိ ပုဂ္ဂိုလ်များနှင့် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယခင်က ၂၀၁၄-၂၀၁၉ ခုနှစ်ထိ ငါးနှစ်တာကာလအတွင်း Beijing Platform for Action - BPFA ကို အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ နိုင်ငံအဆင့်အစီရင်ခံစာ BPFA +25 ကို United Nations Economic and Social Commission for Asia and the Pacific-UNESCAP သို့ ၂၀၁၉ ခုနှစ် ဇွန် ၁၆ ရက်တွင် တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ BPFA +30 အစီရင်ခံစာကို ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လထိ မြန်မာနိုင်ငံ၏ Beijing Declaration and Platform for Action (BPFA) အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ရေးသားပြုစုကာတင်သွင်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပါဝင်ဆောင်ရွက်ခွင့်များနှင့်ပတ်သက်၍ မိမိတို့၏ဆောင်ရွက်ချက်များကို နိုင်ငံတကာသို့ အသိပေးနိုင်မည့် အစီရင်ခံစာဖြစ်သဖြင့် သက်ဆိုင်ရာဌာနအသီးသီးက အချက်အလက်များပြည့်ပြည့်စုံစုံ ဖော်ပြပေးပါရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက BPFA + 30 နိုင်ငံအဆင့် အစီရင်ခံစာ(Zero Draft) ရေးသားပြုစုထားမှုအခြေအနေနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး BPFA အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် ငါးနှစ်အတွင်း နိုင်ငံ၌ ဦးစားပေးဆောင်ရွက်ခဲ့သည့် လုပ်ငန်းနယ်ပယ် ငါးရပ်နှင့် နောင်လာမည့် ငါးနှစ်အတွင်း ဦးစားပေးလုပ်ဆောင်မည့် လုပ်ငန်းနယ်ပယ် ငါးရပ်ကို ရွေးချယ်သတ်မှတ်ပေးကြသည်။

အစည်းအဝေးတွင် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်း ၄၈ ခုမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု ပိတောက်မြိုင်ကျေးရွာရှိ ပလနစိန့်ဂျိုးဇက်စခန်းမှ နေရပ်အသီးသီးသို့ ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်တွေ့ဆုံအားပေးထောက်ပံ့

**မြစ်ကြီးနား မေ ၁၇**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ယာယီနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် လတ်တလောနယ်မြေမတည်ငြိမ်မှု ဖြစ်စဉ်များကြောင့် ရွှေ့ပြောင်းနေထိုင်သူများကို အမိုး အကာဖြင့် နေထိုင်စားသောက်မှုအဆင်ပြေစေရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၆ ရက် ညနေပိုင်းက ပြည်နယ်ဝန်ကြီးချုပ်သည် ပလနစိန့်ဂျိုးဇက်စခန်းမှ နေရပ်အသီးသီးသို့ ရွှေ့ပြောင်းနေထိုင်ကြမည့် မိသားစုများကို သွားရောက်တွေ့ဆုံအားပေးထောက်ပံ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စု ပိတောက်မြိုင်ကျေးရွာရှိ စိန့်ဂျိုးဇက်စခန်း၌ အိမ်ထောင်စုများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့နေရပ်အသီးသီးတွင် အိုးအိမ်ပြန်လည်ထူထောင်ကြမည်ဖြစ်သည့်အတွက် ပြောင်းရွှေ့နေထိုင်စဉ်ကာလအတွင်း စားသောက်မှုအဆင်ပြေစေရေး လာရောက်ထောက်ပံ့ပေးရခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် လိုအပ်ချက်၊ အခက်အခဲများကိုလည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် အားပေးပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါစခန်းမှ မြစ်ကြီးနားမြို့နယ် ပလနကျေးရွာနှင့် ၁၀ မိုင်ကျေးရွာတို့တွင် ၎င်းတို့အစီအစဉ်ဖြင့် ရွှေ့ပြောင်းနေထိုင်ကြမည့် အိမ်ထောင်စု ၅၄ စု လူဦးရေ ၃၃၇ ဦးတို့အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ငွေကျပ် ၃၉၉၆၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၄ အိတ်ကိုလည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့က ငွေ ၁၉၁၇၀၀၀ ကျပ်တန်ဖိုးရှိ ဆီ ၅၄ ဘူး၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်ဖာများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၁၁၇၂၉၃၀၄ တန်ဖိုးရှိ အိမ်ထောင်စုများအတွက် ဆန်ရိက္ခာတစ်လစာ၊ ပြောင်းရွှေ့စရိတ် ငွေကျပ် ၅၄၀၀၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။



ထို့နောက် အိမ်ထောင်စုများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကားနှင့် ရွှေ့ပြောင်းနေထိုင်မည့် နေရာများတွင် ကူညီပံ့ပိုးပေးစေလိုသည့် လိုအပ်ချက်များ ဆွေးနွေးတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး သိက္ခာတော်ရဆရာက ဆုတောင်းဆက်ကပ် ကောင်းချီးတောင်းခံပေးမှုကို ခံယူကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ဂျာမိုင်ကောင်းရပ်ကွက်အတွင်းရှိ မူရင်းနှစ်ခြင်း အသင်းတော် ကျမ်းစာကျောင်းဝင်းအတွင်း ခိုလှုံနေထိုင်လျက်ရှိသည့် အိမ်ထောင်စုများကို နေရာချထားပေးနိုင်ရေး၊ ပလနကျေးရွာအုပ်စု ပလန(၅)သဇင်မြိုင်ကျေးရွာအတွင်း အသင်းတော်ပိုင်မြေနေရာပေါ်တွင် အိမ်ထောင်စု ၃၀ ခန့် နေထိုင်နိုင်ရေးအတွက် ဝါးကြမ်းခင်းနေအိမ်တန်းလျားများ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နေအိမ်များ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေး အမိုးသွပ်၊ မိုးကာလိပ်၊ ရေအိမ်သာ၊ ရေတွင်းနှင့် ရေချိုးကန်များ တည်ဆောက်နိုင်ရေးအတွက် လိုအပ်လျက်ရှိသည့်ကုန်ကျစရိတ်အတွက် ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၇၀ ကျော်နှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ငွေကျပ်သိန်း ၃၀ တို့ဖြင့် စုစုပေါင်းငွေကျပ်သိန်း ၁၀၀ ကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ပြည်နယ်ပြန်/ဆက်**

# ပညာရေးဝန်ကြီးဌာန

## “၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်” အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

**(က) သူငယ်တန်း (KG) သင်ရိုးသစ်**

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

**(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(ဂ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

**(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

**(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

**(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

**(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

**(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

**(ည) နဝမတန်း (Grade 9) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

**(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝ တွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂)ချောင်း

**(ဌ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်)အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂) ချောင်း

**(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်**

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၇၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ နှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါ ဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရ ဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ခရမ်းမြို့နယ်နှင့် ပြည်မြို့နယ်တို့ရှိ ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မက္ကသံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မက္ကသံဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ ၁၄၃ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ရောဂါရှာဖွေစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူဦးရေ ၈၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဖျားနာရောဂါ၊ အရေပြားရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တောင်လုံးညိုကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

➤➤➤

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ သိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebookစာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့်ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကျောင်းအပ်နှံရေးမြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် နွေရာသီအခြေခံ ပန်းချီ၊ ပန်းပု သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို အောင်မြေသာစံမြို့နယ် ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြစို့ မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ဘင်ခရာနှင့် ပန်းဖွားကျောင်းသူများကို ဂုဏ်ပြုငွေများချီးမြှင့်၍ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)က ဖွင့်လှစ်သင်ကြားခဲ့သော နွေရာသီအခြေခံပန်းချီ၊ ပန်းပုသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နွေရာသီအခြေခံပန်းချီ၊ ပန်းပုသင်တန်းတွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သင်တန်းဆင်းအောင်လက်မှတ်များကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများ ထံသို့လည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသားယဉ်ကျေးမှု(မန္တလေး)ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ကာ နွေရာသီအခြေခံပန်းချီ၊ ပန်းပုသင်တန်းမှ ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီ၊ ပန်းပုလက်ရာမွန်များကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ယခုဖွင့်လှစ်ခဲ့သည့် နွေရာသီအခြေခံပန်းချီ၊ ပန်းပုသင်တန်း၌ ပန်းချီသင်တန်းတွင် သင်တန်းသား ဦးရေ ၁၀၀ နှင့် ပန်းပုသင်တန်းတွင် သင်တန်းသား ခုနစ်ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

☆ ကျောဖုံးမှအဆက်

ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ အားကစားသမားများနှင့် ဝါသနာရှင်များ၊ ရပ်မိရပ်ဖများက အောင်ပွဲရ အားကစားအသင်းကို သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့နောက် အခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အမျိုးသမီးဘော်လီဘောအသင်းက ပထမတံခွန်စိုက်ဆုဖလားကိုအပ်နှံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် အသင်းနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသည့် အားကစားသမားများကို လည်းကောင်း၊ တိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌက ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် အမျိုးသမီးဘော်လီဘောအသင်းနှင့် ပူးတွဲတတိယဆုရရှိခဲ့သည့် အမျိုးသားဘော်လီဘောအသင်းတို့ကိုလည်းကောင်း ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် အမျိုးသမီးအသင်းမှ အသင်းခေါင်းဆောင်က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုအတွေ့အကြုံများနှင့် ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်ပွဲရအားကစားအသင်းများမှ အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က လန်းဆန်းစာဖြင့်ဂုဏ်ပြုညစာဧည့်ခံပြီး အားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၈-၅-၂၀၂၄ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၂၁း၀၀ | စိုက်မွေးသုတ |
| ၃။ | ၁၃း၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် |
| ၄။ | ၁၄း၃၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၆း၀၀ | First Step |

# ဂန့်ဂေါမြို့နယ် ရွှေဘိုကျေးရွာနှင့် ရေသာကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး နေအိမ်များမီးရှို့ဖျက်ဆီးခဲ့ကာ ပြည်သူ နှစ်ဦးကို သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် လှုံ့ဆော်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ ရွှေဘိုကျေးရွာနှင့် ရေသာကျေးရွာတို့ကို မေ ၁၆ ရက်က နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းခဲ့ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူ နှစ်ဦးကို သတ်ဖြတ်ခဲ့ခြင်းများ လုပ်ဆောင်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် လှုံ့ဆော်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းမှားများကြောင့် ပြည်သူများကြောက်ရွံ့ထိတ်လန့်လာခြင်းနှင့် အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်လာပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှု မရှိစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်ရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်။ ယခုဖြစ်စဉ်တွင်လည်း ဂန့်ဂေါမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်




များကို ရွှေဘိုကျေးရွာနှင့် ရေသာကျေးရွာအတွင်းမှ အကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများ၊ လက်လုပ်သေနတ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ရာမှ နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ထို့နောက် အကြမ်းဖက်သမားများက ထိခိုက်သေဆုံးမှုများစွာဖြင့် ကျေးရွာအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရသည်။ တရားမဝင် ပြည်ဖျက်မီဒီယာများတွင် ရေးသားဖော်ပြထားသကဲ့သို့ နေအိမ်များမီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူ နှစ်ဦးကို သတ်ဖြတ်ခဲ့သည်မှာ လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၇**


အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၆ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aung Han Mhan"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက်နေ အောင်ဟေမာန်အား မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ချီလီနိုင်ငံတွင် အအေးဓာတ်လွန်ကဲမှုဖြင့် ရင်ဆိုင်နေရ



**ဆန်တီယာဂို မေ ၁၇**

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင် မေ ၁၆ ရက်မှစတင်၍ အအေးဓာတ်မြင့်မားလာခဲ့ပြီး ဒေသခံများမှာ အအေးဓာတ်လွန်ကဲမှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နှစ်ပေါင်း ၇၀ ခန့်အတွင်း အအေးဓာတ် အမြင့်မားဆုံးသော အခြေအနေဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး အအေးလှိုင်းပါ ဖြတ်သန်းခဲ့ခြင်းကြောင့် အအေးဓာတ်မြင့်တက်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ လက်ရှိဆန်တီယာဂိုမြို့တွင် အပူချိန်မှာ ၁၀ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းသွားခဲ့ပြီး ပုံမှန်မဟုတ်သည့် ရာသီဥတုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"၁၉၅၀ ပြည့်နှစ်နောက်ပိုင်း ၇၄ နှစ်တာကာလအတွင်း မေလအတွင်းမှာဖြစ်ပေါ်နေတဲ့ အအေးဓာတ်မြင့်မားမှုဟာ အမြင့်ဆုံးဖြစ်ပါတယ်။ လက်ရှိ အအေးလှိုင်းဟာ ဆန်တီယာဂိုမြို့ကို ဖြတ်သန်းနေပြီးတော့ ဆန်တီယာဂိုမြို့မှာ နှစ်ပေါင်း ၇၀ လောက်အတွင်း အအေးဓာတ်အမြင့်မားဆုံးသောအခြေအနေဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့ လက္ခဏာတွေဖြစ်ပါတယ်။ အစိုးရပိုင်းကတော့ အအေးဓာတ်လွန်ကဲနေတဲ့ နယ်မြေခြောက်ခုမှာ အအေးဓာတ်မြင့်မားမှု အပြာရောင်အဆင့် သတ်မှတ်ထားပါတယ်"ဟု ဆန်တီယာဂိုတက္ကသိုလ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

ချီလီနိုင်ငံရှိ တောင်တန်းများတွင်လည်း ဆီးနှင်းများ စတင်ဖုံးလွှမ်းနေပြီဖြစ်ပြီး ချီလီနိုင်ငံအတွက် အပူချိန်မြင့်တက်မှုကာလ ကုန်ဆုံးသွားပြီဖြစ်ကြောင်း ချီလီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# အိန္ဒိယနိုင်ငံ၏ မိုးရာသီကာလ မေ ၃၁ ရက်တွင် စတင်မည်

**နယူးဒေလီ မေ ၁၇**

အိန္ဒိယနိုင်ငံသည် မိုးခေါင်သည့်ပြဿနာကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် အခက်အခဲများဖြင့် ရင်ဆိုင်နေရပြီးနောက် စိုက်ပျိုးရေးကဏ္ဍတွင် ရင်ဆိုင်နေရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်မည့် မိုးရွာသွန်းမှုမှာ မေ ၃၁ ရက်တွင်စတင်မည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မေ ၃၁ ရက်သည် အိန္ဒိယနိုင်ငံ၏ မိုးရာသီကာလ စတင်မည်ဖြစ်ပြီး မိုးရွာသွန်းမှုသည် ကီရာလာပြည်နယ်တွင် စတင်မည်ဖြစ်ကာ ကီရာလာကမ်းခြေတွင် ပထမဦးဆုံး မိုးရွာသွန်းမည်ဖြစ်ကြောင်း၊ လက်ရှိ အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ရေအလုံအလောက် မရခြင်းကြောင့် တောင်သူများ အခက်အခဲများဖြင့် ရင်ဆိုင်နေရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးကဏ္ဍသည် ရေအလုံအလောက်မရသည့် ပမာဏမှာ ၇၀ ရာခိုင်နှုန်းထိ ရှိနေကြောင်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

လက်ရှိ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်နေသောရေကို ဆည်မြောင်းများနှင့် ရေလှောင်ကန်များမှ ရယူနေခြင်းဖြစ်ပြီး မိုးခေါင်မှုကြောင့် ဆည်မြောင်းနှင့် ရေလှောင်ကန်များတွင် ရေပမာဏ သိသိသာသာ ကျဆင်းနေကြောင်း၊ မေ ၃၁ ရက်တွင် မိုးရွာသွန်းလာပါက ရေပမာဏကျဆင်းနေသည့် ဆည်မြောင်းများနှင့် ရေလှောင်ကန်များကို ရေဖြည့်တင်းပေးရန် ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

မေ ၃၁ ရက်တွင် မိုးရာသီကာလစတင်ပါက ဇွန်လမှစက်တင်ဘာလအတွင်း စိုက်ပျိုးမည့်သီးနှံများအတွက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်က အိန္ဒိယနိုင်ငံတွင် ဇွန် ၈ ရက်မှသာစတင်၍ မိုးရွာသွန်းခဲ့ခြင်းဖြစ်ပြီး ကီရာလာပြည်နယ်ကို စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် မိုးရာသီကာလမှာ ၂၀၂၃ ခုနှစ် မိုးရာသီကာလကထက် ပို၍စောမည်ဖြစ်သောကြောင့် တောင်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစေနိုင်မည့် အခြေအနေဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**


# အမေဇုန်သစ်တောကြီးဝိုင်းအတွင်း တရားဝင်လုပ်ကိုင်နေသည့် သတ္တုမိုင်းတွင်း တူးဖော်ရေးလုပ်ငန်းများကိုပါ တားမြစ်နိုင်ရေး ဘရာဇီးအစိုးရရှေ့နေများ ဆောင်ရွက်နေ

**ဘရာစီးလီးယား မေ ၁၇**

ဘရာဇီးအစိုးရသည် အမေဇုန်သစ်တောကြီးဝိုင်းအတွင်း တရားမဝင် သတ္တုမိုင်းတွင်း တူးဖော်ရေးလုပ်ကွက်များကို တရားဥပဒေအရ ရှင်းလင်းအရေးယူပြီးဖြစ်ကာ ယခုတစ်ဖန် တရားဝင်လုပ်ကိုင်ဆောင်ရွက်နေသော သတ္တုမိုင်းတွင်း တူးဖော်ရေးလုပ်ကွက်များကို တားမြစ်သွားနိုင်ရေးအတွက် ဘရာဇီးအစိုးရ ရှေ့နေများက ဆောင်ရွက်နေပြီဖြစ်ကြောင်း ဘရာဇီးအစိုးရရှေ့နေများအဖွဲ့ချုပ်က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောကြီးဝိုင်းအတွင်း သတ္တုမိုင်းတွင်းလုပ်ကွက် အမြောက်အမြားရှိနေပြီး ဘရာဇီးနိုင်ငံအခြေစိုက် သတ္တုမိုင်းတွင်းကုမ္ပဏီများနှင့် ကနေဒါနိုင်ငံအခြေစိုက် သတ္တုမိုင်းတွင်းကုမ္ပဏီများက သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အမေဇုန်သစ်တောကြီးဝိုင်းအတွင်းက သတ္တုမိုင်းတွေဟာ ဘရာဇီးနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေနိုင်တယ်။ ဒါကြောင့် သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ကွက်တွေကို ပိတ်သိမ်းနိုင်ဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ဘရာဇီးအစိုးရရှေ့နေများအဖွဲ့ရုံးမှ ပြောရေးဆိုခွင့်ရှိသူ မူရာက ပြောကြားသွားခဲ့သည်။



ကနေဒါအခြေစိုက်ကုမ္ပဏီများက ဓာတ်မြေဩဇာအတွက် လိုအပ်သောသတ္တုများကို အဓိကတူးဖော်နေခြင်းဖြစ်ပြီး အစိုးရရှေ့နေများက ကနေဒါကုမ္ပဏီများ၏ လုပ်ကွက်များကို ရပ်ဆိုင်းပစ်ရန်အတွက် တရားဥပဒေလမ်းကြောင်းပေါ်မှ ကြိုးစားလာခြင်းဖြစ်ကြောင်း၊ ကနေဒါကုမ္ပဏီများ တာဝန်ယူဆောင်ရွက်နေသော သတ္တုမိုင်းတွင်းလုပ်ကွက် စီမံကိန်းများသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံထိ တန်ကြေးရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ပါကစ္စတန်နိုင်ငံတွင် ဇွန်လအတွင်း အပူလှိုင်းအန္တရာယ် ကျရောက်နိုင်ဖွယ်ရှိ

**အစ္စလာမ်မာဘတ် မေ ၁၇**

ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်နှင့် ပန်ဂျပ်ပြည်နယ်တွင် ဇွန်လအတွင်း အပူလှိုင်းအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိကြောင်း ပါကစ္စတန်နိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က မေ ၁၆ ရက်တွင် ကြေညာချက် ထုတ်ပြန်ထားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူဒဏ်မြင့်တက်ခြင်းနှင့် အပူလှိုင်းများပိုမိုဖြစ်ပေါ်လာခြင်းသည် ပါကစ္စတန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုများထဲမှ အချက်တစ်ချက်ဖြစ်ပြီး မကြာသေးမီက အချိန်အခါမဟုတ် မိုးရွာခြင်း၊ ရွှတ်တရက်ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းတို့ကိုပါ ကြုံတွေ့ခဲ့ရသည့်အပြင် ယခုလအတွင်း အပူချိန်မြင့်တက်နေပြီး လာမည့်ဇွန်လအတွင်း၌လည်း အပူလှိုင်းအန္တရာယ်ဖြစ်ပေါ်လာဖွယ်ရှိကြောင်း ပါကစ္စတန်နိုင်ငံအမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က မေ ၁၆ ရက်တွင် ပြည်သူများကို သတိပေးကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဆင်းပြည်နယ်အတွင်းရှိ အူမာကော့၊ ထာပါကာ၊ တန်ဒိုအလာယာ၊ မက်တီယာရီနှင့် ဆန်ဂါခရိုင်များ၊ ပန်ဂျပ်ပြည်နယ်အတွင်းရှိ ဘဟာဝါပူ၊ ရာဟင်ရာခန်ခရိုင်များအနေဖြင့် လာမည့်ဇွန်လအတွင်း အပူလှိုင်းအန္တရာယ်ဖြစ်ပေါ်နိုင်သော ဒေသများအဖြစ် ဖော်ပြထားကြောင်း၊ အဆိုပါနေရာများတွင် မေ ၁၅ ရက်မှ ယနေ့ထိ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိရှိပြီး လာမည့်ဇွန်လအတွင်း အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်က ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးမြို့တစ်မြို့ဖြစ်သော ကရာချိမြို့တွင် ဖြစ်ပေါ်ခဲ့သော အပူလှိုင်းကြောင့် လူဦးရေ ၁၂၀ သေဆုံးခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်ညွှန်းကိန်းအရ ပါကစ္စတန်နိုင်ငံသည် ၁၉၉၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံသား ၁၀၀၀၀ ခန့်သေဆုံးခဲ့ကာ နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံဖိုး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : AZH**

# တူကီယဲနိုင်ငံ ငလျင်ဒဏ်သင့်ဒေသများရှိ ကလေးငယ်များ သတ်သေရန်ကြိုးပမ်းမှု သိသိသာသာမြင့်တက်လျက်ရှိ

**အင်ကာရာ မေ ၁၇**

တူကီယဲနိုင်ငံ ငလျင်ဒဏ်သင့်ဒေသများရှိ ကလေးငယ်များအနေဖြင့် သတ်သေရန် ကြိုးပမ်းမှုများ သိသိသာသာ မြင့်တက်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာဆေးဘက်ဆိုင်ရာကယ်ဆယ်ရေးအဖွဲ့နှင့် ကွင်းဆင်းလေ့လာမှုတွင် ပါဝင်ခဲ့သည့် ဒေါက်တာ ရီဆင်ယူနယ်လ်ကီလစ်က မေ ၁၅ ရက်၌ ကျင်းပသော ပါလီမန်လွှတ်အခွင့်အရေးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း မေ ၁၆ ရက်သတင်းများအရ သိရသည်။

တူကီယဲနိုင်ငံတွင်၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလက နိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့ရှိ ပြည်နယ် ၁၁ ခု၌ လှုပ်ခတ်ခဲ့သော ငလျင်ကြီးနှစ်ခုကြောင့် လူဦးရေ ၅၃၀၀၀ ကျော်သေဆုံးခဲ့ပြီး လူသိန်းနှင့်ချီ၍ ထိခိုက်ဒဏ်ရာများရရှိခဲ့ရာ ယခုအခါ အဆိုပါဒေသများရှိ ကလေးငယ်များသည် သတ်သေရန် ကြိုးပမ်းမှုများ သိသိသာသာ မြင့်တက်လာခဲ့ပြီး တချို့မှာ အသက်ရှစ်နှစ်အောက် ကလေးငယ်တချို့ဖြစ်ကြောင်း ဒေါက်တာ ရီဆင်ယူနယ်လ်ကီလစ်က ပြောကြားခဲ့သည်။

"သဘာဝဘေးဒဏ်ခံရတဲ့ဒေသက ကလေးငယ်တွေက ငလျင်လှုပ်ပြီးကတည်းက မိသားစုနဲ့ကွဲကွာနေတဲ့ကလေးအများစုဖြစ်ပြီး ကလေးတွေရဲ့အပေါ်မှာ ပြင်းထန်တဲ့စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုတွေဖြစ်ပေါ်နေပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးတာတွေ၊ နာတာရှည်၊ နာမကျန်းသူတွေမှာ ပိုပြီးဆိုးရွားတဲ့ စိတ်ကျန်းမာရေးပြဿနာတွေကို တွေ့နေရပါတယ်"ဟု ဒေါက်တာ ရီဆင်ယူနယ်လ်ကီလစ်က ပြောကြားသွားခဲ့သည်။

သဘာဝဘေးဒဏ်သင့်ဒေသရှိ ကလေးငယ်များအနေဖြင့် ကစားရန်နေရာနှင့် အိမ်သာအလုံအလောက်မရှိခြင်း၊ အနိုင်ကျင့်ခံရခြင်းနှင့် ဆယ်ကျော်သက်များတွင် မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်တက်လာခြင်းတို့ကြောင့် အဆိုပါအခြေအနေများကို ပိုမိုဆိုးရွားလာစေကြောင်း ဒေါက်တာ ရီဆင်ယူနယ်လ်ကီလစ်က ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : AZH**

# စံပြဖူးစာ

ညွန့်ဝင်း(နတ်တလင်း)



(၁)

"တင်တင် ဘာတွေ တွေးနေတာလဲ။ ခါတိုင်းလို ပြောစရာ မရှိတော့ဘူးလား။ အစ်ကိုနဲ့ တင်တင်တို့ ရှေ့ရေး စဉ်းစားပြီး ပူပန်နေတာလား"

ဝင်းညွန့်က မြစိမ်းရောင်လယ်တောဆီသို့ ငေးနေသော ချစ်သူကို အကဲခတ်ရင်း ကြင်နာယုယစွာ မေးလိုက်သည်။ တင်တင့်ထံမှ အဖြေစကားသံထွက်မလာ။ ခပ်ဖျော့ဖျော့အပြုံး အနည်းငယ်သာ ထင်ဟပ်လာသည်။ အားယူပြုံးရသော အပြုံးမှန်းသိသာလှသည်။

ဝင်းညွန့်နှင့် တင်တင်တို့ချစ်သူဖြစ်ကြတာ တစ်နှစ် တာပင်ကျော်ခဲ့ပြီ။ ဝင်းညွန့်က ရွာမှာ မွေးဖွားကြီးပြင်းသည့် ရွာသားတစ်ဦးဖြစ်ပြီး ခေတ်ပညာတတ် ဘွဲ့ရဖြစ်သည်။ သို့သော် ဝန်ထမ်းအလုပ်ကိုမလုပ်ဘဲ မိဘလက်ငုတ်လက်ရင်းလယ်ယာလေးများကို ဦးစီးလုပ်ကိုင်နေသည်။ ခေတ်ပညာတတ်ပီပီ အထွက်ကောင်းမျိုးစပါးကို လဲလှယ်စိုက်ပျိုးသကဲ့သို့ စိုက်နည်းစနစ်ကိုလည်း စနစ်တကျ ရွေးချယ်စီမံကွပ်ကဲ၍ အလုပ်သမားများနှင့် လုပ်ကိုင်နေသည်။

တင်တင်၏ မိဘများကလည်း လယ်ပိုင်ယာပိုင် တောသူဌေးများဖြစ်ကြ၏။ ရှေးရိုးဆန်သည်။ အလုပ်လုပ်ရာတွင် စည်းစနစ်ကျသည်။ သို့သော် ဝင်းညွန့်အပေါ်တော့ အမြင်မကြည်။ ထို့ကြောင့် သမီးနှင့် မေတ္တာမျှနေသူမှန်းသိပါလျက် လိုလားဟန်မပြ။ သမီးကိုလည်း ဝင်းညွန့်နှင့် ပတ်သက်ပြီး -

"သမီးရဲ့လူကို အဖေတို့တော့ မျက်စိမတိုးဘူး။ တောသားဖြစ်ပြီး ပညာလေးနည်းနည်းတတ်တာနဲ့ ဘဝင်မြင့်နေတာ။ နေရာတကာ ဆရာကြီးကလဲ လုပ်လိုက်သေး။ အဖေတို့ရွာမှာ တစ်သက်လုံးက မိရိုးဖလာနည်းနဲ့ စိုက်ပျိုးလာတာ သူ့ကျမှ စိုက်နည်းပြောင်းရ၊ မျိုးကောင်းမျိုးသန့်ရွေးရနဲ့ ကြီးကျယ်နေတယ်။ အဖေတို့ကတော့ သမီးနဲ့ သဘောမတူနိုင်ဘူးနော်။ ဆင်ဆင်ခြင်ခြင်နေပါ။ ဒါပဲ"

တင်တင်အနေဖြင့် ချစ်သူဘက်က ရှင်းပြချင်သော်လည်း မိဘများအကြောင်း သူသာ အသိဆုံး။ ရိုးသားသော်လည်း ရှေးရိုးစွဲကြီးသော မိဘများကို လွယ်လွယ်နှင့် ဖျောင်းဖျ၍ မရနိုင်မှန်းသိသည်။ သည်လိုအချိန်တွင် လိမ္မာပါးနပ်စွာ ဆိတ်ဆိတ်နေလိုက်ခြင်းက အကောင်းဆုံးဟု ယူဆထားသည်။

(၂)

"တုံ တုံ တုံ"

ရွာဦးကျောင်းက ဆွမ်းစားအုန်းမောင်းခေါက်ချိန်တွင် ရွာသားများတစ်သိုက် ယနေ့ ကျင်းပမည့် စံပြကွက်ရိတ်သိမ်းပွဲသို့ သွားကြမည်။ မြို့မှ လူကြီးများလည်း လာရောက်ကြည့်ရှုမည်။ ရိတ်သိမ်းမည့်လယ်က ဝင်းညွန့်၏ လယ်ကွက်။

သူတကာထက် ထူးသည်ဟု သတ်မှတ်ထားသော ဝင်းညွန့်၏ စပါးစိုက်ကွက်ကို စံပြကွက်အဖြစ် ရိတ်သိမ်းကြမည်။ မျက်မြင်ကောင်းသော်လည်း မှန်းချက်နှင့်နှမ်းထွက်မကိုက်သည့်အဖြစ်များ ရှိခဲ့ဖူးသည်ဆိုတော့ ယခုလည်း လက်တွေ့ မည်သို့အဖြေထွက်လာမည်ကို ရွာသားတို့ သိချင်နေကြသည်။

စုပေါင်းအားဖြင့် ရိတ်သိမ်းကြသဖြင့် ဝင်းညွန့်၏ စံပြကွက်ကို နံနက်နေမရင့်မီ ရိတ်ပြီးသွားကြသည်။ နေ့ချင်းအပြီး ခြွေလှေ့ကာ တင်းအရေအတွက်ကို ချိန်တွယ်ကြသည်။ ဝင်းညွန့်၏ စံပြကွက်က တစ်ဧကတင်း ၁၀၀ ကျော်ထွက်တာ အားလုံးမျက် မြင်တွေ့ကြ၏။ ဤသတင်းကိုကြားသော တင်တင့်အဖေကတော့-

"အိုကွာ တစ်ခါတလေ ကြက်ကန်း ဆန်အိုးတိုးတာနေမှာပေါ့။ ငါတို့က စိုက်လာတာ အံ့ခွနေပြီ။ ဒီနှစ် တင်း ၁၀၀ ထွက်ပေမဲ့ နောက်နှစ်သီးချင်မှ သီးတာ" ဟု အသိအမှတ်မပြု၊ မယုံကြည်သောစကားကိုဆိုခဲ့သည်။ ဝင်းညွန့်လုပ်သမျှ အထင်မကြီး။ လူတွင်ကျယ်လုပ်လွန်းသည်ဟုသာ ကောက်ချက်ချသည်။ ချစ်သူနှင့် ဖခင်ကြား ရင်လေးရသူက တင်တင်။

မြို့ကလူကြီးများကတော့ ဝင်းညွန့်၏ စိုက်ပျိုးနည်းစနစ်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ သုံးစွဲပုံ၊ စိုက်ပျိုးသော စပါးမျိုးတို့ကို မေးမြန်း မှတ်တမ်းတင်ခဲ့သည်။

(၃)

"ရွာတောင်ပိုင်းက ဒေါ်မြကြီးဆုံးပြီ"

"ဟယ် ပြီးခဲ့တဲ့နှစ်ရက်လောက်ကတောင်အကောင်းကြီးပဲဟာ"

"ဟုတ်တယ်။ အခုဟာက ရုတ်တရက်ဖြစ်တာ"

"ဘာရောဂါမို့လဲ"

"ဝမ်းရောဂါ"

"ဟင်"

ရွာထဲတွင် အချီအချ မေးမြန်းပြောဆိုနေကြသည်။

ဝင်းညွန့်တို့ သရက်ကုန်းရွာသားများသည် ရိုးသားပွင့်လင်းကြ၏။ အလုပ်ကြိုးစားကြ၏။ သို့သော် အသိပညာဗဟုသုတအားနည်း၏။ ထို့ကြောင့် ကျန်းမာရေးအသိပညာ ကိုယ်ခံအားလျော့နည်းတာ မဆန်းလှ။

ဒေါ်မြကြီး သတင်းကို ကြားကြားချင်း ဝင်းညွန့် စိတ်မကောင်း။ မိမိတို့ ရွာသားတစ်ဦးမဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရပြီ။ ရွာသားများကို ကျန်းမာရေးကအစ အဘက်ဘက်တွင်ခေတ်မီ အတွေးအခေါ်ဉာဏ်ပညာရှိစေချင်သည်။ ထို့ကြောင့် ရွာသားများစာဖတ်သည့် အလေ့အထရအောင် ပျိုးထောင်ပေးလိုသည်။ လက်လှမ်းမီရာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများဖတ်စေချင်သည်။ စာပေကရသော အသိ၊ အသိက ပေါက်ဖွားလာသော ဝေဖန်ပိုင်းခြားသုံးသပ်လုပ်ဆောင်တတ်မှုပညာကိုရစေချင်သည်။ စာပေ၏ အကျိုးမည်မျှကြီးမားကြောင်း ရှင်းပြချင်သည်။

မြို့နှင့် ရွာလမ်းဖောက်ထားသော်လည်း လူသွား၍ရရုံသာ။ ဆိုက်ကားနှစ်စီးဆုံလျှင်ပင် ရှောင်၍မရတော့ပြီ။ သည်ကြားထဲ မိုးတွင်းဆိုလျှင် လမ်းကပျက်လိုက်သေးသည်။ တစ်နေရာနှင့် တစ်နေရာဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း၌ လမ်းပန်းဆက်သွယ်ရေးကများစွာ စကားပြောကြောင်း ဝင်းညွန့်သဘောပေါက်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ဘက်စုံအဆင့်အတန်းမြင့်မားအောင် အကောင်အထည်ဖော်ပေးနေချိန်တွင် မိမိတို့က တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သင့်သည်ဟု ဝင်းညွန့်တွေးမိသည်။

(၄)

ဝင်းညွန့် မြို့မှ ပြန်လာပြီး တင်တင်နှင့် တွေ့ဆုံဖြစ်ပြန်သည်။

"အစ်ကိုတို့ရွာကို စံပြရွာဖြစ်အောင်ကြိုးစားရမယ်ကွ။ တင်တင်လဲ တစ်ဖက်တစ်လမ်းကကူညီရမယ်နော်" ဟု ဝင်းညွန့်က ပြောတော့ တင်တင်က-

"စံပြရွာဖြစ်အောင် လုပ်တာတော့ ဟုတ်ပါပြီ။ စံပြရွာဖြစ်ဖို့ ဘာတွေလုပ်ရမှာလဲ အစ်ကို" ဟု ပြန်မေးသည်။

"ဒီလို တင်တင်။ အစ်ကို ပြောပြမယ်။ အစ်ကိုတို့ရွာမှာ စာသင်ကျောင်းက ရှိပြီးသား၊ လမ်းတွေလဲ ဖောက်ပြီးသားဆိုတော့ ထပ်ပြီး တိုးချဲ့ပြုပြင်ရမယ်။ ရွာမှာ မရှိသေးတဲ့ ကျေးရွာစာကြည့်တိုက်ရယ်၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရယ် အဲဒါတွေ ထပ်ဆောက်ရမယ်"

"စာကြည့်တိုက်မှာ ဘယ်သူက အမြဲတမ်း စောင့်မှာလဲ။ ဆေးပေးခန်းကကော ဆရာမ အမြဲရှိနိုင်မလား"

"စာကြည့်တိုက်အတွက် စာအုပ်တွေ ဝယ်သင့်တာဝယ်မယ်။ အလှူခံသင့်တာခံမယ်။ စာကြည့်တိုက်မှူးတာဝန်ကိုတော့ စဖွင့်ဖွင့်ချင်း အစ်ကိုပဲ တာဝန်ယူပြီး နေ့လယ်အလုပ်နားချိန်နဲ့ ညနေ အလုပ်သိမ်းချိန်တွေမှာဖွင့်မယ်"

"ဆေးပေးခန်းဆရာမကိစ္စက"

"ဆေးပေးခန်းဆောက်ပြီးတာနဲ့ မြို့နယ်က ဆရာမတစ်ယောက်ပေးဖို့ အစ်ကို မြို့ကလူကြီးတွေနဲ့ ညှိနှိုင်းပြီးပြီ။ ဆရာမရောက်လာရင် ရွာ ကျန်းမာရေးအတွက်အမြဲကူညီစောင့်ရှောက်နိုင်တော့မှာ။ ရွာမှာ ယင်လုံအိမ်သာဆောက်ကြတာ အားနည်းနေသေးတော့ ယင်လုံအိမ်သာတွေ ဆောက်ကြဖို့ ဆော်ဩရအုံးမယ်"

ချစ်သူက အားတက်သရော ပြောနေသည်ကို ကြည့်ပြီး တင်တင် ပြုံးမိသည်။ အရာရာကို ယုံကြည်ချက်၊ ရည်မှန်းချက်ထားရှိ လုပ်ဆောင်တတ်ပြီးမဖြစ်မနေ အကောင်အထည်ဖော်တတ်သည့် ချစ်သူကို ယုံကြည်ပြီးသား။ ကျေးလက်စာကြည့်တိုက်နှင့် ကျေးလက်ဆေးပေးခန်းပြီးလျှင် ကျေးလက်လျှပ်စစ်မီးလင်းရေး လုပ်ရဦးမယ်ဟု ဝင်းညွန့်က ဆက်ပြောသည်။

ဝင်းညွန့်အနေဖြင့် မိမိကျေးရွာကို စိုက်ပျိုးရေးအသိပညာ၊ ကျန်းမာရေး အသိပညာ၊ စီးပွားရေး အသိပညာများနှင့်အထွေထွေဗဟုသုတကြွယ်ဝစေလိုသည်မှာ သူ၏ စစ်မှန်သောရင်တွင်းဆန္ဒ။ခက်သည်က တင်တင့်အဖေဖြစ်သည်။ အစကတည်းက ဝင်းညွန့်အပေါ် အမြင်မကြည်လင်နေရသည့်တွင် ယခုကဲ့သို့ စာကြည့်တိုက်၊ ဆေးပေးခန်း၊ လျှပ်စစ်မီးလင်းရေး လုပ်မည်ဆိုသောအခါ ရွာသားများ ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်နေချိန်၌ အပိုအလုပ်များလုပ်ရဦးမည်။ တော်တော်ဇာချဲ့သည်ဟု ပြောလာသည်။

(၅)

"တင်တင့်အဖေ ပိုးထိလို့တဲ့"

"ဘယ်မှာလဲ"

"လယ်ထဲမှာ ထိတာ၊ အိမ်ရောက်နေပြီ"

ရွာသားများ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ တင်တင့်အဖေ ပိုးထိသည်ဟု ကြားကြားချင်း ဝင်းညွန့် အပြေးအလွှားရောက်လာပြီး ဆေးခန်းသို့ ပို့ပေးသည်။ ကျေးလက်ဆရာမလေးက စနစ်တကျ ရှေးဦးပြုစုပေးပြီး မြို့နယ်ဆေးရုံသို့ ပို့ကြသည်။ ဝင်းညွန့်က ဆရာမမှာသည့်အတိုင်း ရွာသားတချို့ကကိုက်သည့် မြွေကို အမိဖမ်းသတ်ခဲ့ရန်သေသေချာချာ ထပ်မှာနေသည်။ သူက လူနာနှင့်အတူ ဆေးရုံသို့ လိုက်ခဲ့သည်။

ဆေးရုံသို့ အချိန်မီရောက်၍ မှန်ကန်သည့် မြွေဆိပ်ဖြေဆေးနှင့် ကုသနိုင်ခဲ့သဖြင့် လူနာအသက်ချမ်းသာရာရခဲ့သည်။

ဆေးရုံမှ ဆင်းလာပြီးချိန်တွင် စိတ်သဘော ထားထူးခြားစွာပြောင်းလဲသွားသူမှာတင်တင်၏ အဖေဖြစ်သည်။ ခါတိုင်းလို ဝင်းညွန့်အပေါ် ပြစ်တင်ဝေဖန်စကားများ မပြောတော့။ တင်တင့်ကိုလည်း ဝင်းညွန့်တို့အိမ်ဘက်ပေးလွှတ်သည်။ မမျှော်လင့်သော ပြေလည်မှုကြောင့် တင်တင် ဝမ်းသာမဆုံးဖြစ်နေသည်။ ထို့ကြောင့် ဝင်းညွန့်နှင့် တွေ့သောအခါ-

"အစ်ကိုရဲ့ စံပြရွာတည်ရကျိုးနပ်ပါပြီနော်" ဟု ပြောတော့ ဝင်းညွန့်က-

"ဘယ်လိုတည်ရကျိုးနပ်တာလဲ"

"ဩော် . . အစ်ကိုကလဲ ဒုံးဝေးလိုက်တာ။ ကိုယ့်ရပ်ကိုယ့်ရွာကောင်းစားရေးအတွက် အစ်ကိုက စံပြလုပ်ပြခဲ့တော့ အဖေတောင် နားလည်သွားပြီလေ"

"အဲဒီတော့ အစ်ကိုနဲ့တင်တင်လဲ စံပြ"

ဝင်းညွန့် စကားရပ်လိုက်တော့ တင်တင်က ချစ်သူကို ပြုံးပြုံးကြီးနှင့်မျက်စောင်းထိုးလိုက်သည်။ စကားလုံးများဆက်လက် ဖွင့်ဟမလာကြတော့သော်လည်း ချစ်သူနှစ်ဦး၏အပြုံးများကတော့ အဓိပ္ပာယ်အပြည့်ရှိနေကြလေသည်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၁၃၉၁၈၆ ဧကရိတ်သိမ်းပြီးစီး



**ယင်းမာပင် မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၁၃၉၁၈၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၉၁၈၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၅၆ တင်းထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၁၃၉၁၈၆ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိဧကအားလုံးရိတ်သိမ်းပြီးပါပြီ။ ကုလားပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက်ကုလားပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၅၅၆၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၃၆၂၀၊ ဆားလင်းကြီးမြို့နယ်တွင် ၄၂၅၀၅ ဧကနှင့်ပုလဲမြို့နယ်တွင် ဧက ၅၇၅၀၀ စုစုပေါင်း ၁၃၉၁၈၆ ဧက ဖြစ်ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း (၈) နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း နံ့ကားစပါးတင်းရေ ၈၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း နံ့ကားစပါး တင်းရေ ၈၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးထက်ဆန်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက နံ့ကားစပါးတင်းရေ ၆၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း နံ့ကားစပါး တင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်း ချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် စားသုံးမှုများသည့် စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီလအတွင်း ဖျာပုံမြို့နယ်ကနေ နံ့ကား စပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ လယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ရောင်းချနေပါတယ်။ နံ့ကားစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ အကြမ်းဆိုပေမဲ့ အခြေခံလူတန်းစားတွေ ပိုမိုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့စပါးဖြစ်ပါတယ်။ နံ့ကားစပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့ အခါမှာလဲ အခက်အခဲမရှိပါဘူး" ဟု ဖျာပုံမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးထက်ဆန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း တင်ပို့ရောင်းချခဲ့သည့် နံ့ကားစပါးတင်းရေ ၁၀၀လျှင် ငွေကျပ် ၁၉၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ပုဗ္ဗသီရိမြို့နယ် ငါးစိမ်းအင်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြုတ်ခဲ့ကျေးရွာအုပ်စု ငါးစိမ်းအင်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၄ ဒသမ ၄၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငါးစိမ်းအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၂၇ ဒသမ ၆၃သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၁ ဦးကို ငွေကျပ် ၂၅ ဒသမ ၆၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၁ ဒသမ ၁၈သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၆၄ ဒသမ ၄၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

ထူးမြတ်ပေစွ ကဆုန်လ

\- ရာသီပြီသ လကဆုန်
ထူးမြတ်ခွင့်ခါကြုံ၊
ဗုဒ္ဓနေ့ဆုံ ဇမ္ဗူကျွန်း
လင်းလက်ရောင်ဝါထွန်း။

\- ညောင်ရေသွန်းပွဲ ခါတော်မီ
ကျင်းပမြန်မာပြည်၊
ဖူးငုံပွင့်စီ စံကားဝါပန်း
မွှေးပျံ့ရဂုံတန်း။

\- ဝတီထက်နန်း လစန္ဒာ
ရွှန်းမြထိန်ထိန်သာ၊
ဗောဓိညောင်မှာ သွန်းရေဖြိုး
ကောင်းမှုကုသိုလ်တိုး။

\- လပြည့်နေ့မျိုး ဗျာဒိတ်ခံ
ဖွား ပွင့် ပဟောလို့စံ၊
နေ့ရက်အောင်လံ ထိုလေးခု
ပရိနိဗ္ဗာန်ပြု။

\- ပေါင်းကာစု၍ ထွန်းတောက်လျှင်
ထူးမြတ်ဗုဒ္ဓရှင်၊
ကောင်းမှုစုံလင် ပူဇော်ကြ
ထူးစွကဆုန်လ။

**ရင်ခတ်ပန်း(စွယ်တော်)**

# မောက်မယ်မြို့နယ် လွိုင်ကောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မောက်မယ် မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်ကောင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ လွိုင်ကောင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားသည်။


လွိုင်ကောင်ကျေးရွာ၌ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ကိုးပေ နှင့် အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၆ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ငါးသန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၅သန်း အသုံးပြု၍ မောက်မယ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် လွိုင်ကောင်ကျေးရွာနေပြည်သူများ၏လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် အဆင်ပြေစွာ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းထံမှ သိရသည်။ **အေးသူ**

# ယူကရိန်းအရေးတွင် ကြားနေဝါဒကျင့်သုံးလျက်ရှိသောတရုတ်နိုင်ငံ

တရုတ်သမ္မတရှီကျင့်ဖျင်သည် မေ ၅ ရက်မှ စ၍ ပြင်သစ်၊ ဆာဘီးယားနှင့် ဟန်ဂေရီနိုင်ငံတို့သို့ ခြောက်ရက်ကြာ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ရှီကျင့်ဖျင်က တရုတ်နိုင်ငံအနေဖြင့် ကာကွယ်ရေးစက်မှုလုပ်ငန်းအခြေစိုက်များ တည်ဆောက်ကာ ရုရှားနိုင်ငံကိုကူညီလျက်ရှိသည်ဆိုသော အမေရိကန်၏စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ ပေကျင်းအနေဖြင့် ယူကရိန်းအရေးတွင် ကြားနေဝါဒကျင့်သုံးလျက်ရှိကြောင်း ဥရောပခရီးစဉ်မစတင်မီ ထပ်လောင်းပြောကြားသွားခဲ့သည်။

သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံနေဖြင့် ယူကရိန်းအရေးကိုစတင်ခဲ့သူမဟုတ်သလို ပါဝင်ပတ်သက်နေခြင်းလည်းမရှိကြောင်း၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ပဋိပက္ခအဆုံးသတ်ရေးအတွက် ကြိုးပမ်းရာတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း၊ ယူကရိန်းနိုင်ငံသို့လူသားချင်းစာနာထောက်ထားသောအကူအညီများစွာ ပေးပို့ခဲ့ပြီးဖြစ်ကြောင်းနှင့် သက်ဆိုင်ရာနိုင်ငံများကြား ကြားဝင်စေ့စပ်ရန်အတွက် အထူးကိုယ်စားလှယ်အဖွဲ့ကိုလည်း အကြိမ်ကြိမ်စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယူကရိန်းအရေးကြာရှည်နေသရွေ့ကာလပတ်လုံး ဥရောပဒေသအပြင် ကမ္ဘာကြီးကိုလည်း ဒုက္ခပေးနေမည်ဖြစ်ကြောင်း၊ ဥရောပဒေသတွင် အေးချမ်းတည်ငြိမ်မှုအမြန်ဆုံးပြန်လည်ရရှိမည်ဟု တရုတ်နိုင်ငံက မျှော်လင့်ထားကြောင်း၊ ပဋိပက္ခထွက်ပေါက်ရှာဖွေရေးအတွက် ပြင်သစ်နိုင်ငံအပြင် နိုင်ငံတကာအသိုက်အဝန်းနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိကြောင်း ပြောကြားသွားခဲ့သည်။ သမ္မတရှီကျင့်ဖျင်သည် မေ ၆ ရက်တွင် ပဲရစ်မြို့၌ ပြင်သစ်သမ္မတ အင်မြူရယ်မက်ခရွန်နှင့် EU ကော်မရှင် အကြီးအကဲယူဆူလာဗွန်ဒါလေးယင့်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မက်ခရွန်က ယူကရိန်းအရေးအပါအဝင် အဓိကကျသောပြဿနာများတွင် ပေကျင်းနှင့်ပူးပေါင်းဆောင်ရွက်သွားရန် တောင်းဆိုခဲ့သည်။ EU တရုတ်ကုန်သွယ်မှုတွင် မျှတသောလုပ်ထုံးလုပ်နည်းများ ထူထောင်သွားရေးအတွက်လည်း မက်ခရွန်နှင့် ဗွန်ဒါလေးယင့်တို့က တိုက်တွန်းခဲ့သည်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့သည် တရုတ်နှင့် ဟောင်ကောင်အခြေစိုက် ကုမ္ပဏီ ၂၀ အပါအဝင် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်း ၃၀၀ ခန့်ကို မေ ၁ ရက်တွင် ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ အဆိုပါအဖွဲ့အစည်းများကို ယူကရိန်းစစ်ပွဲဆက်လက်ဆင်နွှဲနိုင်ရေးအတွက် ရုရှားနိုင်ငံသို့ အီလက်ထရွန်နစ်အစိတ်အပိုင်းများနှင့် ကုန်ပစ္စည်းများပေးပို့ခဲ့သည်ဟုစွပ်စွဲကာ ပိတ်ဆို့မှုချမှတ်ခဲ့ခြင်းဖြစ်သည်။ ပိတ်ဆို့မှုချမှတ်ခံရသော တရုတ်ကုမ္ပဏီကြီးများတွင် ချန်ဒူးအခြေစိုက် ဒရုန်းအစိတ်အပိုင်းထုတ်လုပ်သူများနှင့် ရုရှားဒုံးကျည်စနစ်များနှင့် မောင်းသူမဲ့ယာဉ် (UAVs)များတွင် တွေ့ရှိရသည့် အစိတ်အပိုင်းများထုတ်လုပ်သည့် ဟောင်ကောင်အခြေစိုက်ထုတ်လုပ်သူများပါရှိသည်။ ပေကျင်းသည် အမေရိကန်ကို တရုတ်ကုမ္ပဏီကြီးများ၏ အခွင့်အလမ်းကိုထိခိုက်အောင် လုပ်ဆောင်နေမှုအပေါ် ပြစ်တင်ဝေဖန်ခဲ့ပြီး တရုတ်နှင့်ရုရှားတို့ကြားပုံမှန်ကုန်သွယ်မှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

မက်ခရွန်က ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းရှေ့တန်းစစ်မျက်နှာကို ထိုးဖောက်ခဲ့သည့်အချိန်တွင် ကိယက်က အကူအညီတောင်းခံလာမည်ဆိုလျှင် ယူကရိန်းနိုင်ငံသို့ တပ်ဖွဲ့များစေလွှတ်သွားမည်ဖြစ်ကြောင်း ရှီကျင့်ဖျင်နှင့် မတွေ့ဆုံမီ မေ ၂ ရက်တွင် The Economist ကိုပြောကြားသွားခဲ့သည်။ အမေရိကန်လက်ထောက်ကာကွယ်ရေးဝန်ကြီးဟောင်းစတီဖင်ဗားယင့်က ပြင်သစ်နိုင်ငံအနေဖြင့် Slavyansk ရှိအမှတ်(၅၄)ယာဉ်တင်တပ်မဟာကိုအထောက်အကူပေးရန် ယူကရိန်းနိုင်ငံသို့ တပ်ဖွဲ့များစေလွှတ်ထားပြီးဖြစ်ကြောင်း၊ ကနဦးရောက်ရှိနေသော ပြင်သစ်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ခန့် ရှိကြောင်းနှင့် စုစုပေါင်း ဦးရေ



၁၅၀၀ ခန့် ရောက်ရှိမည်ဖြစ်ကြောင်း ၎င်း၏ လူမှုကွန်ရက် စာမျက်နှာ၌ ရေးသားထားရှိသည်။

ထိုအတောအတွင်း အမေရိကန်အမျိုးသားထောက်လှမ်းရေးညွှန်ကြားရေးမှူး အေဗရင်ဟိုင်းနက်စ်က တရုတ်နှင့်ရုရှားတို့သည် တရုတ်(ထိုင်ပေ)အပေါ်ခြိမ်းခြောက်နိုင်သည့် နီးကပ်သောစစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မေ ၂ ရက်တွင် အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များ ဆိုင်ရာကော်မတီသို့ အသိပေးပြောကြားသွားခဲ့သည်။ ဟိုင်းနက်စ်၏ပြောကြားချက်အရ တရုတ်နှင့်ရုရှားတို့ကြား ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် နည်းပညာ အပါအဝင် လူမှုအဖွဲ့အစည်း၏ ကဏ္ဍပေါင်းစုံတို့လွှမ်းခြုံပါဝင်ကြောင်း၊ နှစ်နိုင်ငံစလုံး အနေဖြင့် အနောက်အုပ်စုကို ဆန့်ကျင်သည့်စစ်မျက်နှာနှစ်ခုစတင်လာနိုင်ကြောင်း ဖော်ပြထားသည်။

မက်ခရွန်နှင့် ဗွန်ဒါလေးယင့်တို့သည် တရုတ်နိုင်ငံကို ရုရှားနိုင်ငံသို့ စစ်ရေးနှင့်စီးပွားရေးရည်မှန်းချက်တို့အတွက် အသုံးပြုနိုင်သည့်ပစ္စည်းများတင်ပို့နေမှုရပ်ဆိုင်းပေးရန် တောင်းဆိုခဲ့သလို သမ္မတရှီကျင့်ဖျင်ကလည်း ယူကရိန်းစစ်ပွဲအဆုံးသတ်ရေးအတွက် ကျိုးကြောင်းဆီလျော်သောနည်းလမ်းရှာဖွေသွားရန်နှင့်ဆုံးဖြတ်ချက်ချမှတ်ရာတွင် အနှောင်အဖွဲ့ကင်းလွတ်မှုရှိစေရန် တိုက်တွန်းပြောကြားခဲ့သည်။

သမ္မတရှီကျင့်ဖျင်သည် တရုတ်နိုင်ငံ၏စွမ်းအင်သုံးပစ္စည်းများကို ဖြတ်တောက်လျှော့ချမည့် ဥရောပသမဂ္ဂ၏အစီအမံကို ထောက်ခံမှုမလုပ်ဆောင်ရန် ပြင်သစ်နိုင်ငံကို စည်းရုံးသိမ်းသွင်းလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသည် ယူကရိန်းနိုင်ငံကို ရုရှားနိုင်ငံနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိရေးအတွက် တောင်းဆိုရာတွင် ပြင်သစ်နိုင်ငံကို ဥရောပဒေသရှိ ဩဇာကြီးမားသူအဖြစ် သဘောထားလျက်ရှိကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

EU အနေဖြင့် အစိုးရထောက်ပံ့ငွေများသည် တရုတ် EV ပြုလုပ်သူများကို ဥရောပဒေသရှိ ဈေးကွက်များရရှိရေးအတွက် အထောက်အပံ့ဖြစ်စေခဲ့သလားဆိုသောကိစ္စကို ၂၀၂၃ ခုနှစ် စက်တင်ဘာလမှစ၍ ၁၃ လကြာ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ခဲ့သည်။ မကြာသေးမီလများအတွင်း EU သည် တရုတ်ဆိုလာပြားများ၊ လေစွမ်းအင်ထုတ်တာဘိုင်များနှင့် အီလက်ထရွန်နစ်ရထားများအပေါ် ရန်ပုံငွေထောက်ပံ့မှုဆန့်ကျင်ရေးလုပ်ငန်းများပိုမိုလုပ်ဆောင်လာခဲ့သည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံ၏ EV ကဏ္ဍအပေါ် EU ၏ ဖိအားပေးမှုသည် ပေကျင်းကို မော်စကိုနှင့် ဆက်ဆံရေးကို စွန့်လွှတ်နိုင်စေမည် မဟုတ်ကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

ဥရောပဒေသရှိ တရုတ်နိုင်ငံ၏စီးပွားရေးဆိုင်ရာအကျိုးစီးပွားများသည် ပြင်သစ်မဟုတ်ဘဲ ဟန်ဂေရီပင်ဖြစ်သည်။ ဟန်ဂေရီနိုင်ငံသည် တရုတ်ကုမ္ပဏီ ၄၀၀ ခန့်ကို လက်ခံထားရှိသဖြင့် ဒေသခံအလုပ်သမားထောင်ပေါင်းများစွာကိုအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးထားသည်။ တရုတ်နိုင်ငံ Contemporary Amperex Technology Co. Ltd (CATL) ဘက်ထရီထုတ်လုပ်ရေးကုမ္ပဏီသည် ဟန်ဂေရီနိုင်ငံတွင် အကြီးစားစက်ရုံကြီးတည်ဆောက်ထားရှိပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ဟန်ဂေရီ၌ လစ်သီယံသတ္တုသိုက်ရှာဖွေတွေ့ရှိထားပြီး လစ်သီယံသည် EV ဘက်ထရီများအတွက် အဓိကကုန်ကြမ်းပစ္စည်းတစ်မျိုးပင်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် EV ပြုလုပ်သူများကို ကိုယ်ပိုင်ပစ္စည်းထုတ်လုပ်မှု(OEM)စီးပွားရေးလုပ်ဆောင်သွားရန်နှင့် အခွန်ကောက်ခံမှုရှောင်ရှားနိုင်ရေးအတွက် EU အမှတ်တံဆိပ်များနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းသွားဖွယ်ရာရှိသည်။ ထို့ကြောင့် EU အနေဖြင့် တရုတ်- ရုရှား ချစ်ကြည်ရင်းနှီးမှုကိုဖြိုခွင်းရန်သည် မလွယ်ကူသောကိစ္စပင်ဖြစ်သည်။

တရုတ်နိုင်ငံသည် ဟန်ဂေရီနိုင်ငံတွင် စက်မှုနှင့် အဆင့်မြင့်နည်းပညာကဏ္ဍတို့တွင်ကြီးမားစွာရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်လျက်ရှိသည့်အပြင် ဥရောပဒေသတွင် Fudanတက္ကသိုလ်၏ ပထမဆုံးသောတက္ကသိုလ်နယ်မြေခွဲကိုလည်း တည်ဆောက်သွားရန် စီစဉ်ထားရှိသည်။ ဟန်ဂေရီနိုင်ငံတွင် တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် EU ၏အဓိကကျသောနိုင်ငံရေးဆုံးဖြတ်ချက်များကို အပြောင်းအလဲမလုပ်ဆောင်နိုင်သော်လည်း တရုတ်-EU ဆက်ဆံရေး ပိုမိုဆိုးရွားလာမှုကို တားဆီးရာတွင် အထောက်အကူပြုနိုင်ပေသည်။

ရှီကျင့်ဖျင်သည် မေ ၇ ရက်က ဆားဘီးယားနိုင်ငံသို့ရောက်ရှိခဲ့ပြီး ၁၉၉၉ ခုနှစ်က အမေရိကန်တို့ ဗုံးကြဲတိုက်ခိုက်ခဲ့သည့် တရုတ်သံရုံးဟောင်းသို့ သွားရောက်လည်ပတ်ခဲ့သည်။ ထိုစဉ်က ဗုံးကြဲတိုက်ခိုက်ခံရပြီး ကျန်ရှိသောအဆောက်အအုံများကို တရုတ်ယဉ်ကျေးမှုစင်တာအဖြစ် ပြန်လည်တည်ဆောက်ခဲ့သည်။ တရုတ်နှင့် ဆားဘီးယားတို့သည် ၁၉၄၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ပြီး၂၀၀၉ ခုနှစ် ဩဂုတ်လတွင် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသို့ အဆင့်မြှင့်တင်ခဲ့သည်။ ဆားဘီးယားနိုင်ငံသည် ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် တရုတ်နိုင်ငံနှင့်လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (FTA)လက်မှတ်ရေးထိုးခဲ့သည်။ FTA အရ နှစ်နိုင်ငံကြား ဆားဘီးယားထုတ်ကုန် ၁၀၅၀၀ နှင့် တရုတ်ထုတ်ကုန် ၉၀၀၀ ခန့်ကို အခွန်ကင်းလွတ်ခွင့်ပြုထားသည်။ အထူးသဖြင့် တရုတ်နိုင်ငံတွင် ဆားဘီးယားထုတ်ကုန်များဈေးကွက်ရရှိစေရန်နှင့် နိုင်ငံခြားကုန်သွယ်မှု လိုငွေကွာဟချက်လျှော့ချသွားရန်ပင်ဖြစ်သည်။

သမ္မတရှီကျင့်ဖျင်သည် မေ ၉ ရက်မှ ၁၀ ရက်ထိဟန်ဂေရီသို့သွားရောက်ခဲ့သည်။ တရုတ်နှင့် ဟန်ဂေရီ တို့သည် ၁၉၄၉ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပြီးပြည့်စုံသောမဟာဗျူဟာမြောက်ဆက်ဆံရေးသို့ အဆင့်မြှင့်တင်ခဲ့သည်။ ဟန်ဂေရီနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် BRI ၌ ပါဝင်ခဲ့ပြီး ထိုနှစ်၌ပင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ ၅၇၁ သန်းလက်ခံရရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် တရုတ် CATLသည် ဟန်ဂေရီ၌ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံရင်းနှီးမြှုပ်နှံခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း တရုတ်-ဟန်ဂေရီကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ၁၀ဘီလီယံကျော်ရှိခဲ့သည်။

တရုတ်နှင့်ပြင်သစ်တို့သည် ၁၉၆၄ ခုနှစ်တွင် သံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့သည်။ နှစ်နိုင်ငံလုံးသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အပြင် နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသောနိုင်ငံများလည်း ဖြစ်ကြသည်။ ပြင်သစ်သည် ဥရောပဒေသတွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သလို တရုတ်နိုင်ငံအနေဖြင့်လည်း အာရှ၏အင်အားကြီးနိုင်ငံဖြစ်သည့်အတွက် ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများက အလေးထားစောင့်ကြည့်ဆက်ဆံနေကြရသည်။

**ကိုးကား**

(1) Xi tells Macron : China stays neutral in Ukraine war by Asia Times.

(2) China serbia free trade agreement - Search (bing.com)

(3) China–Hungary relations - Wikipedia

(4) China and france relations -

ဝင်းဇင်(သုတေသန)

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၃ ဧကစိုက်ပျိုးရန် လျာထားကြောင်း၊ အဆိုပါဟင်းသီးဟင်းရွက်များကို ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက် ၁၉၆၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ သခွား၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ မုန်လာ၊ ရုံးပတီသီး စတာတွေစိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးသွားမယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# တီးတိန်မြို့နယ် တက်လွီးကျေးရွာ၌ ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ရန် စစ်ဆေး

**တီးတိန် မေ ၁၇**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တက်လွီးကျေးရွာ၌ ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေပြင်ကွင်းဆင်း တိုင်းတာစစ်ဆေးခြင်းကို မေ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးလျန်းယွန်းမုန်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၀၃ ဒသမ ၂၅ သန်းဖြင့် တီးတိန်မြို့နယ် တက်လွီးကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်မည့် တက်လွီးကျေးရွာ ပင်မရေထွက်နေရာ၊ ရေလှောင်ကန် တည်ဆောက်မည့်နေရာတို့ကို မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးကြပြီး ကျေးရွာရေရရှိရေးကော်မတီဝင်များက ရေပေးရေးဆောင်ရွက်မည့်အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

တီးတိန်မြို့နယ် တက်လွီးကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းအရှည် သုံးမိုင် လေးဖာလုံနှင့် ဂါလန် ငါးထောင်ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းနေ

**ကျိုက်လတ် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းနေကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးကွက်မှကုန်စိမ်းရောင်းဝယ်ရေးပိုင်ရှင် ဒေါ်အိအိက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများကုန်စိမ်းဈေးကွက်တွင် ပြီးခဲ့သည့်ဧပြီလက တစ်ရက်လျှင် တိုင်ထောင်ပဲ ၁၈ ပိဿာထိသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပိဿာလျှင် ငွေကျပ် ၇၉၀၀ ပေါက်ဈေးရှိကြောင်း၊ မေလဒုတိယပတ်မှ ယနေ့ထိ တစ်ရက်လျှင် တိုင်ထောင်ပဲသီး ၁၇ ပိဿာမှ ၃၈ ပိဿာထိ ဝယ်ယူမှုကောင်းလာပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတယ်။ လက်ရှိ တစ်ရက်ကို တိုင်ထောင်ပဲသီး ၃၈ ပိဿာထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခြားဒေသတွေက တိုင်ထောင်



ပဲသီး အဝယ်လိုက်နေတာ။ အဝယ်လိုက်နေတဲ့အပြင် ဈေးပါထပ်မြင့်လာပါတယ် ။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးကွက်မှ ကုန်စိမ်းရောင်းဝယ်ရေးပိုင်ရှင် ဒေါ်အိအိက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီး အပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် ကွမ်းခြံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မေ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွမ်းခြံစုကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက ကွမ်းခြံစုကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကွမ်းခြံစုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကွမ်းခြံစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၅၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၁ ဒသမ ၄၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၆ ဒသမ ၁၇ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# မိုင်းယောင်းမြို့နယ် ဝမ်လျှံနီးဖိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားမှု စစ်ဆေး

**မိုင်းယောင်း မေ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်လျှံနီးဖိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်ဇင်ထွေး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ဝမ်လျှံနီးဖိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းယောင်းခရိုင် ၆ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်ဇင်ထွေးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဝမ်လျှံနီးဖိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား၊ အသင်းသူ ၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၇ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ရျှီသန်းညွန့်**

မှူးယစ်ဆေးဝါး ပိုဆောင်? 

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

# ငါးမြစ်ချင်း၏ သဘာဝနှင့်အသုံးဝင်ပုံ

**နှင်းအိ(ရာမညမြေ)**

ငါးမြစ်ချင်းဟာ မြန်မာနိုင်ငံရဲ့ မြစ်၊ ချောင်း၊ အင်းအိုင်တွေမှာ နေထိုင်ကျက်စားတဲ့ တိုင်းရင်းငါးမျိုး ဖြစ်ပါတယ်။ ငါးမြစ်ချင်းဟာ ကျေးလက်နေပြည်သူတွေအတွက် ငါးအာဟာရဖြည့်တင်းပေးနေတဲ့ အဓိက အရေးပါတဲ့ ငါးအမျိုးအစားဖြစ်တာကို တွေ့ရှိရပါတယ်။ လူမျိုးမရွေး ဈေးနှုန်းသက်သာစွာနဲ့ စားသုံးနေတဲ့ မြန်မာ့ရေချိုငါးမှာ ငါးမြစ်ချင်းဖြစ်ပါတယ်။

**ငါးမြစ်ချင်း၏ ဇီဝဗေဒအချက်အလက်များ**

ငါးမြစ်ချင်းဟာ ငါးကြင်း (Carp) အုပ်စုမှာ ပါဝင်ပါတယ်။ အင်္ဂလိပ်လို Rohu လို့ ခေါ်ဆိုကြပြီး သိပ္ပံအမည်ကတော့ Labeo Rohita ဖြစ်ပါတယ်။ ငါးမြစ်ချင်းကို မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ ပါကစ္စတန်၊ အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကဲ့သို့ သမပိုင်းနဲ့ အပူပိုင်းဒေသတွေမှာ နေထိုင်မျိုးပွားကြပါတယ်။ အပူပိုင်းဒေသရှိ မြစ်တွေမှာတွေ့ရလေ့ရှိပြီး ရေအပူချိန်မှာ ၁၆ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ကနေ ၃၇ ဒီဂရီစင်တီဂရိတ်ထိ ရှိတတ်ပါတယ်။ ငါးမြစ်ချင်းကိုယ်ထည်ဟာ ရှည်လျားပြီး အမြီးဘက်သို့ ရှူးသွားတဲ့ပုံသဏ္ဌာန်မျိုးရှိကြပါတယ်။ နှာတံမှာမချွန်ဘဲ ထိပ်လုံးဖြစ်ပြီး မေးရိုးမှာ အရှေ့သို့ အနည်းငယ်ထွက်နေပါတယ်။ နှုတ်ခမ်းမှာထူပြီး နှုတ်သီးမွေးတိုတိုနှစ်စုံပါရှိပါတယ်။ အမြီးခွဟာ ရှည်ထွက်နေပြီး အရောင်မှာ ကျောဘက်တွင်ပြာလဲ့လဲ့ ဒါမှမဟုတ် အညိုရောင်ရှိကာ ဘေးနဲ့အောက်ဘက်မှာ ငွေရောင်ရှိကြပါတယ်။

အချို့ငါးမြစ်ချင်းတွေရဲ့ အကြေးခွံမှာ အစက်တစ်ခုစီပါရှိပါတယ်။ ဆူးတောင်တွေမှာ အနီရောင် ဒါမှမဟုတ် အမည်းရောင်ရှိပါတယ်။ ငါးမြစ်ချင်းဟာ အရှည်အားဖြင့် ၂၀၀ စင်တီမီတာနဲ့ အလေးချိန် ၄၅ ကီလိုဂရမ်လောက်ထိ ကြီးထွားနိုင်ပါတယ်။ ခန္ဓာကိုယ်အပေါ်ပိုင်းမှာ အမည်းရောင်အကြေးခွံတွေရှိပြီး ဝမ်းဗိုက်သားကတော့ ရွှေညိုရောင်ရှိပါတယ်။ ငါးမြစ်ချင်းဟာ အစုံစားသတ္တဝါဖြစ်ပြီး ငါးငယ်၊ ပုစွန်၊ အခွံမာရေသတ္တဝါ၊ အပင်မျောလေး၊ အကောင်မျောလေးတွေနဲ့ ဟင်းသီးဟင်းရွက်တွေကို စားလေ့ရှိကြပါတယ်။

**မျိုးပွားခြင်း**

ငါးမြစ်ချင်းတွေဟာ အသက် နှစ်နှစ်ကနေ သုံးနှစ်အတွင်း မျိုးပွားနိုင်ကြပါတယ်။ မုတ်သုံရာသီဖြစ်တဲ့ ဇူလိုင်လကနေ ဩဂုတ်လအတွင်း သားပေါက်ကြပါတယ်။ ငါးမြစ်ချင်းအမတွေကတော့ တစ်နှစ်ကို နှစ်ကြိမ်ကနေ သုံးကြိမ်ထိ ဥဥနိုင်ကြပါတယ်။ အရွယ်အစား တစ်ကီလိုဂရမ်ရှိတဲ့ ငါးအမတစ်ကောင်ဟာ ဥတစ်သိန်းကနေ နှစ်သိန်းလောက်ထိ ဥဥနိုင်ကြပါတယ်။ ငါးမြစ်ချင်းဟာ အခြားငါးတွေလိုမျိုး အလွယ်တကူ ဥချလေ့မရှိဘဲ နေရာဒေသနဲ့ရာသီဥတုကို အသေအချာရွေးချယ်ပြီး စိတ်ကြိုက်တွေ့မှသာ ဥတွေကို ဥလေ့ရှိပါတယ်။

ငါးဥကလေးတွေကို ဥချနေစဉ်မှာ ငါးအထီးဟာ မျိုးရည်ကိုပက်ဖျန်းပေးပါတယ်။ တစ်ကြိမ်ဥရင် ဥပေါင်း သိန်းသောင်းရှိကြတယ်။ အောင်မြင်တဲ့ငါးဥကလေးတွေက ရေပေါ်မှာပေါ်ပြီးမနေဘဲ ရေပြင်အောက်လေးလက်မကနေ ခြောက်လက်မလောက်မှာမြုပ်နေပြီး ရေစီးအတိုင်း မျောပါနေတတ်တယ်။ ၁၆ နာရီကနေ ၂၁ နာရီအတွင်း ငါးလောင်းကလေးတွေဖြစ်လာတယ်။ ငါးလောင်းကလေးတွေက သေးငယ်လွန်းပြီး လက်ဖက်ရည်ကြမ်းပန်းကန်တစ်ခွက်မှာဆိုရင်



အကောင်ရေ တစ်သောင်းကနေ နှစ်သောင်းထိ ရှိတတ်ပါတယ်။

**ငါးမြစ်ချင်းမွေးမြူရေး**

ငါးမွေးမြူရေးလုပ်ငန်း အောင်မြင်စေဖို့အတွက် ငါးမြစ်ချင်းဆေးထိုးသားဖောက်လုပ်ငန်းကို ၁၉၆၇ ခုနှစ်မှာ လှော်ကားငါးလုပ်ငန်းစခန်း၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေချိုငါးမွေးမြူရေးလုပ်ငန်းမှာ ငါးမြစ်ချင်းကို ပြည်တွင်းမှာ အများဆုံးစားသုံးကြတဲ့အပြင် ပြည်ပပို့ကုန်အဖြစ်လဲ ထုတ်လုပ်ကြပါတယ်။ ငါးမြစ်ချင်းဟာ ရေချိုမြစ်ငါးဖြစ်တာကြောင့် ရေချိုငါးမွေးမြူရေးကန်မှာ အထူးအောင်မြင်စွာ မွေးမြူနိုင်ပါတယ်။ အနည်းငယ်ငန်တဲ့ ရေငန်စပ်မှာလဲ ကျင်လည်ကျက်စားနိုင်ပါတယ်။

ငါးမြစ်ချင်းမျိုးဟာ ရေလယ်လွှာမှာ ကျက်စားတတ်တဲ့ငါးမျိုးဖြစ်တာကြောင့် ရေအောက်လွှာမှာကျက်စားတတ်တဲ့ ငါးကြင်းနဲ့ ရေပေါ်လွှာမှာ ကျက်စားတတ်တဲ့ ငါးခေါင်းပွတို့ကိုပါရောစပ်ပြီး တစ်ကန်တည်း မွေးမြူနိုင်ပါတယ်။

**စားသုံးပုံ**

ငါးမြစ်ချင်းကို ပုံစံမျိုးစုံနဲ့ ချက်ပြုတ်စားလို့ရပါတယ်။ ကြော်စား၊ ပေါင်းစား၊ ကင်စား၊ အစပ်ဟင်း၊ သောက်ဆမ်း၊ ငါးမွှေ၊ ငါးဆုပ် စသဖြင့်ချက်ပြုတ်စားကြသလို မုန့်ဟင်းခါးချက်ရာမှာလဲ ငါးမြစ်ချင်းကိုအသုံးပြုကြပါတယ်။ ဒါ့ပြင် ငါးမြစ်ချင်း ငါးကျပ်တိုက်မှာလဲ နာမည်ကြီးပြီး ဈေးကောင်းလှပါတယ်။ ငါးမြစ်ချင်းကို ငါးမုန့်ခြောက်လဲ ပြုလုပ်ကြပါတယ်။

**ပြည်ပတင်ပို့မှု**

မြန်မာနိုင်ငံကထွက်ရှိတဲ့ ငါးမြစ်ချင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကပို့ကုန်အဖြစ် တင်ပို့လျက်ရှိသလို ထိုင်း၊ တရုတ်အပါအဝင် ဂျပန်နဲ့ ဥရောပနိုင်ငံတွေကိုလဲ တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

**ငါးမြစ်ချင်းတွင်ပါဝင်သော အာဟာရဓာတ်များ**

ငါးမြစ်ချင်းမှာ ပရိုတင်းပမာဏများစွာပါရှိပါတယ်။ လူတစ်ယောက်စာ ငါးမြစ်ချင်း တစ်တုံးမှာ ၉၇ ကယ်လိုရီ၊ အဆီ တစ်ဂရမ်၊ ပရိုတင်း ၁၇ ဂရမ် ပါဝင်တဲ့ငါးဖြစ်ပါတယ်။ အဲဒီလို အဆီနည်းပါးစွာပါဝင်ပြီး အသားဓာတ်ကြွယ်ဝတဲ့ ငါးမြစ်ချင်းငါးမှာ အင်ဒီအောက်စီးဒင့်၊ အိုမီဂါ-3၊ ဖက်တီးအက်စစ်နဲ့ ဗီတာမင် A,B,C တို့လဲပါဝင်ပါတယ်။

**ငါးမြစ်ချင်းရဲ့ ကျန်းမာရေးကောင်းကျိုးများ**

**၁။ ဗီတာမင်စီကြွယ်ဝခြင်း**

ငါးမြစ်ချင်းတွေဟာ မြစ်တွေမှာ နေထိုင်တတ်တဲ့ငါးမျိုးတွေဖြစ်ပါတယ်။ ငါးမြစ်ချင်းဟာ ကျန်းမာရေးကောင်းမွန်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ဗီတာမင်စီရဲ့ ကြွယ်ဝတဲ့အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ ငါးမြစ်ချင်းဟာ အအေးမိတာနဲ့ ချောင်းဆိုးတာလိုရောဂါတွေကို သက်သာပျောက်ကင်းစေပြီး ၎င်းတို့နဲ့ဆက်စပ်တဲ့ အခြားရောဂါတွေကိုလဲ ကာကွယ်ပေးနိုင်ပါတယ်။

**၂။ အသားဓာတ်(Protein)ကြွယ်ဝခြင်း**

ငါးတွေမှာသာ ရရှိနိုင်တဲ့ ပရိုတင်းတွေထဲမှာ အကောင်းဆုံးပရိုတင်းဓာတ်ကို ငါးမြစ်ချင်းကနေရရှိနိုင်ပါတယ်။ ပရိုတင်းဓာတ်ဟာ ကလေးဖြစ်စေ၊ လူကြီးဖြစ်စေ တစ်ရှူးတွေရဲ့ကြီးထွားနှုန်းနဲ့ ကျန်းမာရေးကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်တစ်ခုလဲ ဖြစ်ပါတယ်။

**၃။ ဦးနှောက်စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးခြင်း**

ငါးစားသုံးတာဟာ ဦးနှောက်အပါအဝင် ခန္ဓာကိုယ်တစ်ခုလုံးကို အကျိုးဖြစ်ထွန်းစေပါတယ်။ ငါးမြစ်ချင်းကို စားသုံးသူတွေဟာ ပိုမိုကောင်းမွန်တဲ့ အလွတ်ကျက်မှတ်နိုင်စွမ်းနဲ့ ခွဲခြမ်းစိတ်ဖြာမှုစွမ်းရည်ရှိကြောင်း သုတေသီတွေက လေ့လာတွေ့ရှိခဲ့ကြတယ်။

**၄။ ဓာတ်သတ္တုအရင်းအမြစ်ကြွယ်ဝခြင်း**

ငါးမြစ်ချင်းအပါအဝင် ငါးတွေမှာ သံ၊ သွပ်၊ အိုင်အိုဒင်း၊ ပိုတက်ဆီယမ်၊ ကယ်လ်ဆီယမ်နဲ့ ဆယ်လီနီယမ်စတဲ့ဓာတ်တွေပါဝင်နေပါတယ်။ ပါဝင်တဲ့အရေအတွက်ပမာဏတွေမှာ တစ်မျိုးနဲ့တစ်မျိုးကွဲပြားနိုင်ပေမဲ့လဲ ငါးဟာ ခန္ဓာကိုယ်က လိုအပ်တဲ့ဓာတ်သတ္တုတွေရဲ့ ကြွယ်ဝတဲ့အရင်းအမြစ်ဖြစ်ကြောင်း ငြင်းဆိုလို့မရပါဘူး။

**၅။ ကင်ဆာရောဂါကိုတိုက်ဖျက်ပေးခြင်း**

ကမ္ဘာပေါ်ရှိရောဂါဆိုးတွေမှာ ကင်ဆာရောဂါဟာလဲတစ်ခုအပါအဝင်ဖြစ်ပါတယ်။ ငါးမြစ်ချင်းမှာပါဝင်တဲ့ အင်ဒီအောက်ဆီးဒင့်တွေဟာ ကင်ဆာရောဂါတိုက်ဖျက်ရာမှာ များစွာအထောက်အကူပြုနိုင်တယ်လို့ သုတေသီတွေက ဆိုကြပါတယ်။

**၆။ ကိုယ်အလေးချိန်ကို ထိန်းသိမ်းပေးခြင်း**

ငါးမြစ်ချင်းဟာ ပရိုတင်းဓာတ်ကြွယ်ဝပေမဲ့ အဆီနည်းပါးစွာပါဝင်ပါတယ်။ အဆီတက်ခြင်းမရှိဘဲ ခန္ဓာကိုယ်အတွက်အကျိုးဖြစ်ထွန်းမှုများစွာကိုရရှိစေပါတယ်။

အချုပ်အားဖြင့်ဆိုရရင် မြန်မာနိုင်ငံရဲ့ မြစ်၊ ချောင်း၊ အင်းအိုင်တွေမှာ နေထိုင်ကျက်စားတဲ့ တိုင်းရင်းငါးမျိုးဖြစ်တဲ့ ငါးမြစ်ချင်းဟာ ကျေးလက်နေပြည်သူတွေအတွက် ငါးအာဟာရဖြည့်တင်းပေးနေတဲ့ အဓိကအရေးပါတဲ့ ငါးအမျိုးအစားဖြစ်တဲ့အပြင် ပြည်ပဈေးကွက်မှာလဲ နှစ်စဉ် နိုင်ငံခြားဝင်ငွေရရှိနေတဲ့ ရေချိုငါးမျိုးစိတ်ဖြစ်ပါတယ်။ ဒါ့ပြင် ငါးမြစ်ချင်းရဲ့ ကျန်းမာရေးအကျိုးကျေးဇူးတွေကလဲ များပြားလှတာမို့ ဈေးလဲသင့်ပြီး အရသာကောင်းမွန်တဲ့ ငါးမြစ်ချင်းကို တစ်ပတ်တစ်ကြိမ်လောက် စားပေးသင့်ပါကြောင်း လေ့လာရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၃)**
- **ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊အမှတ်(၄)**
- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**

# မင်းလှမြို့နယ် မင်းဂံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**မင်းလှ မေ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘွဲ့ကျေးရွာအုပ်စု မင်းဂံကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက မင်းဂံကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မင်းဂံကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၁၂ ဒသမ ၀၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက မင်းဂံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၆၅ သန်း စုစုပေါင်းအသင်းသား၊ အသင်း



သူ ၃၈ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP )ရန်ပုံငွေကျပ် ၁၂ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# တနင်္ဂနွေနေ့ညကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ကစားအားကောင်းနေတဲ့ နော်တင်ဟမ်အသင်း၊ ကာဒီဇက်အသင်း၊ ရိုးမားအသင်းတို့ကို ရွေးချယ်ရမှာပါ

ML




တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်ရာသီပိတ်ပွဲစဉ်တွေ ကစားမှာဖြစ်ပြီး စီးရီးအေနဲ့ လာလီဂါကပွဲစဉ်(၃၇) ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ တန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးစားရမဲ့အသင်းတွေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရမှတ်ရှာဖွေရမဲ့အသင်းတွေကိုပဲ ဦးစားပေးချဉ်းကပ်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကလဲ တန်းဆင်းဇုန်ကလွတ်ဖို့ကြိုးစားနေတဲ့အသင်းတွေကို အဓိကထားရွေးချယ်ခဲ့ပေမဲ့ လာလီဂါက ယူနီယံဘာလင်၊ စီးရီးအေက ဆက်ဆူအိုလိုတို့ ရှုံးပွဲကြုံသွားတာကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ တိုက်စစ်ကစားပုံကိုလဲ ဒီတစ်ပတ်ပွဲစဉ်တွေမှာ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့ညမှာ တိုက်စစ်ပိုင်းထက်မြက်နေပြီး ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းတွေကိုပဲ ရွေးချယ်ရမှာပါ။

### နော်တင်ဟမ်အသင်းကို အားပေးရမှာပါ

ပရီးမီးယားလိဂ်နောက်ဆုံးပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဘန်လေအသင်းနဲ့ နော်တင်ဟမ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘန်လေအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်ခဲ့ရတာကြောင့် ပွဲစဉ် ၃၇ ပွဲအပြီးမှာ တန်းဆင်းရဖို့သေချာသွားခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီအစမှာ တန်းမဆင်းရဖို့ ကစားသမားသစ်ခေါ်ယူမှုတွေပြုလုပ်ခဲ့ပေမဲ့ နည်းပြကွန်ပနီရဲ့နည်းစနစ်နဲ့ ကစားသမားတွေကြား နားလည်မှုလွဲခဲ့တာကြောင့် ခံစစ်ကစားပုံကျဆင်းသွားခဲ့ပြီး ရလဒ်ဆိုးရွားခဲ့တာဖြစ်ပါတယ်။ ဘန်လေဟာ မတ်လကစလို့ ပြိုင်ပွဲတိုင်းကိုအာရုံစိုက်ကစားခဲ့ပေမဲ့ ခံစစ်ပိုင်းပြင်ဆင်နိုင်ခြင်းမရှိတာကြောင့် သရေရလဒ်တွေများခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ နောက်ဆုံးမှာရမှတ်လိုအပ်နေတဲ့ နယူးကာဆယ်၊ စပါးတို့နဲ့တွေ့ခဲ့ပြီး နှစ်ပွဲဆက်ရှုံးခဲ့ပြီးနောက်ပိုင်း တန်းဆင်းရဖို့သေချာသွားခဲ့တာဖြစ်ပါတယ်။ လက်ရှိ ၃၇ ပွဲအပြီးမှာ ငါးပွဲနိုင်၊ ကိုးပွဲသရေ၊ ၂၃ ပွဲ ရှုံးခဲ့ပြီး အိမ်ကွင်းမှာ နှစ်ပွဲပဲနိုင်ပွဲရှိခဲ့သလို ပေးဂိုး ၄၁ ဂိုးထိ ခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ နသန်ရက်မွန်၊ ရမ်ဆေးတို့အပါအဝင် ကစားသမားငါးယောက်ထိ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ နော်တင်ဟမ်တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မလွယ်ပါဘူး။

နော်တင်ဟမ်အသင်းဟာ ပွဲစဉ် ၃၇ ပွဲအပြီးမှာ ရှစ်ပွဲနိုင်၊ ကိုးပွဲသရေ၊ ပွဲ ၂၀ ရှုံးနဲ့ ရမှတ် ၂၉ မှတ်ရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ချဲလ်ဆီးနဲ့ပွဲမှာ အပြန်အလှန်ဖိအားပေးမှုတွေလုပ်နိုင်ခဲ့တာကြောင့် ချေပဂိုးတွေသွင်းယူနိုင်ခဲ့ပေမဲ့ မိနစ် ၈၀ နောက်ပိုင်းမှာ ခံစစ်ပိုင်းကျဆင်းသွားလို့ ဦးဆောင်ဂိုးပေးခဲ့ရပြီး ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အဆင့်(၁၈)က လူတန်နဲ့ ရမှတ်သုံးမှတ်ပဲကွာခဲ့ပြီး တန်းဆင်းဇုန်ဖိအားရှိလာတာကိုတွေ့ရမှာပါ။ နော်တင်ဟမ်အနေနဲ့ လူတန်နဲ့ ရမှတ် ၁၂ မှတ်ကွာဟနေတာကြောင့် တန်းမဆင်းရဖို့သေချာသလောက်ရှိပေမဲ့ ဘန်လေကိုဂိုးပြတ်ရှုံးပြီး လူတန်က နောက်ဆုံးပွဲမှာ ဖူလ်ဟမ်ကို ဂိုးပြတ်နိုင်မယ်ဆိုရင်တော့ အခြေအနေတွေပြောင်းသွားမှာဖြစ်လို့ အခုပွဲစဉ်ဟာ နော်တင်ဟမ်အတွက် အနည်းဆုံးရမှတ်တစ်မှတ်ရှာဖွေရမှာဖြစ်ပါတယ်။ ဒါကြောင့် ခရစ်ဝုဒ်၊ အိုဒွိုင်း၊ ဂစ်ဗွိက်တို့ဦးဆောင်လာမဲ့ တိုက်စစ်နဲ့ ခံစစ်ပိုင်းကျဆင်းနေတဲ့ဘန်လေကို ပွဲချိန်ပြည့်ဖိအားပေးဖို့ ကြိုးစားမှာဖြစ်သလို ခရစ်ဝုဒ်ကတော့ သွင်းဂိုး ၁၂ ဂိုးနဲ့ အသင်းရဲ့ဂိုးသွင်းအများဆုံးဖြစ်နေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ နော်တင်ဟမ်က ဝီလျံကလွဲရင် ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်လို့ ဘန်လေနဲ့ယှဉ်ရင် စုဖွဲ့မှုပိုကောင်းနေတာကြောင့် နော်တင်ဟမ်အသင်းကို အားပေးရမှာပါ။

**ဘန်လေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၁ | - | ၁ | ဘရိုက်တန် |
| ရှက်ဖီး(ယူ) | ၁ | - | ၄ | ဘန်လေ |
| မန်ယူ | ၁ | - | ၁ | ဘန်လေ |
| ဘန်လေ | ၁ | - | ၄ | နယူးကာဆယ် |
| စပါး | ၂ | - | ၁ | ဘန်လေ |

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၂ | - | ၂ | ဝုဗ် |
| အဲဗာတန် | ၂ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၀ | - | ၂ | မန်စီးတီး |
| ရှက်ဖီး(ယူ) | ၁ | - | ၃ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၂ | - | ၃ | ချဲလ်ဆီး |

### ကာဒီဇက်အသင်း အနိုင်ရမှာပါ

လာလီဂါပွဲစဉ်(၃၇)မှာ အကြိုက်တွေ့မိတာကတော့ ကာဒီဇက်နဲ့ လက်ပါးမက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပွဲစဉ်(၃၆)အပြီးမှာ ရမှတ် ၃၂ မှတ်ရရှိထားတဲ့ ကာဒီဇက်ဟာ တန်းဆင်းဇုန်ကလွတ်ဖို့အခွင့်အရေးရှိနေတာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရဖို့ပြင်ဆင်လာမှာပါ။ သူတို့အသင်းဟာ အဆင့်(၁၇)က မာယော့ကာနဲ့ ရမှတ်လေးမှတ်ပဲကွာဟတာကြောင့် လာမဲ့ပွဲစဉ်တွေကို ရမှတ်ရှာဖွေနိုင်ရင် တန်းဆင်းဇုန်က လွတ်မြောက်မှာသေချာပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ပွဲမှာ ဆီဗီလာလိုခြေစွမ်းပိုင်းနဲ့ အိမ်ကွင်းအားသာချက်ရှိတဲ့အသင်းကို တိုက်စစ်မြှင့်ဖိအားပေးနိုင်ခဲ့ပြီး နာကျင်အချိန်ပိုသွင်းဂိုးနဲ့ အနိုင်ယူခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ ရီးရဲလ်မက်ဒရစ်၊ ဂျီရိုနာတို့လို တိုက်စစ်ထက်မြက်တဲ့အသင်းတွေကိုရှုံးခဲ့ပြီး မာယော့ကာကို သရေရလဒ်၊ ဂီတာဖေးနဲ့ ဆီဗီလာတို့ကို အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကာဒီဇက်ဟာ တန်းမဆင်းရဖို့အခွင့်အရေးရှိနေသလို အခုပွဲစဉ်မှာလဲ ခြေရည်တူအသင်းဖြစ်တဲ့ လက်ပါးမက်ကို အိမ်ကွင်းမှာကစားရမှာဖြစ်လို့ ပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ဖို့များပါတယ်။

လက်ပါးမက်အသင်းဟာ ရာသီအစမှာ အသင်းလိုက်ကစားအားကောင်းမွန်ခဲ့တာကြောင့် ရလဒ်ပိုင်းကောင်းခဲ့ပြီး အသင်းကြီးတွေကိုတောင်တုံ့ပြန်ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကစလို့ အသင်းလိုက်ကစားပုံကျဆင်းသွားတာကြောင့် အခုချိန်ထိ ၁၂ ပွဲဆက်တိုက် နိုင်ပွဲမရတော့ဘဲ ရလဒ်ပိုင်းဆိုးရွားခဲ့တာဖြစ်ပါတယ်။ နည်းပြပီမန်တာကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး ကစားကွက်ပိုင်းပြောင်းလဲအသုံးပြုခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ဂိုးရဖို့ရုန်းကန်ခဲ့ရပြီး နောက်ဆုံးရှစ်ပွဲဆက်မှာ တစ်ဂိုးပဲသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ ၃၅ ပွဲအပြီးမှာ ရမှတ် ၃၇ မှတ်ရခဲ့တာကြောင့် လာမဲ့သုံးပွဲမှာ တစ်ပွဲအနိုင်ရတာနဲ့ တန်းမဆင်းရဖို့သေချာနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ခြေရည်တူအသင်းတွေကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးနိုင်ပေမဲ့ တိုက်စစ်ပိုင်းအားနည်းချက်ကြောင့် ဂိုးမရခဲ့ဘဲ ရှုံးပွဲများနေသလို ပြီးခဲ့တဲ့ မာယော့ကာနဲ့ပွဲမှာလဲ တိုက်စစ်က တစ်ပွဲလုံးမှ ဂိုးပေါက်တည့်မတ်မှု တစ်ကြိမ်ပဲရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အသင်းလိုက်ကစားပုံကျဆင်းနေတဲ့ လက်ပါးမက်အသင်းဟာ တန်းမဆင်းရဖို့ အစွမ်းကုန်ကြိုးပမ်းနေတဲ့ ကာဒီဇက်ကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့မဖြစ်နိုင်လို့ ကာဒီဇက်အသင်းပဲ အနိုင်ရမှာပါ။

**ကာဒီဇက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၄ | - | ၁ | ကာဒီဇက် |
| ကာဒီဇက် | ၁ | - | ၁ | မာယော့ကာ |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၀ | ကာဒီဇက် |
| ကာဒီဇက် | ၁ | - | ၀ | ဂီတာဖေး |
| ဆီဗီလာ | ၀ | - | ၁ | ကာဒီဇက် |

**လက်ပါးမက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ပါးမက် | ၀ | - | ၂ | ဆီဗီလာ |
| ဆဲလ်တာဗီဂို | ၄ | - | ၁ | လက်ပါးမက် |
| လက်ပါးမက် | ၀ | - | ၂ | ဂျီရိုနာ |
| ဆိုစီဒက် | ၂ | - | ၀ | လက်ပါးမက် |
| မာယော့ကာ | ၁ | - | ၀ | လက်ပါးမက် |

### ရိုးမားအသင်းနဲ့ လက်တွဲရမှာပါ

စီးရီးအေပွဲစဉ်(၃၇)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရိုးမားအသင်းနဲ့ ဂျီရိုနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ နည်းပြဒီရော့ဆီလက်ထက်မှာ ခြေစွမ်းပိုင်းထက်မြက်လာတာကြောင့် ၃၆ ပွဲကစားအပြီးမှာ ရမှတ် ၆၀ နဲ့ အဆင့်(၆)ထိရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင်သူတို့အသင်းဟာ အဆင့်(၅)က အတ္တလန်တာနဲ့ ရမှတ်သုံးမှတ်ပဲကွာဟနေတာကြောင့် လာမဲ့ပွဲစဉ်တွေကို နိုင်ပွဲရခဲ့ရင် ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ နောက်ဆုံးငါးပွဲမှာတော့ ပွဲကျပ်တွေကစားခဲ့ရလို့ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ နာပိုလီ၊ လေဗာကူဆင်၊ ဂျူဗင်တပ်၊ အတ္တလန်တာတို့လိုအသင်းတွေနဲ့ ပွဲကျပ်တွေကစားခဲ့ရတာကို သတိပြုရမှာပါ။ ဒါကြောင့် နည်းပြဒီရော့ဆီဟာ ဂျီရိုနာလို ကစားသမားစုဖွဲ့မှုအားနည်းတဲ့ အသင်းနဲ့တွေ့ချိန်မှာ အနိုင်ရဖို့ပြင်ဆင်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ကြိုးစားလာမှာဖြစ်ပါတယ်။ နည်းပြဒီရော့ဆီဟာ တိုက်စစ်ပိုင်းမှာ ဒိုင်ဘာလာ၊ လူကာကူ၊ အက်ဇမွန်တို့ကို တွဲဖက်အသုံးပြုနေပေမဲ့ ဒိုင်ဘာလာဒဏ်ရာရနေတာကြောင့် လူကာကူ၊ အက်ဇမွန်အတွဲနဲ့ ၃-၅-၂ ကစားကွက်နဲ့ ပွဲထွက်လာဖို့များပါတယ်။

ဂျီနိုအာအသင်းဟာ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကစားနိုင်ခဲ့ပြီး ခြေစွမ်းပိုင်းထက်မြက်နေတာကို တွေ့ရမှာပါ။ ဂျီနိုအာဟာ ပွဲစဉ်(၃၆)ပွဲအပြီးမှာ ရမှတ် ၄၆ မှတ်နဲ့ အဆင့်(၁၁) မှာရောက်နေတာကြောင့် လာမဲ့နှစ် စီးရီးအေ ဆက်ကစားဖို့သေချာခဲ့သလို လာမဲ့ပွဲစဉ်တွေဟာ ရမှတ်လိုအပ်ချက်မရှိတော့လို့ အဓိက ကစားသမားတွေကို အနားပေးလာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အဝေးကွင်းပွဲစဉ်တွေမှာလဲ အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်တဲ့ ဂတ်မန်ဆန်ကို အနားပေးခဲ့ပေမဲ့ တိုက်စစ်ကစားအားက ကျဆင်းသွားတာမရှိပါဘူး။ နည်းပြဂယ်လာဒီနိုကတော့ ၃-၅-၂ ကစားကွက်မှာ ဂတ်မန်ဆန်နဲ့ ရီတီဂွီတို့ကို တွဲဖက်အသုံးပြုနေပြီး တန်ပြန်တိုက်စစ်ကနေ ပြိုင်ဘက်ကိုဖိအားပေးနိုင်ပွဲရယူနေတာကြောင့် အသင်းကြီးတွေအနေနဲ့ အခက်တွေ့နေတာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြဒီရော့ဆီကတော့ ဂျီနိုအာရဲ့ကစားပုံကို တားဆီးနိုင်တဲ့ ကွင်းလယ်ပိုင်းကိုပိုင်ဆိုင်ထားတာကြောင့် အခုပွဲစဉ်မှာ ဂျီနိုအာတိုက်စစ်ပိုင်း အလုပ်ဖြစ်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါ့ပြင် ဂျီနိုအာဟာ ကစားသမားအလှည့်ကျအသုံးပြုနေတာကြောင့် ဂတ်မန်ဆန်ကိုအသုံးမပြုခဲ့ရင်တော့ ရိုးမားရဲ့ခံစစ်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့ ခက်ခဲသွားမှာပါ။ သူတို့နှစ်သင်းတွေ့ဆုံမှုမှာ ရိုးမားက အသာစီးရနေပြီး ရိုးမားအိမ်ကွင်းမှာကစားခဲ့တဲ့ပွဲစဉ်တွေမှာလဲ ဂျီနိုအာအသင်း နိုင်ပွဲမရခဲ့တာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်ရှာဖွေရမဲ့ ရိုးမားအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၂ | - | ၂ | ရိုးမား |
| ရိုးမား | ၀ | - | ၂ | လေဗာကူဆင် |
| ရိုးမား | ၁ | - | ၁ | ဂျူဗင်တပ် |
| လေဗာကူဆင် | ၂ | - | ၂ | ရိုးမား |
| အတ္တလန်တာ | ၂ | - | ၁ | ရိုးမား |

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၁ | - | ၁ | ဂျီနိုအာ |
| ဂျီနိုအာ | ၀ | - | ၁ | လာဇီယို |
| ဂျီနိုအာ | ၃ | - | ၀ | ကက်ဂလီယာရီ |
| အေစီမီလန် | ၃ | - | ၃ | ဂျီနိုအာ |
| ဂျီနိုအာ | ၂ | - | ၁ | ဆက်ဆူအိုလို |

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၈၂၉၉ ဧက ရိတ်သိမ်းပြီးစီး



**ရွှေဘို မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၈၂၉၉ ဧကရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာသီးနှံစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၂၉၉ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၂၅ ဒသမ ၄၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာဧက ၈၂၉၉ ဧကထိ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးနေကြာကိုတော့ စိုက်ပျိုးမှုမရှိပါဘူး။ ဆောင်းနေကြာကိုပဲ အဓိကထားစိုက်ကြတာပါ။ နေကြာစိုက်ပျိုးမှု တိုးတက်လာပါတယ်။ အခုနှစ်မှာရာသီဥတုကောင်းမွန်တော့ တိုးချဲ့စိုက်ပျိုးနိုင်မဲ့အနေအထားမှာရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန်အတွက် နည်းပညာပေး လုပ်ငန်းများ၊ သဘာဝမြေဆွေးပြုလုပ်သုံးစွဲနည်း လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# စဉ့်ကူးမြို့နယ် ကျီတော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး မေ ၁၇**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျီတော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စာရင်းဇယားများဖြည့်သွင်းထားရှိမှုကို မေ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျီတော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း စသည့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်းဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျီတော်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၇ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၁၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၁ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို သုည ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၁ ဦးကို ငွေကျပ် ၄၂ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

## ခြင်ဆေးခွေသုံးလျှင် သတိယူ၍ အောက်တွင်ခံခွက် မမေ့နှင့်












မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့

မန္တလေး

## တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ် (၁/၂၀၂၄-၂၀၂၅)အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| (က) | ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား | = ၁. ၇၅" × ၁. ၇၅" |
| (ခ) | (၁၀၀)ရွက်ပါရွှေ(၁)ဆိုင်းပေးချေမည့်နှုန်းထား | = ၁၃၈,၀၀၀/- |
| (ဂ) | ဝယ်ယူမည့်ရွှေဆိုင်းအရေအတွက် | = အဆိုင်း(၁၅၀၀၀) |
| (ဃ) | တင်သွင်းရမည့် အာမခံကြေးငွေ | = ကျပ်သိန်း (၁၀၀) |
| (င) | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | = ၂၀-၅-၂၀၂၄ ရက် |
| (စ) | လျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် | = ၂၇-၅-၂၀၂၄ ရက် (၁၆း၀၀)နာရီ |
| (ဆ) | လျှောက်လွှာ(၁)စောင်ဈေးနှုန်း | = ကျပ် ၂၀,၀၀၀/- |

၂။ တင်ဒါပုံစံများ ရောင်းချခြင်းနှင့် ဝယ်ယူရမည့်နေရာမှာ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံး အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိလိုပါက ဖုန်း ၀၉-၇၉၇၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့.**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝက်ကုန်းရပ်နေ ဦးမျိုးသန့်(ခ)ဦးညွန့်ဝင်း-ဒေါ်မြင့်မြင့်စိန် တို့၏သားဖြစ်သူ **မောင်ရဲမင်းထက်(ခ)သားဆတ်(၉/အမရ(နိုင်)၁၁၈၇၀၄)** သည်မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးမျိုးသန့်(ခ)ဦးညွန့်ဝင်း(၉/အမရ(နိုင်)၀၁၄၀၂၃)**

**ဒေါ်မြင့်မြင့်စိန်(၉/အမရ(နိုင်)၀၁၄၀၂၄)**

## အမည်ပြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်ရပ်ကွက်နေ ဦးဇော်အုန်းမောင်-ဒေါ်နီလာဝင်း တို့၏ သမီးကြီး မယဉ်မင်းအောင်အား မထက်ရတနာ ဟုလည်းကောင်း၊ သမီးငယ် မသဲစုရတီ အား မသိမ့်သိမ့်ဝင်း ဟု လည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်ရတနာ**

**မသိမ့်သိမ့်ဝင်း**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ **ရွာထောင်**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(**၈၁၁**) ကွင်းအမည် **ရွာထောင်အနောက်**ကွင်း၊ ဦးပိုင်အမှတ်(**၇၄/က**) ဧရိယာ (**၀.၅၃၀**)ဧကရှိ အောက်ဖော်ပြပါအလား အလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်-၇၄/ခ |
| (ခ) | အနောက်လားသော် | - | မြေကွက်အမှတ်-၂၁၆ |
| (ဂ) | တောင်လားသော် | - | မြေကွက်အမှတ်-၂၁၅ |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်အမှတ်-၇၃ |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ဖြူဖြူမြင့်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၄ခုနှစ်၊ ဇွန်လ (၁၅)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**

**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## အမှတ်(၂-က)ပုံဖော်စက်ရုံ၊ အမရပူရမြို့ အိတ်ဖွင့်(ဈေးပြိုင်)လေလံကြော်ငြာခြင်း

၁။ အမှတ်(၂-က) ပုံဖော်စက်ရုံမှ ထွက်ရှိသော ရောင်းတန်းမဝင် ကျွန်းကြမ်းခင်းတုံး လပ်ပုံ (၁၃)ပုံ(၇. ၄၆၈၈)တန်ကို အိတ်ဖွင့်(ဈေးပြိုင်) လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | ရောင်းချမည့်နေ့ရက် | - ၂၇-၅-၂၀၂၄(တနင်္လာနေ့) |
| | ကျင်းပမည့်အချိန် | - နံနက် (၁၀း၀၀)နာရီ |
| | ကျင်းပမည့်နေရာ | - သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ အမှတ်(၂-က) ပုံဖော်စက်ရုံ ရှင်းလင်းဆောင်၊ အမရပူရမြို့နယ် |

၃။ လေလံပွဲ အသေးစိတ်အချက်အလက်များနှင့် လေလံလျှောက်လွှာများကို အောက်ပါလိပ်စာအတိုင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဈေးပြိုင်လေလံရောင်းချရေးကော်မတီ**

**အမှတ်(၂-က)ပုံဖော်စက်ရုံ၊ အမရပူရမြို့နယ်**

**ဖုန်း-၀၉-၄၅၆၄၃၄၂၆၆**

## အရောင်းဝန်ထမ်း

## အမျိုးသမီး (၅)ဦး အလိုရှိသည်

- အသက် (၂၃-၃၃) အတွင်း
- ဘွဲ့ရရှိပြီးသူ (သို့) တက္ကသိုလ်အဆင့်
- ရုပ်ရည်ပြေပြစ်သူ
- ရုံဖန်ရံခါ ခရီးသွားလာနိုင်ရမည်
- အခြေခံလစာ ၁၈၀,၀၀၀ + ရက်မှန်ကြေး
- ပိတ်ရက်(ဥပုသ်နေ့တိုင်း+ Gazette ပိတ်ရက်များ)
- 09-455734557 (Viber) သို့ CV Form ပေးပို့လျှောက်ထားနိုင်ပါသည်။
- ဆက်သွယ်မေးမြန်းလိုပါက 09773341230 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| 1. | **စာရင်းကိုင်(ဘွဲ့ရ)** | **ကျား/မ** | **(3) ဦး** |
| 2. | **အရောင်းစာရေးမ(ဘွဲ့ရ)** | | **(5) ဦး** |
| 3. | **မြို့တွင်း Driver** | | **(1) ဦး** |
| 4. | **အိမ်စီးကားမောင်း Driver** | | **(1) ဦး** |

- အမှတ်စဉ်(1) အတွက် စာရင်းနှင့်ပတ်သက်သော ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- အမှတ်စဉ်(2) အတွက် အရောင်းနှင့်ပတ်သက်သောအတွေ့အကြုံရှိသူဖြစ်ရမည်။
- အမှတ်စဉ် (3),(4) အတွက် အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ လိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။
- အမှတ်စဉ်အားလုံးအတွက် စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူ ဖြစ်ရမည်။
- စိတ်ပါဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ လိုင်စင်မိတ္တူ၊ ထောက်ခံစာမိတ္တူ၊ ဓါတ်ပုံ(2)ပုံ တို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

***မှတ်ချက်* အမှတ်စဉ်အားလုံးအတွက် အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။**

ဆက်သွယ်ရန်။ အမှတ်(14)၊ 85 လမ်း၊ 28×29လမ်းကြား၊ မန္တလေးမြို့။

09-5069199 , 02-4069291

**သင့်သွေးဖြင့် အသက်ကယ်ပါ**

❖ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရာတွင် အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီး သကဲ့သို့ စည်းကမ်းကောင်းမွန်ရန်လည်း လိုအပ်...

❖ စည်းကမ်း ကောင်းမွန်ခြင်းသည်လည်း အမိန့်နာခံမှုရှိခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောအသင်းနှင့် ပူးတွဲတတိယဆုရ အမျိုးသားဘော်လီဘောအသင်းတို့ကို ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကျင်းပ



**မန္တလေး မေ ၁၇**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးက ပထမတံခွန်စိုက်ဆုဖလားရရှိခဲ့သည့် အမျိုးသမီးဘော်လီဘောအသင်းနှင့် ပူးတွဲတတိယဆုရ အမျိုးသားဘော်လီဘောအသင်းတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အုပ်ချုပ်သူ နည်းပြများ၊ အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် အောင်ပွဲရအားကစားသမားများကို ကြိုဆိုကြစဉ်။**

## ထူးခြားသည့် နေ့အပူချိန်များ (၁၇-၅-၂၀၂၄)

| | | | |
|---|---|---|---|
| ချောက် | ၄၆ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၄၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၄၄ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | မကွေး | ၄၄ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၄ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၄၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၄ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၄၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၂၃ ရက်မှ ၃၁ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

